ဘုရားကျောင်း

-၁၁၇

ဆရာသံုးကျော်ပေါင်းပွဲ

အာထိမိုးအမှတ်

နိုင်ငံတော်ပုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဆဋ္ဌသံဂါယနာအတွက်

ဩဝါဒါစရိယ သံဃနာယကဆရာတော်ကြီးများပုံ

(၁၃၁၃-ခု၊ တပို့တွဲလအတွင်း ပထမအကြိမ် စည်းဝေးပွဲကြီး အပြီးတွင် ရိုက်ကူးထားပုံ၊ အချို့ဆရာတော်ကြီးများခရီးလွန်နေသဖြင့် ဤပုံ၌မပါ,ပါ။ မှတ်တမ်းအကျယ်ကို ဤစာစောင် စာမျက်နှာ ၇၁-၌ ကြည့်ပါ)



ဩဝါဒါစရိယ သံဃနာယက ဘဒ္ဒန္တ

ဆဋ္ဌသံဂါယနာသံဃာဝတော်ဘက်ဆိုင်ရာ



၁



၂



၃



၄



၁၀



၁၁



၁၂




၁၃



၁၄



၁၅



၁၆



၁၇

ဒုတိယအစည်းအဝေးဒွိဖွဲ့စည်းသည့်

ဝန်ဆောင်သံဃအဖွဲ့ဝင်ဆရာတော်များပုံ



၆



၇



၀



၉



၁၄




၁၅



၁၆



၁၇



၁၁



၁၂



၁၃



၁၄

ဝန်ဆောင်သံဃအဖွဲ့ သံဃာတော်များစာရင်း

(၁) သက်တော် ၈၀၊ သိက္ခာတော် ၆၀-ရှိ မန္တလေးမြို့၊ မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ၊ ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ဘုရားကြီး။ (၂) သက်တော် ၇၄၊ သိက္ခာတော် ၅၄-ရှိ၊ ရေနံချောင်းမြို့၊ ရွှေစေတီဆရာတော် ဦးသေကပုံတော်။ (၃) သက်တော် ၇၄၊ သိက္ခာတော် ၅၄-ရှိ၊ မန္တလေးမြို့၊ မစိုးရိမ် ကျောင်းတိုက်ကြီး၏ နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ မစိုးရိမ်ဆရာတော် ဦးသူရိယ ပုံတော်။ (၄) သက်တော် ၇၂၊ သိက္ခာတော် ၅၂-ရှိ၊ ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက် သာသနာလက်ာရဆရာတော် ဦးနန္ဒသာမိ ပုံတော်။ (ယခုပြန်လွန်တော်မူသဖြင့်၊ ထိုနေရာ၌ နှစ်ကျိပ်ရှစ်ဆူဆရာတော် ဦးဉာဏိက)။ (၅) သက်တော် ၇၁၊ သိက္ခာတော် ၅၁-ရှိ၊ပခုက္ကူမြို့၊မဟာဝိသုတာရာမတိုက်၊နာယကဆရာတော်၊အဂ္ဂမဟာပဏ္ဍိတ၊ပခုက္ကူဆရာတော်ဦးနန္ဒဝံသပုံတော်။ (၆)သက်တော် ၆၆၊သိက္ခာတော် ၄၇-ရှိ၊မန္တလေးမြို့၊ခင်မကန်တိုက်၊အဂ္ဂမဟာပဏ္ဍိတ၊ခင်မကန်စံကျောင်းဆရာတော် ဦးနန္ဒိမာ ပုံတော်။ (၇) သက်တော် ၆၇၊ သိက္ခာတော် ၄၇-ရှိ၊ ရန်ကုန်မြို့၊ ဘုရားကြီးတိုက်၊ နာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဦးကောဏ္ဍည ပုံတော်။ (၈) သက်တော် ၆၆၊ သိက္ခာတော် ၄၆-ရှိ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဟံသာဝတီဆရာတော် ဦးဇနိန္ဒာဘိဝံသ ပုံတော်။ (၉) သက်တော် ၆၅၊ သိက္ခာတော် ၄၅-ရှိ၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်း မင်းကျောင်းဆရာတော် ဦးပဏ္ဍိစ္စ ပုံတော်။ (၁၀) သက်တော် ၆၄၊ သိက္ခာတော် ၄၄-ရှိ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ဆရာတော် ဦးကြယ် (ခေါ်) ရွှေဘုန်းရှိန်ဆရာတော် ဦးဥက္ကံသ ပုံတော်။ (၁၁) သက်တော် ၆၃၊ သိက္ခာတော် ၄၃-ရှိ၊ ရန်ကုန်မြို့၊ အရှင်အာဒိစ္စဝံသကျောင်းတိုက်၊ နာယက ဆရာတော် အရှင်ဇုသဓိယ ပုံတော်။ (၁၂) သက်တော် ၆၄၊ သိက္ခာတော် ၄၄-ရှိ၊ မန္တလေးမြို့၊ဝိသုဒ္ဓါရုံတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏဝံသပုံတော်။ (၁၃) သက်တော် ၆၀၊ သိက္ခာတော် ၄၀-ရှိ၊ ရန်ကုန်မြို့၊ ကံဘဲ့၊ ကျောက်ကုန်းတောရ အဂ္ဂမဟာပဏ္ဍိတ မေဓိနီဆရာတော် ဦးအာဠာရပုံတော်။ (၁၄) သက်တော် ၅၇၊ သိက္ခာတော် ၃၇-ရှိ၊ ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းဆရာတော် ဦးဥေယျပုံတော်။ (၁၅) သက်တော် ၅၉၊ သိက္ခာတော် ၃၉-ရှိ၊ဟသ်ာတမြို့၊ သပြေပင်ကျောင်းတိုက်၊အဂ္ဂမဟာပဏ္ဍိတ၊ သပြေပင်ဆရာတော် ဦးသောဘနပုံတော်။ (၁၆) သက်တော် ၅၇၊သိက္ခာတော် ၃၇-ရှိ၊ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်၊ မင်္ဂလသုခဆရာတော် ဦးကေသရ ပုံတော်။ (၁၇) သက်တော် ၅၁၊ သိက္ခာတော် ၃၁-ရှိ၊ စစ်ကိုင်းတောင်ရိုး၊ အနီးစခန်း ဆရာတော် ဦးပဏ္ဍိတ ပုံတော်။ (၁၈) သက်တော် ၅၄၊ သိက္ခာတော် ၃၄-ရှိ၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ ဗဟိုကရာတောရ-ဝန်ဆောင်သံဃအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဦးနာဂဝံသအရှင်သူမြတ် ပုံတော်။ (၁၉) သက်တော် ၅၇၊ သိက္ခာတော် ၃၇-ရှိ၊ ပုသိမ်မြို့၊ မြောင်းမြကျောင်းတိုက် ဆရာတော်ဦးဓမ္မနန္ဒ ပုံတော်။ (၂၀) သက်တော် ၅၄၊ သိက္ခာတော် ၃၄-ရှိ၊ အမရပူရမြို့၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံဆရာတော် ဦးဇနက ပုံတော်။ (၂၁) သက်တော် ၄၉၊ သိက္ခာတော် ၂၉-ရှိ၊ မန္တလေးမြို့၊ ဝန်ဆောင်သံဃအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဝိဇ္ဇာလင်္ကာရဆရာတော်ဦးဝိသုဒ္ဓ ပုံတော်။ (၂၂) သက်တော် ၄၉၊ သိက္ခာတော် ၂၉-ရှိ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာစည်ဆရာတော် ဦးသောဘန ပုံတော်။ (၂၃) သက်တော် ၄၉၊ သိက္ခာတော် ၂၇-ရှိ၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်း ဆရာတော် ဦးနေမိန္ဒ ပုံတော်၊ (၂၄) သက်တော် ၄၆၊ သိက္ခာတော် ၂၆-ရှိ၊ စစ်တွေမြို့၊ ဆရာတော်ဦးနရသီဟအရှင်သူမြတ်ပုံတော်။ (၂၅) သက်တော် ၄၄၊ သိက္ခာတော် ၂၄-ရှိ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဗဟိုဇရာတိုက်၊ ဆရာတော်ဦးတိလောကအရှင်သူမြတ် ပုံတော်။



ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု
ညောင်ရမ်းဆရာတော်ဘုရားကြီးပုံ

အင်မတန်ဆိုးဝါးတဲ့ ကလိယုဂ် ဆုတ်ကပ်ထည်းမှာတပည့်တော်တို့ ဂေါတမ ဗုဒ္ဓရှင်တော် ဘုရား ပွင့်တော်မူလာခြင်းဟာ မိုးပုံအတွင်းမှ ကြာစွယ် ကြာပန်းများ ပေါက်ရောက်လာဘိ သကဲ့သို့ အင်မတန်မှ အံ့ဩဘို့ကောင်းပါတယ်၊ သတ္တဝါများအတွက်လဲ အထူးကုသိုလ် ကောင်းတယ်လို့ဆိုရမယ်။

ထိုနည်းအတူပင် အခါသမယ မငြိမ်မသက်သည့်ကြားထည်းမှ နိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားအပေါင်းတို့၏ သဒ္ဓါတရားထက်သန်စွာ လူအား-ငွေအား ပစ္စည်းအား များစိုက်ထုတ်ပြီး သည်ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပနိုင်အောင် ကြိုးစား ဆောင်ရွက် ကြခြင်းဟာလဲ မိုးပုံတွင်းမှ ကြာပန်း ကြာစွယ်များ ငွေးငွေးစွင့်စွင့် ပေါ်ထွက်လာဘိ သကဲ့သို့ အင်မတန်အံ့ဩစွယ်ကောင်းလှပါတယ်ဘုရား။

[၁၅-၂-၅၄ နေ့ သံဃနာယကအစည်းအဝေးကြီး၌ လျှောက်ထားချက်မှ]



ဗုဒ္ဓဘာသာဝင် နိုင်ငံတော်များ၏ ကိုယ်စား ဆဋ္ဌသံဂါယနာဒါယကာ အဖြစ်ကိုခံယူတော်မူမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး


"သာသနာတော်အစွန့်ရှည်စွာတည်စေရန် သံဂါယနာတင်ရပါမူကောင်းလေစွ" ဟူသော ပထမသင်္ဂီတိပါမောက္ခ အရှင်မဟာကဿပထေရ်၏ စိတ်အကြိုဆန္ဒတော်ထုံးကို နှလုံးပြုမိတော်မူကြသော မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် လောပြည်ဟုဆိုအပ်သော ထေရဝါဒငါးနိုင်ငံရှိ လဋ္ဌိပေသလနိကာယပါရဂူသံဃာတော်အရှင်သူမြတ်တို့သည် မြတ်စွာဘုရား၏သာသနာတော်အနှစ် ငါးထောင် တည်ပါစေခြင်းငှါ၊ ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍၊ ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ ၂-နှစ်ဘိုင်တိုင်၊ ရန်ကုန်မြို့၊ ရေကူးရပ်၊ သီရိမင်္ဂလာကမ္ဘာစေတီတော် အနီးတွင် ဆောက်လုပ် အံ့သော "ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာ" ခေါ် ကျောက်လိုဏ်ဂူတော်ကြီး၌ ခြောက်ကြိမ်မြောက် သံဂါယနာတင်တော်မူကြပေတော့မည်။



နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့နှင့် ဆဋ္ဌ သံဂါယနာစီစဉ်ရေးအဖွဲ့ခွဲများ၏ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာ-ဦးသွင်



နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ ဒုတိယဥက္ကဋ္ဌ တရား လွှတ်တော်ချုပ် တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် အဖွဲ့ခွဲများ၏ အကျိုးဆောင်စာချီ (၁) နိုင်ငံတော် ရှေ့နေချုပ်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်း



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် အဖွဲ့ခွဲများ၏ အကျိုးဆောင် စာချီ (၂) သာသနာရေးဌာန အထူးအရာရှိ ဦးဘဆွေ



ဆဋ္ဌ သံဂါယနာ တင်ရန် ဦးဆောင် ကြီစည်၍
အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့်နိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲအပ်ခဲ့သောနိုင်ငံတော်
ဝန်ကြီးချုပ် ဦးနု



နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ အမှုဆောင်
ဖြစ်သည့်ပြင် အမျိုးသားစီမံကိန်း, ယဉ်ကျေးမှု
နှင့် သာသနာရေးဌာနဝန်ကြီး ဦးဝင်း



နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ အမှုဆောင်
အဖွဲဝင်,ဆွမ်းစားကျောင်းဆောင်ကြီးကို ကြည့်
ကြပ် ဆောက်လုပ်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သော
မဟာသီရိသုဓမ္မ ဦးမြ



နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ အမှုဆောင်
အဖွဲဝင် လိုဏ်ဂူတော်ကြီးကို ကြည့်ကြပ် ဆောက်
လုပ်ခဲ့သဖြင့် ခေတ်သစ်မဟာသဓဟု ချီးကျူး
ခံရသော မိုးသတ် ညွှန်ကြားရေးဝန် ဦးလှကျော်

နိကာယ်ငါးဝ – ဝိဉ္ဉကသုံးပုံ

ဝိဇ္ဇာဒေသနာ-ဂဂ္ဂဝဝ-ဝဏ္ဏနာ

ဒေသနာခွဲနည်း, သာသနာခွဲနည်း, ကထာခွဲနည်း, သိက္ခာခွဲနည်း, ပဟာန်ခွဲနည်း, စသည်တို့နှင့်တကွ ပဋ္ဌမသံဂါယနာတင် မင်းတြားကြီးထံ ဆရာတော်တို့ တင်သွင်းသည့် ဓမ္မက္ခန်ဓာ ဂဂ္ဂဝဝ - ယူဆပုံ စာတမ်းများပါသည်။

၁။ ။ဒေသနာ သာသနာ ကထာ,
ဘေဒန္တေသု ယထာရဟံ၊
သိက္ခာ ပဟာန ဂမ္ဘီရ,
ဘာဝဠ္ဟ ပရိဒီပယေ။ ။

၂။ ။ပရိယတ္တိဘေဒံ သမ္မတ္တိ,
ဝိပ္ပတ္တိ်စာဝိ ယံ ယဟိ်၊
ပါပုဏာတိ ယထာဘိက္ခု,
တမ္မိသဗ္ဗံ ဝိဘာဝယေ။ ။

[ပါရာဇိကဏ် ပါဠိတော်အဖွင့် သမန္တ ပါသာဒိကအဋ္ဌကထာပဌမသံဂါယနာအခဏ်း တွင် လာသောဂါထာ]

တသ့ ထိုဝိဉ္ဉကာသုံးပုံကိုခွဲ၊ဒေသနာ,သာသနာ, ကထာဘေဒံ ဒေသနာ အထူး, သာသနာ အထူး, ကထာအထူးကိုဝင်း၊ ဝါ–ဒေသနာအပြား, သာသနာ အပြား, ကထာအပြားကိုဝင်း၊ ဝါ– ဝိနည်းဝိဉ္ဉကဟု ဆိုအပ်သော **အာဏာဒေသနာ**, သုတ္တန်ဝိဉ္ဉကဟုဆို အပ်သော အထူးထူးအပြားပြားအားဖြင့်၊ သတ္တဝါတို့၏ စိတ်နှလုံးကို ဆောင်တတ်သော **ဝေါဟာရဒေသနာ** အဘိဓမ္မာ ဝိဉ္ဉကဟုဆိုအပ်သော **ပရမတ္ထဒေသနာ**, အားဖြင့်သုံးပါး။

ဝါ–ဝိနည်း ဝိဉ္ဉကဟုဆိုအပ်သော **ယထာပရာဓသာသနာ**, သုတ္တန်ဝိဉ္ဉကဟုဆိုအပ်သော **ယထာနုလောမသာသနာ**, အဘိဓမ္မာဝိဉ္ဉကဟု ဆိုအပ်သော **ယထာဓမ္မသာသနာ**, အားဖြင့်သုံးပါး။

ဝါ–ဝိနည်းဝိဉ္ဉကဟု ဆိုအပ်သော ဟုဆိုအပ်သော ငယ်သောစောင့်ရှောက်ခြင်း, ကြီးသောစောင့်ရှောက်ခြင်းဟု ဆိုအပ်သော သံဝရသံဝရကထာ, သုတ္တန် ဝိဉ္ဉကဟု ဆိုအပ်သော ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ ဖြေခြင်းကို ဝါ–မိစ္ဆာဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့ကို ဖြေခြင်း **ဒိဋ္ဌိဝိနိဝေဌနကထာ**, အဘိဓမ္မာ ဝိဉ္ဉကဟု ဆိုအပ်သော နာမ်အပိုင်းအခြား, နာမ်ရုပ်အပိုင်းအခြားဟု ဆိုအပ်သော **နာမရူပပရိစ္ဆေဒကထာ** အပြားကိုဝင်း။

ယထာရဟံ၊ ထိုက်သည့် အားလျော်စွာ၊ သိက္ခာပဟာန ဂမ္ဘီရဘာဝဠ္ဟ သိက္ခာ, ပဟာန, ဂမ္ဘီရ အဖြစ်ကိုဝင်း၊ ဝါ–သိက္ခာပဟာန ဂမ္ဘီရဘာဝဠ္ဟ ဝိနည်းဝိဉ္ဉကဟုဆိုအပ်သော **အဓိသီလသိက္ခာ**, သုတ္တန်ဝိဉ္ဉကဟု ဆိုအပ်သော **အဓိစိတ္တသိက္ခာ**, အဘိဓမ္မာဝိဉ္ဉကဟုဆိုအပ်သော **အဓိပညာသိက္ခာ**။

ဝိနည်းဝိဉ္ဉကဟုဆိုအပ်သော **တဒင်္ဂပဟာန်**, သုတ္တန်ဝိဉ္ဉကဟုဆိုအပ်သော **ဝိက္ခမ္ဘနပဟာန်**, အဘိဓမ္မာဝိဉ္ဉကဟုဆိုအပ်သော **သမုစ္ဆေဒပဟာန်**။

ဝါ–ဝိနည်းဝိဉ္ဉကဟုဆိုအပ်သော **ကာမသုခလ္လိကာနုယောဂပဟာနဂဏ်**, သုတ္တန်ဝိဉ္ဉကဟု ဆိုအပ်သော **အတ္တကိလမထာနုယောဂပဟာနဂဏ်**, အဘိဓမ္မာဝိဉ္ဉကဟု ဆိုအပ်သော **မစ္ဆိမပဋိပတ္တိသေဝနဂဏ်**, ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓဟု ဆိုအပ်သော လေးပါးသော နက်နဲခြင်းအဖြစ်ကိုဝင်း၊ ပရိဒီပယေ့ ပြရာ၏။


ပရိယတ္တိဘေဒဠ္ဟ သင်ခြင်းအပြားကိုလည်း ဝိဘာဝယေ ပြရာ၏။ ယဟိ် ဝိနယာဒိကေ ဝိဉ္ဉကေ

အကြင်ဝိနည်း ပိဋကသုံးပုံဌ်၊ ယံသမ္မတ်ိ်စာပိ အကြင် ဝိနည်း ပိဋကဟု ဆိုအပ်သော တေဝိဇ္ဇာဂုဏ်, သုတ္တန်ပိဋကဟု ဆိုအပ်သော ဆဠာဘိညာဂုဏ်, အဘိဓမ္မာပိဋကဟု ဆိုအပ်သော စတုပရိသမ်္ဘိဒါဂုဏ်နှင့် ပြည့်စုံခြင်းသို့ဌင်း။

၀၂–ဝိနည်းပိဋကဟုဆိုအပ်သော **အာဒိကလျာဏာဂုဏ်**, သုတ္တန်ပိဋကဟုဆိုအပ်သော **မဇ္ဈေကလျာဏာဂုဏ်**, အဘိဓမ္မာပိဋကဟုဆိုအပ်သော **ပရိယောသာနကလျာဏာဂုဏ်** နှင့် ပြည့်စုံခြင်းသို့ဌင်း ယံဝိပတ်ိ်စာပိ အကြင်ပါရာဇိကစသည်သို့ရောက်၍ ပျက်စီးခြင်းသို့ဌင်း၊ ယထာ အကြင်အခြင်းအရာအားဖြင့်၊ ၀၂-ယထာယေဟိ ဥပါရမ္ဘာဒိဟေတု ပရိယာ ပုနာဒိပ္ပကာရေဟိ အကြင်စွပ်စဲ့ခြင်းစသည်ဖြင့် အကြောင်းရှိသော သင်ခြင်းအစရှိသော အပြားတို့ဖြင့်၊ ဘိက္ခု ရဟန်းသည်၊ ပါပုဏာတိရောက်၏၊ တဟိံ ဝိနယာဒိကေ ဝိဋကေထိ ဝိနည်းပိဋကအစရှိသော ပိဋကသုံးပုံဌ်၊ တမ်ိသဖွံ့ ထိုအလုံးစုံသော သင်ခြင်းစသော အပြားအခြင်းအရာကိုလည်း၊ ဝိဘာ၀ယေ ပြရာ၏ဟု လာသည့်အတိုင်း ငယ်မည် မောင်မောက်၊ ရှင်မည်-ရဟန်းမည် ရဠသာရ၊ ပြည်မြို့သို့ ရောက်၍သာသနာပိုင်ဖြစ်မှ မဟာသံဃရာဇာတ်ဆိပ်နာမံရှိသောသာသနာပိုင် ဆရာတော် စပ်ဆိုသည့် စတုဓမ္မသာရပ္ပကာသနီဂုံးဌ်—

“ငါးရာ့ ငါးဆယ်၊ ဇာတ်ပင်လယ်မှ၊ ခပ်သွယ်ရဟတ်၊ ရေနှယ်လွှတ်သား၊ နိပါတ်ဝိသတိ၊ ဟတ္ထိပါလ၊ ဇာတကကား၊ ရသတခု၊ နှစ်စုဓမ္မ၊ ဝိနယနှင့်၊ ဒုကပူးသွယ်၊ ရှေ့, လယ်, ပစ္ဆိမ. ဘုရာ့ စကား၊ သုံးပါးခွဲဝေ၊ သုံးထွေပိဋကတ်၊ ဟောမှတ်ဒေသနာ၊ ကထာသာသန၊ ထိုမျှလည်းကောင်း၊ အပေါင်းပဉ္စ၊ နိကာယနှင့်၊ နဝင်္ဂဂ်ါ၊ ခန္ဓာဘွဲ့ရှောင်း၊ ရှစ်သောင်း လေးထောင်၊ ဆုံးတိုင်အောင်လျှင်၊ မြားမြောင်စံထား၊ မေးဘွယ်များတွင်၊ တခြားတခြား၊ သူမေးငြားသော်၊ မပြားဖေါ်ထုတ်၊ ဝိမုတ္တိရသ်၊ မဿုတ်ဒုက၊ မဇ္ဈဟုတ်မှန်၊ သုတ္တန်ဝေါဟာရ၊ ထိုမျှဒီဋ္ဌ၊ ဝိနိဝေဌနာ၊ ယထာ၊ နုလောမ၊ ခုဒ္ဒကနိကာယ်၊ ဇာတ်နှယ်တမျှီး၊ ကြောင်းရိုးတခြာ ဇကာနုသန်၊ ကွေန်ဟု၊ ပြည့်နှက်ကြားပေ၊ သုံးပုံမှေလည်း၊ မေးလေသို့ချဉ်း၊ ဖြေနည်းတမူသင်ယူကြိုလေ့၊ ပညာမွေ့လော့၊ ဤရွှေ့မည် မှည့်၊ ကိုးခန်းပြည့်သည်။ ။ပြီးည့် နှောင်းအုပ် ဇာတ်ပေါင်းတည်း” ဟု စပ်ဆိုသည်။


သာသနာတော် မြတ်၏မူလဘူတဖြစ်သော ပရိယတ်ိ်ဓမ္မဟု ဆိုအပ်သော ပိဋကသုံးပုံသည်။ ဓမ္မကွန်ဒာအားဖြင့် ရှစ်သောင်းလေးထောင် အရေအတွက် ရှိကြောင်းကို ကျမ်းဂန် လာသည် ဆိုသည်။ ပိဋကသုံးပုံတွင်မည်သည့်ကျမ်းဌ် ဓမ္မကွန်ဒာမည်မျှ ရှိသည်ကို အသီးသီး ရေတွက်၍ ဆရာတော်က စာသွင်းစေ။ ၁၁၆၂-ခု ဝါဆို လပြည့်ကျော် ၄-ရက်နေ့ မြေနန်းတော်တွင် အမိန့်တော်မှတ်တော်မူချက်နှင့် အတွင်း၀န် တိုက မဟာဒဏ် ၀န်ကို စေ၍ လျှောက်လာသည်တွင် သွင်းသည့် မေတ္တာစာကား---



ရွှေကျင်ဖြို ပရိယတ်ိသာသနာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် စာပြန်ပွဲတွင် ဓမ္မစကြာပါဠိတော်ကို ဝင်ရောက် ဖြေဆိုနေသူများ

ငါတို့သမ္မည္ဘုရားသည် ဝေနေယျသတ္တဝါတို့အား သနားတွယ်တာတော်မူသဖြင့် ဒီပင်္ကရာမြတ်စွာဘုရား ခြေရင်းတော်၌ လက်တော်သို့ ရောက်လုဆဲဆဲသော သာဝက မောဓိဆုကို စွန့်ပယ်တော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး စရိယသုံးပါး, စွန့်ကြဲခြင်းငါးပါး, ပါရမီဆယ်ပါးဟူသော သမ္မည္ဘတဉာဏ်တို့၏ အဆောက်အဦ မောဓိသမ္ဘာရ ဓမ္မအပေါင်းကို ဖြည့်ကျင့်တော်မူ၍ မဟာမောဓိပလ္လင်၌ သမ္မည္ဘုရား အဖြစ်သို့ ရောက်တော်မူသည် တိုင်အောင်သော အဓိဂမနိဒါန်း,

ဓမ္မစက္ကြာတရား ဟောတော်မူသည် တိုင်အောင်သော ဒေသနာနိဒါန်းဟူ၍ နိဒါန်း နှစ်ပါးတို့ဖြင့်ဂုဏ်း၊



ပဲခူးမြို့ ရွှေဘုံတော်ကြီး စာမေးပွဲ ဆုနှင်းသဘင်နှင့် ရွှေဘုံတော်း ဦးဘတင် မိန့်ခွန်းပြောနေပုံ

ဒီပင်္ကရာမြတ်စွာဘုရားခြေရင်းတော်၌ မျာဒိတ်ခံတော်မူသည် မဟာမောဓိသမ္ဘာရအပေါင်းကိုဖြည့်ပြီး၍ တုသိတာနတ်ပြည်၌ ဘုရားဖြစ်အံ့သော အခါကိုငံ့လျက်နေတော်မူသည်တိုင်အောင်သော ဒူရေနိဒါန်း။

တုသိတာ နတ်ပြည်၌ နေတော်မူသည်မှ မဟာမောဓိမင္တိုင်၌ သမ္မည္ဘုရားအဖြစ်သို့ ရောက်တော်မူသည်တိုင်အောင်သော အဝိဒူရေနိဒါန်း။

သမ္မည္ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ဝေနေယျသတ္တဝါတို့အား တရားအမြုတ် တိုက်ကျွေးအံ့သောငှာ ထိုထိုအရပ်၌ နေတော်မူသည် တိုင်အောင်သော သန္တိကေနိဒါန်းဟူ၍ နိဒါန်းသုံးပါးတို့ဖြင့်ဂုဏ်း၊ တန်ဆာဆင်အပ်သော ပဋိဂတ်သုံးပုံ, နိကာယ်ငါးပါး, အင်္ဂါကိုးခု, သီးသန့်ပိုင်းခြားအပ်သော တရားအပေါင်းကို ဤရား ဖြစ်တော်မူသည်မှ နိဗ္ဗာန် လားတော်မူသည် တိုင်အောင် ရံခါ ကိုယ်တော်အလျောက်ဆင်ခြင်တော်မူသည်။ ရံခါဝေနေယျသတ္တဝါတို့အား ဟောကြားတော်မူသည်။

ဆင်ခြင်, ဟောကြားတော်မူသမျှ တရားအပေါင်းကို ၂တစု တစုပြုထိုက်သရွေ့ စုပုံသော ဓမ္မက္ခန္ဓာအားဖြင့် ရေတွက်သော် ရှစ်သောင်း လေးထောင် အရေအတွက် ရှိကြောင်းကို သံဂါယနာဝင် ကျမ်းကြီးတို့၌တိုက်ရိုက်ဆိုသောကြောင့်သိရသည်။

အနုသန္ဓေ တခုလျှင် ဓမ္မက္ခန္ဓာ တပါး၊ အနုသန္ဓေ နှစ်ခုလျှင် ဓမ္မက္ခန္ဓာ နှစ်ပါး စသဖြင့် အနုသန္ဓေကို ထောက်၍ဂုဏ်း၊

ပြဿနာ တခုလျှင် ဓမ္မက္ခန္ဓာ တပါး, ဝိသဇ္ဇနာ တခုလျှင် ဓမ္မက္ခန္ဓာတပါး စသည် ဖြင့် ပုစ္ဆာဝိသဇ္ဇနာကိုထော်၍ဂုဏ်း၊

တခုတခုသော တိက်ကိုဝေဘန်ခြင်းသည် ဓမ္မက္ခန္ဓာတပါး,တခုတခုသော ဒုက်ကိုဝေဘန်ခြင်းသည် ဓမ္မက္ခန္ဓာတပါးစသည်ဖြင့်တိက်,ဒုက်ကိုထောက်၍ဂုဏ်း။

တခုသော စိတ္တဝါရကိုဝေဘန်ခြင်းသည် ဓမ္မက္ခန္ဓာတပါးစသဖြင့် စိတ္တဝါရကိုထောက်၍ဂုဏ်း၊

တခုသောဝတ္ထု, တခုသော မာတိကာ, တခုသော ပဒဘာဇနီ, တခုသော အာပတ္တိဝါရ, တခုသော အနာပတ္တိဝါရ, တခုသော အနုလောမတ္တိဝါရ,တခုသော တိကဏ္ဍဒဝါရ,တခုသောသတကဏ္ဍဝါရ,တခုသော အတေကဏ္ဍဝါရသည် ဓမ္မက္ခန္ဓာတပါး စသဖြင့် ဝတ္ထု, မာတိကာစသည်ကို ထောက်၍ဂုဏ်း တစုတစု ပြုထိုက်သရွေ့ အသီးအသီး အပေါင်းအစုပြုသဖြင့် ဓမ္မက္ခန္ဓာကို ရေတွက် ပိုင်းခြားရမည်ဟူ၍ ဓမ္မက္ခန္ဓာပိုင်းခြားရေတွက်

နည်းကို သံဂါယနာဝင် ကျမ်းကြီးတို့၌ အထင်အရှား ဆိုသည်။

မည်သည့် ကျမ်းတွင် ဓမ္မကွန္ဓာ မည်မျှ ဟူ၍ကား အဖေ့အစုံမဆို။ အချို့ ကျမ်းများမှာ အဖွင့်အဋ္ဌကထာ ဓမ္မကွန္ဓာအရေအတွက်နှင့် ဆိုသောကြောင့်သိသာသည်။

အချို့ကျမ်းများမှာ အဖွင့် အဋ္ဌကထာ ဓမ္မကွန္ဓာ အရေအတွက်နှင့်မဆိုသောကြောင့်မသိသာ။

အနက် အဓိပ္ပါယ် အဆုံးအဖြတ်၌ အလွန်လိမ္မာ၍ ပါဠိဝါရအနုသန္ဓေ အနေ အထားကို ဆင်ခြင်နိုင်သည့် ပုဂ္ဂိုလ်တို့ ယခင် ဓမ္မကွန္ဓာ ရေတွက်နည်းနှင့် အညီ ပါဠိတော် အစဉ်အတိုင်းရေတွက်သော် လေးနှစ်ကျော် ငါးနှစ်ခန့်ရေတွက်မှ ပြေကုန်နိုင်မည့်အကြောင်းရှိသည်။

ပါတိမောက် နှစ်စောင်, ဝိဘင်းနှစ်ပါး, ခန္ဓက ၂၂-ပါး, ပရိဝါ ၁၆-ပါးဟူသော ဝိနည်းပိဋကတ်၊ ဒီဃနိကာယ် ၃၄-သုတ်,မဇ္ဈိမနိကာယ် ၁၅၂-သုတ်, သံယုတ္တနိကာယ်၊ ၇၇၆၂-သုတ်, အင်္ဂုတ္တရနိကာယ် ၉၅၅၇-သုတ်, ခုဒ္ဒကနိကာယ်၌ ခုဒ္ဒကပါဋ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရ, ထေရီ, ဇာတ်, မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, အပါဒါန်, ဗုဒ္ဓဝင်, စရိယာ ဝိဋကဟူ၍ ကျမ်းပေါင်း ၁၅-စောင် ဟူသောသုတ္တန်ပိဋကတ်။

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ဟူသော အဘိဓမ္မာ ပိဋကတ်။

ဤပိဋကတ်သုံးပုံ, နိကာယ်ငါးပါး, အင်္ဂါကိုးစုသည် မကွယ် မပျောက်, မယို မယွင်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ကုသိုလ်တော် ဓမ္မကွန္ဓာ ရေးသားပြုစု၍ အထင်အရှား ရှိသည်။ ယခင် ရေတွက်ခဲ့သော ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်၌ ဓမ္မကွန္ဓာ ၂၁၀၀၀။ သုတ္တန်ပိဋကတ်၌လည်း ဓမ္မကွန္ဓာ ၂၁၀၀၀။ အဘိဓမ္မာပိဋကတ်၌ ဓမ္မကွန္ဓာ ၄၂၀၀၀ ဟူ၍ဗုဒ္ဓဃောသာသုပ္ပတ္တိကျမ်း ဂ-ကြောင်းရေးစာ၊ ကား– အင်္ဂါတွင် ဆိုသည်။

အနညကမ်ဒီနာနုန,
ရဝေနာနုနကာရိနာ၊
နုနဝါဟာဝရာဝုတ္တာ,
ခန္ဓာတိပိဋကေဝရေ။

အနည်းကို ဒီနာနုန, ရဝေနာနုနကာရိနာ၊ နုနဝါဟာဝရာဝုတ္တာ, ခန္ဓာတိပိဋကေဝရေ။ ဟူ၍ ဝဇိရသာရတ္ထသင်္ဂဟ ကျမ်းတွင် သဒ္ဒါနက်, သင်္ခါနက် နှစ်ချက်ရအောင် ပဲ့ စိ သော ဒွတ္တာကမန္ဓ အရာ၌ ကိုးကြောင်းရေးစာ၊ ကု-အင်္ဂါတွင်ဆိုသည်။

ကေဝိသတိသဟဿာနိ,
ခန္ဓာဝိနယပိဋကေ၊
ကေဝိသတိသဟဿာနိ,
တထာသုတ္တန္တပိဋကေ၊
ဒွါစတ္တာလီသ သဟဿာနိ,
ခန္ဓာဘိဓမ္မပိဋကေ၊
ဣတိတံစတုရာသီတိ,
သဟဿံခန္ဓတောနမေ။

ဝိနယပိဋကေ ဝိနည်းပိဋကတ်၌၊ ခန္ဓာ ဓမ္မကွန္ဓာတို့ကား၊ ကေဝိသတိသဟဿာနိ ၂၁၀၀၀ တို့သည်၊ တထာ ထို့အတူ၊ သုတ္တန္တပိဋကေ သုတ္တန္တပိဋကတ်၌၊ ခန္ဓာ ဓမ္မကွန္ဓာတို့ကား၊ ကေဝိသတိသဟဿာနိ ၂၁၀၀၀ တို့သည်၊ အဘိဓမ္မေ အဘိဓမ္မာပိဋကတ်၌၊ ခန္ဓာ ဓမ္မကွန္ဓာတို့ကား၊ ဒွါစတ္တာလီသ သဟဿာနိ ၄၂၀၀၀ ဟိုသည်၊ ဣတိ ဤသို့၊ ခန္ဓတော ဓမ္မကွန္ဓာ အားဖြင့်၊ စတုရာသီတိသဟဿံ ၈၄၀၀၀ အရေအတွက်ရှိသော၊ တံ ထိုပရိယတ္တိတရားတော်ကို၊ အဟံ ငါသည်၊ နမေ နမာမိ ရှိခိုးပါ၏။ ဟူ၍ ဝဇိရသာရတ္ထသင်္ဂဟဋီကာကိုးကြောင်းရေးစာ၊ ခ အင်္ဂါတွင်ဆိုသည်။ သည်ကျမ်းများကို ရည်၍ ရှေးပညာရှိ တို့လည်း- "ဝိနယေနုနအာကာရာ" စသဖြင့် ဓမ္မကွန္ဓာ ရှိခိုး ပဏာမဂါထာကို စီရင်လေကုန်သည်။

ဤပိဋကတ်သုံးပုံ၌ အသီး-အသီး ဓမ္မကွန္ဓာ အရေအတွက်ကျမ်းဂန်အများရှိသည်။ ဓမ္မကွန္ဓာ ရှစ်သောင်းလေး ထောင် ဆိုသည် မှာလည်း သမ္မည္ဇု ဘုရားမျက်မှောက်တော်ထင်ရှားသောပါဠိတော် ကျမ်းဂန်ကို သာရည်၍ဆိုသည်။ နိဗ္ဗာန် လားတော်မူသည့်နောက်မှ


သာဝကတို့အသီး-အသီး ဟောကြသော ကထာဝတ္ထု၊ ကျမ်း၊ သုဘသုတ်, မာဂုရိယသုတ်, ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊တွင်အချို့သောဂါထာ စသည်များကိုရည်၍မဆို။ ထိုအကြောင်းကိုလည်း မဟာပရိနိဗ္ဗာနသုတ်တွင် "ယခုအခါကား- ငါတပါးထည်းသာ သင်တို့ကိုဆုံးမသည်။ ငါလွန်တော်မူသောအခါကား ဓမ္မကွန်ရာ ရှစ်သောင်းလေးထောင်ဟူသော ဘုရားရှစ်သောင်း လေးထောင်ဆုံးမရစ်လတံ့" ဟူ၍ ဟောတော်မူကြောင်းကိုဆိုသောကြောင့်သိရသည်။

ဓမ္မကွန်ရာ ဂဂ၀၀၀ ကား တရားမင်းမြတ်လက်ထက်တော်တွင်ထင်ရှားရှိ၏။ပဋ္ဌကတ်သုံးပုံ,နိကာယငါးပါး, အင်္ဂါကိုးစု, အလုံးစုံကိုအကုန်အစင်ဓမ္မကွန်ရာ ရေတွက်နည်းဖြင့် ရေတွက်နိုင်လောက်အောင် ဆောင်စွမ်း, သိစွမ်းသော ရဟန်းတို့မရှိပါသောကြောင့်မူကား မ်ည်သည့်ကျမ်းတွင်ဓမ္မကွန်ရာ မည်မျှဟူ၍ တတ်အပ်သိတော်မမူရရှိသည်။ မည်သည့်ကျမ်းတွင် ဓမ္မကွန်ရာ မည်မျှဟူ၍ တတ်အပ်သိတော်မမူရရှိသော်လည်း ဓမ္မကွန်ရာ ဂဂ၀၀၀-ကို ရေတွက်ရာဌာန ဖြစ်သော ကျမ်းဂန်အစုံအလင်ထင်ရှားရှိသောကြောင့်ဓမ္မကွန်ရာရှစ်သောင်းလေးထောင်ကို ပူဇော်ကိုးကွယ် ရေးသား ပြုစုတော်မူသဖြင့် ဘုရားရှစ်သောင်းလေးထောင်ကိုပူဇော်ကိုးကွယ်တော် မူရသည်မည်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည်....။

ဒွါသီတိ ဗုဒ္ဓတော ဂဏှိ,
ဒွေ သဟဿာနိ ဘိက္ခုတော၊
စတုရာသီတိ သဟဿာနိ,
ယေ မေ မ္မော ပဝတ္တိနော။

[ပါရဂူဖက်ကော် ပါဠိတော်အဖွင့် သမန္တပါသာဒိက အဋ္ဌကထာ ဗာဟိရနိဒါန်း၊ သုတ်သိလက္ခန် ပါဠိတော် အဖွင့် သုမင်္ဂလ ဝိလာသိနီ အဋ္ဌကထာ ဗာဟိရနိဒါန်း၊မွေးဇင်းဆီပါဠိတော် အဖွင့်အဋ္ဌသာလိနီအဋ္ဌကထာ ဗာဟိရနိဒါန်းတို့၌လာသည့် ဂေါပကပုဏ္ဏားက ဓမ္မာသောကရာဇာ၏ကဖြစ်သော အရှင်အာနန္ဒာကို လျှောက်ထားရာ အရှင်အာနန္ဒာကရွတ်၍ ပြောသည့် ဂါထာ]

ဂေါပက ဂေါပက ပုဏ္ဏား၊ အဟံ ငါသည် ဒွါသီတိသဟဿာနိ ဓမ္မက္ခန္ဓာ ဂဂ၀၀၀ တို့သည်၊ စတုရာသီတိသဟဿာနိ ဂဂ၀၀၀ တို့သည်၊ ဟောခဲ့ ဖြစ်ကုန်၏။ တေ ဓမ္မာ ထို ရှစ် သောင်း လေး ထောင် ကုန်သော ဓမ္မကွန်ရာ တို့ကို၊ မေ ငါ၏၊ ဇဝဂ္ဂေ လျှာ ဖျား၌၊ ပဝတ္တိနော ဖြစ်စေအပ်ကုန်၏။



၁၀-၁-၅၄ နေ့ကကျင်းပသည့် ရန်ကုန်မြို့ဘောက်ထော်အမှုထမ်းများသမဂ္ဂ၏ ဆွမ်းကြီးလောင်းပွဲတော်တွင် အန္တရာယ်ကင်း ဘုရားလှည့်နေပုံ

နိကာယ်ငါးရပ်ရှိခိုး

ဒီဃမဇ္ဈိမ သံယုတ္တာ,
အင်္ဂုတ္တရောစ ခုဒ္ဒကော၊
ပဉ္စနိကာယ သုတ္တန်စံ,
ဝန္ဒေ ဒယာဓိပုဗ္ဗင်္ကံ။

ဒီဃမဇ္ဈိမ သံယုတ္တာ ဒီဃနိကာယ်, မဇ္ဈိမနိကာယ် သံယုတ္တနိကာယ်တို့လည်းကောင်း၊ အင်္ဂုတ္တရောစ အင်္ဂုတ္တရနိကာယ်လည်းကောင်း၊ ခုဒ္ဒကောစ–ခုဒ္ဒကနိကာယ်လည်းကောင်း၊ ဇာတိ ဤသို့၊ ပဉ္စနိကာယ် နိကာယ် အားဖြင့် ငါးပါးရှိသော၊ ဒယာဓိပုဗ္ဗင်္ကံကရုဏာ, ပညာ ပဋ္ဌာန ဒေသနာ ဖြစ်သော၊ သုတ္တန်စံ သုတ္တန် ပိဋကတ်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

ပိဋကသုံးပုံရှိခိုး

စတုရာသီတိ သဟဿေဟိ,
ဓမ္မက္ခန္ဓေဟိ သင်္ဂဟံ၊
ပိဋကတ္တယံ ယထာဝုတ္တံ,
ဝိဓိနာ ပူဇယာ မဟံ။

စတုရာသီတိ သဟဿေဟိ–၈၄၀၀၀ အရေ အတွက်ရှိကုန်သော၊ ဓမ္မက္ခန္ဓေဟိ ဓမ္မက္ခန္ဓာတို့ဖြင့်၊သင်္ဂဟံ ရေတွက် အပ်သော၊ ပိဋကတ္တယံ ပိဋကတ် သုံးပုံကို၊ ယထာဝုတ္တဝိဓိနာ အကြင် အကြင် ဆိုအပ်ပြီးသော စကြာဝဠာတိုက်နှိုက်ရှိသော ပန်းဟူသမျှ,သစ်သီးသြဇာ ဟူသမျှ, ရတနာမျိုးဟူသမျှဖြင့်၊ အဟံ အကျွန်ုပ်သည်၊ ပူဇယာမိ ပူဇော်ပါ၏။

ဒီဃနိကာယ်ရှိခိုး

စတုတ္တိံသ သုတ္တံဒီဃံ,
ဝန္ဒေ တိဝဂ္ဂသင်္ဂဟံ၊
စတုသင်္ဂီ ဘာဏဝါရံ,
အာနန္ဒာဒီဟိ ဓာရိတံ။

စတုတ္တိံသ သုတ္တံ ဗြဟ္မဇာလစသော ၃၄–သုတ် အရေ အတွက် ရှိသော၊ တိဝဂ္ဂသင်္ဂဟံ သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိယဝဂ်အားဖြင့် ၃-ဝဂ်အရေအတွက်ရှိသော၊ စတုသင်္ဂီဘာဏဝါရံ ၆၄-ဘာဏဝါရ ပမာဏရှိသော၊ အာနန္ဒာဒီဟိ အရှင် အာနန္ဒာအစရှိသည်တို့သည်၊ ဓာရိတံ ဆောင်ရွက်အပ်သော၊ ဒီဃံ ဒီဃနိကာယ်ကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။

မဇ္ဈိမ နိကာယ်ရှိခိုး

မူလမဇ္ဈိမ ဥပရိ,
ပဏ္ဏာသတောစ တိဒ္ဓိမံ၊
မူလပရိယာယာဒိကံ,
ဝန္ဒေတံဝရ မာဂမံ။

မူလမဇ္ဈိမ ဥပရိပဏ္ဏာသတောစ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ ဥပရိပဏ္ဏာသ အားဖြင့်လည်း၊ တိဒ္ဓိမံ သုံးပါးအပြားရှိသော၊မူလပရိယာယာဒိကံ မူလပရိယာယသုတ် အစရှိသော၊ဝရံ မြတ်သော၊ အာဂမံ အတ္ထဝဏ္ဏနာစသည်တို့သည် လာရာ လာကြောင်းဖြစ်သော၊ တေ မဇ္ဈိမနိကာယံ ထို မဇ္ဈိမနိကာယ်ကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။

သံယုတ္တနိကာယ်ရှိခိုး

သဂါထာဝဂ်ရ နိဒါနံ,
ခန္ဓောစ သဠာယတနံ၊
မဟာဝဂ်ရောတိ ပဠေတေ,
နမောဃတရဏ္ဏဝယော။

သဂါထာဝဂ်ရနိဒါနံ သဂါထာဝဂ်ရ,နိဒါနဝဂ်ရဉ္စ ခန္ဓောစ ခန္ဓဝဂ်ရဉ္စ၊ သဠာယတနံ သဠာယတနဝဂ်ရဉ္စ၊ မဟာဝဂ်ရော မဟာဝဂ်ရဉ္စ၊ ဇာတိ ဤသို့၊ ဩဃတရဏ္ဏဝယော ဩဃတရဏ္ဏသုတ် အစရှိကုန်သော ဧတေပဠေသံယုတ္တေ ထိုသံယုတ် ငါးကျမ်းတို့ကို၊ အဟံ အကျွန်ုပ်သည်၊ နမေ-နမာမိ ရှိခိုးပါ၏။

အင်္ဂုတ္တရနိကာယ်ရှိခိုး

ကော ဒေကာ ဒသကန္တံ,
ကေကင်္ဂါတိရေကတော၊
စိတ္တပ္ပရိယာဒါနာဒိံ,
ဝန္ဒေ နိပုဏ မုတ္တမံ။

ကေကင်္ဂါတိရေကတော တပါး–တပါးသော အင်္ဂါကို လွန်သောအားဖြင့်၊ ကောဒေကာဒသကန္တံ ကေနိပါတ်အစ, ကောဒသနိပါတ်အဆုံးရှိသော၊ စိတ္တပ္ပရိယာဒါနာဒိံ စိတ္တပရိယာဒါနသုတ် အစရှိသော

နိပုဏ် သိမ့်မွေ့သော၊ အဂ်ုတ္တရံ အဂ်ုတ္တရနိကာယ်ကို၊ အဟံအက္ခန်ဝ်သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။

ခုဒ္ဒကနိကာယ်ရှိခိုး

ခုဒ္ဒကော ဓမ္မပဒါနိတိ,
သုတ္တဝိမာန ပေတကာ။
ထေရ-ထေရီ ဇာတကာစ၊
နိဒ္ဒေသ ပဋိသမ္ဘိဒါ။
အပဒါန ဗုဒ္ဓဝံသာ၊
စရိယာ ခုဒ္ဒကံ နမေ။

ခုဒ္ဒကော ခုဒ္ဒကပါဌဉ်း၊ ဓမ္မပဒါနိတိ ဓမ္မပဒကျမ်း, သုတ်ရှစ်ဆယ်ရှိသော ဥဒါန်း, သုတ် ၁၁၀ ရှိသော ဇာတိဝုတ္တကဉ်း၊ သုတ္တဝိမာနပေတကာ သုတ္တနိပါတ်, ဝိမာန ဝတ္ထု, ပေတ ဝတ္ထုတို့ဉ်း၊ ထေရ, ထေရီ ဇာတကာစ ထေရဂါထာ, ထေရီဂါထာ, ၅၅၀ ဇာတ်တို့ဉ်း၊ နိဒ္ဒေသပဋိသမ္ဘိဒါ မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ််တို့ဉ်း၊ အပဒါန ဗုဒ္ဓဝံသာ ဘုရား,ပစ္စေက ဗုဒ္ဓါ, ဘိက္ခု, ဘိက္ခုနီအပဒါန်, ဒီပင်္ကရာအစ ၀၇ တမအဆုံးရှိသော နှစ်ကျိ်ဉ်းပါးဘုရားတို့၏အနွယ်ကို ဟောရာ ဗုဒ္ဓဝင်တို့ဉ်း၊ စရိယာ ဤကမ္ဘာ၌ ဖြည့်ကျင့်အပ်ဇာတ်ကို ဟောရာ စရိယပိဋကဉ်း၊ ဤတိ ဤသို့၊ ပန္နရသပွဘေဒံ တဆဲ့ဉ်းကျမ်း အပြားရှိသော၊ ခုဒ္ဒကံ ခုဒ္ဒကနိကာယ်ကို၊ အဟံ အက္ခန်ဝ်သည်၊ နမေ နမာမိ ရှိခိုးပါ၏။

ဝိနည်းဂါးကျမ်းရှိခိုး

ပါရာဇိကဉ္စ ပါစိတ္တိ၊
မဟာဝဂ္ဂါစ, စူဠဝဂ္ဂါစ။
ပရိဝါရောတိ ပဉ္စေတေ၊
ဒယာဏာ ဒေသိတော ဝန္ဒေ။

ပါရာဇိကဉ္စ ပါရာဇိကဏ်ဉ်း၊ပါစိတ္တိစ ပါစိတ်ဉ်း၊ မဟာဝဂ္ဂါစ မဟာဝါဉ်း၊ စူဠဝဂ္ဂါစ စူဠဝါဉ်း၊ ဤတိ ဤသို့၊ ဒယာဏာ မဟာကရုဏာတော်သည် နှီးဆော်တိုက်တွန်း အပ်သည် ဖြစ်၍၊ ဒေသိတော ဟောကြား ပညတ် အပ်ကုန်သော၊ တေ ပဉ္စပကရဏော ဤဝိနည်း ဂါးကျမ်းတို့ကို၊ အဟံ အက္ခန်ဝ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

ဘိက္ခု, ဘိက္ခုနီ ဝိဘင်္ဂါ၊
မဟာဝဂ္ဂါစ စူဠဝဂ္ဂါစ။
ပရိဝါရောတိ ပဉ္စေတေ၊
ဒယာဏာ ဒေသိတော ဝန္ဒေ။

ဘိက္ခု, ဘိက္ခုနီဝိဘင်္ဂါစ ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်ဂင်း၊ မဟာဝဂ္ဂါစ မဟာဝါဂင်း၊ စူဠဝဂ္ဂါစ စူဠဝါဂင်း၊ ပရိဝါရောစ-ပရိဝါဂင်း၊ ဤတိ ဤသို့ ဒယာဏာ မဟာကရုဏာတော်သည် နှီးဆော်တိုက်တွန်းအပ်သည် ဖြစ်၍၊ ဒေသိတော ဟောကြား ပညတ်အပ်ကုန်သော၊ တေပဉ္စပကရဏော ဤဝိနည်း ဂါးကျမ်းတို့ကို၊ အဟံ အက္ခန်ဝ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

အဘိဓမ္မာ ၇-ကျမ်းရှိခိုး

ဓမ္မသင်္ဂဏိ ဝိဘင်္ဂါ၊
ဓာတုကထာစ ပုဂ္ဂလာ၊
ပညတ္တိစ ကထာဝတ္ထု၊
ယမကဉ္စ ပဋ္ဌာနကံ၊
သဗ္ဗပကရဏံ ဝန္ဒေ,
ပညာပဋ္ဌာနဒေသနံ။

ဓမ္မသင်္ဂဏိ ဓမ္မသင်္ဂဏီကျမ်းဂင်း၊ ဝိဘင်္ဂါ ဝိဘင်းကျမ်းဂင်း၊ ဓာတုကထာစ ဓာတုကထာကျမ်းလည်းကောင်း၊ ပုဂ္ဂလပညတ္တိစ ပုဂ္ဂလ ပညတ် ကျမ်းလည်းကောင်း၊ကထာဝတ္ထု ကထာဝတ္ထုကျမ်းလည်းကောင်း၊ ယမကဉ္စ ယဂိုက်ကျမ်းလည်းကောင်း၊ ပဋ္ဌာနံ ပဋ္ဌာန် ကျမ်းလည်းကောင်း၊ ဤတိ ဤသို့၊ ပညာပဋ္ဌာနဒေသနံ ပညာပဋ္ဌာနဒေသနာဖြစ်သော၊ သဗ္ဗပကရဏံ အဘိဓမ္မာ ၇ ကျမ်းကိုအဟံ အက္ခန်ဝ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

၅၅၀-ဇာတ်ပတ်ရှိခိုး

ကေသတ္ဆပဿာသံ,
ဒုကမိသတဇာတကံ၊

ပညာသံတိစတုက္ကမ္မိ,
ပဋ္ဌကေပဋ္ဌဝိသတိ။

ဆက္ကေဝိသေကဝိသဋ္ဌ,
သတ္တကေအဋ္ဌကေဒသ၊

ဒွါဒသနဝကေဇာတာ,
ဒသကေပန သောဋ္ဌသ။

ကောဒသေ နဝဇာတာ,
ဒွါဒသေတေရသေဒသ၊

တေရသ ပကိဏ္ဏကမ္ဒိ,
ဝိသတိယန္တု စုဒ္ဒသ။

တိံသေဒသ စတ္တာလီသေ,
ပဋ္ဌပညာသကေ တယော၊

ဒွေသဋ္ဌိယံ ဒိသတ္တတ်ံ,
အသီတိယန္တု ပဋ္ဌကာ။

မဟာဇာတာ ဒသပ္ပေတိ,
အမု ဆက္က သတံ နမေ၊

ကောဒိက သဟဿန်ဲ,
တိဟိ ဥိနံဝ ဇာတကံ။

ကေ ကေနိပါဘ်၌၊ သတဋ္ဌပဏ္ဏာသံ အပဏ္ဏက ဇာတ်အစရှိသော တရာ့ငါးဆယ်သော ဇာတ်တို့ဝင်း၊ ဒုကမ္ဒိ ဒုကနိပါတ်၌၊ သတဇာတကာ ရာဇောဝါဒ စသောဇာတ်တရာတို့ဝင်း၊ တိ စတုကမ္ဒိ တိကနိပါတ်, စတုက္ကနိပါဘ်၌၊ ပညာသံ ငါးဆယ်သော ဇာတ် တို့ဝင်း၊ ပဋ္ဌကေ ပဋ္ဌနိပါဘ်၌၊ ပဋ္ဌဝိသတိ မဏိကုဏ္ဍလ စသော နှစ်ဆဲ့ငါးဇာတ်တို့ဝင်း၊ ဆက္ကေ ဆက္ကနိပါတ်၌၊ ဝိသံ အဝါရိယစသော ဇာတ်နှစ်ဆယ်တို့ဝင်း၊ သတ္တကေ သတ္တနိပါတ်၌၊ ကေဝိသဋ္ဌ ကုက္ကုဇာတ်စသော နှစ်ဆဲ့ တဇာတ်တို့ဝင်း၊ အဋ္ဌကေ အဋ္ဌနိပါတ်၌၊ ဒသစ ကဗ္ဗာနီ စသော ဇာတ်တဆယ်တို့ဝင်း၊ နဝကေ နဝနိပါတ်၌၊ ဒွါဒသဇာတာ ဂိဇ္ဈစသော တဆဲ့နှစ်ဇာတ်တို့ဝင်း၊ ဒသကေ ဒသနိပါတ်၌၊ သောဋ္ဌသ စတုဒွါရစသော တဆဲ့ခြောက် ဇာတ်တို့ဝင်း၊ ကောဒသေ ကောဒသ နိပါတ်၌၊ နဝဇာတာ မာတုပေါသကစသော ကိုးဇာတ် တို့ဝင်း၊ ဒွါဒသေ ဒွါဒသနိပါတ်၌၊ ဒသ စုဋ္ဌကုဏ္ဍာလ စသော ဇာတ်တဆယ်တို့ဝင်း၊ တေရသေ တေရသ နိပါတ်၌၊ ဒသ အမ္ဗစသော ဇာတ်တဆယ်တို့ဝင်း၊ ပကိဏ္ဏကမ္ဒိ ပကိဏ္ဏကနိပါတ်၌၊ တေရသ ကေဒါရ စသော တဆဲ့သုံးဇာတ်တို့ဝင်း၊ ဝိသတိယံ ဝိသတိ နိပါတ်၌၊ စုဒ္ဒသ မာဒဂ်အစ အယောဃရအဆုံးရှိသော တဆဲ့လေးဇာတ်တို့ဝင်း၊ တိံသေ တိံသနိပါတ်၌၊ ဒသ ကိံဆန္ဒအစ, ဂန္ဓတိဏ္ဍုကအဆုံးရှိသော ဇာတ်တဆယ် တို့ဝင်း၊ စတ္တာလီသေ စတ္တာလီသနိပါတ်၌၊ ပဋ္ဌ တေသကုဏ, သရဘင်္, အလမ္ဗုသ, သန်ပါလ, စုဋ္ဌသုတသောမအားဖြင့်ငါးဇာတ်တို့ဝင်း၊ ပညာသကေ ပညာသနိပါတ်၌၊တယောတိံဏိဇာတကာနိ နိလိနိက, ဥမ္မာဒန္တိ, မဟာပေါဓိ အားဖြင့် သုံးဇာတ်တို့ဝင်း၊ သဋ္ဌိယံ သဋ္ဌိနိပါတ်၌၊ ဒွေ သောဏ, သံကိစ္စအားဖြင့် နှစ်ဇာတ်တို့ဝင်း၊သတ္တတိံ သတ္တတိယံ သတ္တတိနိပါတ်၌၊ ဒွိ ကုသ, သောဏဒန္တ အားဖြင့် နှစ်ဇာတ်တို့ဝင်း၊ အသီတိယန္တု အသီတိနိပါတ်၌ကား၊ပဋ္ဌကာ စုဋ္ဌဟံသ, မဟာဟံသ, သုဓာဘောဇန, ကုဏာလ, မဟာသုတ သောမအားဖြင့် ငါးဇာတ်တို့ဝင်း၊ ဒသ ဆယ်ပါး ကုန်သော၊ မဟာဇာတာစ တေမိ,ဇနက, သုဝဏ္ဏသို့, နေမိ, မဟော်, ဘူရိဒတ်, စန္ဒကုမာရ, နာရဒ, ဝိဓူရ, ဝေဿန္တရာဟု ဆိုအပ်သော ဇာတ်ကြီးတို့ဝင်း၊ ဇာတိ ၅၂ သို့၊ ကောဒိကသဟဿန်ဲ ဧကနိပါတ် အစ, သဟဿနိပါတ် အဆုံးရှိသော တိဟိဇာတကေဟိ သုံးဇာတ်တို့ဖြင့်၊ ဥိနံဝ ယုတ်သည်သာလျှင်ဖြစ်သော၊ အမုဆက္ကသတံ ၅၁၀ အရေအတွက်ရှိသော၊ ဇာတကံ ဇာတ်ဒေသနာကို၊ အဟံ အကျွန်ုပ်သည်၊ နမေ နမာမိ ရှိခိုးပါ၏။

☆

ဇေရဝါဒ

သံဂါယနာတင်သွင်းခြင်း

[ရေးသူ-မာဃ]

ပထမသံဂါယနာ

[၁] ပထမသံဂါယနာတင်အကျဉ်ချင်း

မင်းချင်းလေ။ ။ကုသိနာရုံ၊ ပန်းရကုံဝယ်၊ ဘုံပြိဿလင်၊ ပြည့်ဝန်းရက်၌၊ ဘုံစက်မပြန်၊သုံးနှိမ့ဘန်တွင်း၊နှစ်တန်ကူးမြောက်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊ မြဟ္မာအသွင်၊ လူကရွင်သို့၊ ဓုတင်တရည်၊ သူ့ထက်မြတ်သား၊ ထေရ်ကဿပ၊ သာဝကတို့၊ ခ,ခ,ပဉ္စာ၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်၊ နဂိုရိုးခြင်း၊ သံဝေပြင်းသား၊ မင်းဇာတသတ်၊ သမုနတ်ကို၊ ထေရ်မြတ်တစု၊ အမှီပြု၍၊ ငါးခုသာတောင်၊ ပြည်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းသား၊ ခက်ကျိုင်းညွှန့်ရွှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်း၊ လိုက်သာဂုမ်းဝယ်၊ ကျမ်းပုဉ်ပဒ၊ ညီနှိုင်းဆ၍၊ ပထမသံဂါယနာ၊ တင်သောခါဝယ်၊ ကြယ်မာယကြိုး၊ လနှင့်နိုးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်ဝယ်၊ အရှင်အာနန်၊ အရဟန်စစ်၊ တိုင်းမြောက်ဖြစ်သည်။ ။ရှစ်ဘယ်ကျော်သက်တွင်တည့်လေး။ ။သူကောင်းဖေါ်ရွေမင်းချင်းတို့။ ။ (စာဆိုတော်-ဦးယာဆို)

ကုသိနာရုံမြို့ကလေး

အလောင်းတော် မဟာသုဒဿန စက်ြာမင်းကြီးဖြစ်တော်မူစဉ်အခါက ကုသဝတီ ဟူသော အမည်ဖြင့် အရှေ့အနောက် (အလျား) ၁၂-ယူဇနာ တောင်နှင့်မြောက်(အနံ) ၇-ယူဇနာမျှ ကျယ်ဝန်းကြောင်းကိုဎင်း၊ ထိုကုသဝတီပြည်ကြီး၌ ဥက္ကာကရာဇ မင်းကြီး၏ သားတော် ကုသမင်းသည် မဒ္ဒရာဇ်တိုင်း သာဂလပြည်ရှင်ဘုရင်မင်း တရားကြီး၏ သမီးတော် ပဘာဝတီမင်းသမီးကို ယူဆောင်၍ မင်းပြုတော်မူကြောင်းကိုဎင်း၊ ဗုဒ္ဓဘာသာစာပေတို့၌ ပြဆိုတော်မူကြသော ကုသဝတီပြည်ကြီးသည် ငါတို့ကိုး ကွယ်ရာ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား၏ရွှေလက်ထက်တော်၌ကား၊ ကုသိနာရဟူသော အမည်ဖြင့် မြို့သိန်-မြို့ငယ်ကလေး တခုမျှသာ ဖြစ်ပေသတည်း။ (ယခုအခါ ဗိဟာနယ် ကာဆီယာမြို့ငယ်ကလေး၏ အနောက်ဘက်ဝိုင်ဝန်းခန့်တွင် "ဗိရှန်ဂုရ်" Bishanpur ဟူသော အမည်ဖြင့် ရွာငယ်ကလေးမျှသာဖြစ်လေသည်)

အင်ကြင်းဥယျာဉ်

ထိုကုသိနာရုံမြို့ ကလေး၏ အနောက်ထောင့်အရပ်တာ-၅၀၀ ခန့်အကွာ၌၊ မလွတ်မင်းတို့ပျော်ခင်းအလို့ငှါ ကောင်းစွာပြုပြင်၍ထားသော အင်ကြင်းဥယျာဉ်ရှိပေ၏၊ ကုသိနာရုံမြို့ကလေးသို့ဝင်လိုသူသည်၊ အဆိုပါအင်ကြင်းဥယျာဉ်မှ ကပ်ကာ၊ အရှေ့ဘက် မြို့တံခါးသို့ သွား၍ဝင်ပြီးနောက်၊ အနောက်ဘက် တံခါးမှ ထွက်နိုင်၏၊ ထို့ကြောင့် အဆိုပါ အင်ကြင်းဥယျာဉ်ကိုပါဠိဘာသာအားဖြင့် "ဥပဝတ္တန" ဟု ခေါ်ဆိုကြလေသည်။ (ယခုအခါ ဗိရှန်ပုရ်မှ အနောက်တောင်ဘက် မိုင်ဝက်ခန့်တွင် မာထကုဝရ်-ခေါ်သောနေရာသည် အင်ကြင်းဥယျာဉ်ရာဖြစ်၏)

ရတနာညောင်စောင်းတော်

အင်ကြင်းဥယျာဉ်အတွင်း၌ မလွှာမင်းတို့ အပမ်းဖြေ နားနေရန်ထားရှိသည့် ရတနာ ညောင်စောင်းကိုလည်း ဘုရားရှင်၏ အဓိဋ္ဌာန ညီတော်အာနန္ဒာက မြောက် ဘက်သို့ ဥခေါင်းပြု၍ နေရာချတားလေ၏၊ ရတနာ ညောင်စောင်း၏ ခေါင်းရင်း၌ ၎င်း၊ ခြေရင်း၌ ၎င်း၊

အင်ကြင်းပင်များ စီတန်း ပေါက်ခြောက်လျက် ရှိကုန်၏၊ ထိုအင်ကြင်းပင်ကို သည်၊ ချစ်ကြည်ရေးအထိမ်းအမှတ်ကို ပြသကဲ့သို့ တပင်နှင့် တပင် အမြဲစိမ်းချင်း၊ ပင်စည်ချင်း၊ အကိုင်းချင်း၊ အခက်ချင်း၊ အလက်ချင်း၊ အရွက်ချင်း၊ ယှက်ဘင်ရောနှောခြ နေကြလေသည်၊ ထိုအပင်တို့တွင်၊ ရတနာ ညောင်စောင်းအနှံ့ကဲ့ ကဲ့လျက် ခေါင်းရင်း ဘက်မှ အင်ကြင်းပင်ပျိုကလေးတပင်သည်ရင်း၊ ခြေရင်း ဘက်မှ အင်ကြင်းပင်ပျိုကလေးတပင်သည်ရင်း၊ ထူးခြားစွာရှိနေကြကုန်၏။

ပင်လုံးကျွတ်ပွင့်ကြကုန်၏

ရတနာ ညောင်စောင်းပေါ် ဦးကား၊ သုံးလောက ထွတ်တင်သမ္မည်ဘုရားရှင်သည်၊ သီဟသေယျ– ခေါ် ခြသွေ့မင်းကဲ့သို့၊ ဖြေသွင်းသာယာစွာလက်ျာနံတောင်းဖြင့် အသာကလေး လျောင်းစက်တော်မူလျက်ရှိလေ၏၊ ရတနာညောင်စောင်း၏ခေါင်းရင်းဦးရင်း၊ ခြေရင်းဦးရင်း တည်ရှိကြကုန်သော အင်ကြင်းပင်ပျိုတို့သည်၊ အခါမဟုတ်သော်လည်း၊ ဗုဒ္ဓ ရှင် တော်မြတ် ဘုရား အား အဆုံးစွန် ပူဇော်ခယခြင်း အားဖြင့်၊ တပွင့်ပြီး တပွင့် ဆင့်ကာဆင့်ကာ ပွင့်ကြပြီးလျှင် ဝတ်ဆံဝတ်မှုံ တို့ဖြင့်၊ ရွှေတုံးကြီးနှင့် တူတော်မူသော ကိုယ်တော်မြတ်ကြီး၏ အပေါ်သို့ သက်ဆင်း ခယ ကြလေကုန်၏။ ထို အင်ကြင်းဥယျာဉ်ရှိ အခြား ပန်းသစ်ပင် အပေါင်းတို့ သည်လည်း နှာမောင်းချင်း ဆက်ကာ ဆက်ကာ၊ ဗုဒ္ဓ ရှင်တော်ဘုရားရှိရာသို့ မျက်နှာ ရှေးရှုမူကုန် သကဲ့သို့ ဝပ်တွားကာ ပင်လုံးကျွတ်ပွင့်ကြလေကုန်၏။

နောက်ဆုံး ခဲ့ခွါရတော့မည်

ညီတော်အာနန္ဒာ အရှင်မြတ်လည်း "နောင်တော် ဘုရားသည် ငါ့ကိုအမှီးထား၍ သံဃာတော်ကိုအား မှာကြားဆုံးမထိုက်သမျှ တရားစကားတို့ကို မှာကြားဆုံးမတော်မူ၍ ပြီးလေပြီ။ ယခုနေ့ ညဉ့်မှာပင် ကောန္တ ပရိနိဗ္ဗာန် ဝင်စံလေတော့မည်။ နက်ဖြန်ခါဆိုလျှင် လွန် သင် ပြာသဆုံးမတော်မူပေတော်သော အသံတော် လုံးဝ တိတ်ဆိတ်ချေတော့မည်။ အဆုံးစွန် ခဲ့ခွါရတော့မှာပါ တကား...." ဟု ကြိုစည်အောက်မေ့လျက် ဆွေးမြေ့ သောစိတ်နှလုံးဖြင့် ယူကြုံးမရနိုင်အောင်ပင် ဖြစ်ရှာလေရကား၊ ဘုရားရှင်ကိုယ်တော်မြတ်၏အနီးမှခွါ၍၊ မလွှာ မင်းတို့ တည်းခိုနေထိုင်ရန်ကောင်းစွာဆောက်လုပ်ထားသည့် မင်းကွန်းဇရပ်၏ တံခါးတိုင်ကို ကိုင်လျက် ငိုကြွေးမြည်တမ်းကာနေတော်မူလေသည်။ "ငါသည်သောတာပန်မျှသာဖြစ်သေးသည်၊ အထက်မဂ်များကိုရရန် တာဝန်ကလည်း ရှိသေး၏။ ကိလေသာ အညစ်အကြေး ထူလှသောငါ့ကို အဖန်ဖန် အထပ်ထပ် ဆုံးမသွန်သင်တော်မူပေတော်သော နာဂတော်ဘုရားသည်၊ ယခုညဉ့်မှာပင် ငါ့ကို ပစ်ထား၍ ပရိနိဗ္ဗာန် ဝင်စံကြွသွားပေတော့မည်။ နက်ဖြန်မှစ၍ အာဃာယသူအား မျက်သစ် ဒဏ်ပူ ကဲ့လှူရပါအုံးနည်း၊ ဘယ်သူ၏ခြေကိုဆေးရပါအုံးနည်း၊ ဘယ်သူ၏ အိပ်ရာ နေရာကို ခင်းရပါအုံးနည်း၊ ဘယ်သူ၏ အိပ်ရာ နေရာကို သုခသင် ရပါအုံးနည်း၊ ဘယ်သူ၏ သက်နှံသပိတ် ပရိက္ခရာကို ငါဝတ်ပြု ရပါအုံးနည်း" စသဖြင့် တသမြည်တမ်းခါ လွန်စွာပင်ငိုခြ နေလေ၏။

အုံဖွယ်လေးဖြာ-အာနန္ဒာ

ဗုဒ္ဓ ရှင်တော် ဘုရားလည်း သံဃာတော် တို့အား ကြည့်ရှုတော်မူရာ၌ ညီတော်အာနန္ဒာကို မမြင်သောကြောင့်၊ "အာနန္ဒာ အဘယ်မှာနည်း" ဟု မေးတော်မူ၏။ သံဃာတော်တို့ကလည်း "မင်းကွန်းတံခါးတိုင်ကို ကိုင်လျက် ပြင်းစွာငိုကြွေး၍ နေပါသည်ဘုရား" ဟု နားတော်လျောက်ကြလေလျှင်၊ "ချစ်သားတို့၊ အာနန္ဒာကို အမြန်ခေါ်ကြ" ဟု မိန့်တော်မူ၍ ခေါ်ရလေ၏။ အနီးသို့ ရောက်တော်မူသောအခါ၊ "ချစ်သားအာနန္ဒာ၊ ငါဘုရားသည် သင်တို့အား စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းသည့်အတွက် အကျိုးမရှိပုံကို မိန့်တော်မူခဲ့ဘူးလှပြီ မဟုတ်လား၊ ဤလောကဌဖြစ်ရကုန်သောလူနတ်အပေါင်းတို့ဘွင် ခင်မင်စုံမက်နှစ်သက်ကုန်သော ဆွေမျိုးသားချင်းတို့နှင့်အတူမနေရဘဲ သေကွဲ ကွဲရခြင်း ဟူသော နာနာဘာဝ၊ အရှင်တပါး ခွဲခြား နေထိုင်ရခြင်း ဟူသော ဝိနာဘာဝ၊ ပျော်စံရိုးငြိမ် စည်းစိမ်ချမ်းသာခံစားလျက် ရှိရာမှတဖန် ငြိုငြင်ဆင်းရဲရခြင်းဟူသောအညထာဘာဝ ဤဒုက္ခတို့သည် ဓမ္မတာ သာလျှင် ဖြစ်ကြ၏။ လွဲဖယ် ရှောင်တိမ်းခြင်းငှါ အာကာသမှာ ကတိုင်ကြ မည်နည်း၊ ချစ်သားအာနန္ဒာ၊ ကိုယ်ခန္ဓာ ဆိုသည်ကား၊ တဏှာ ဟူသော အကြောင်းတရားကြောင့် ထင်ရှား ဖြစ်ပေါ် ရပြီးလျှင်၊ ကောန်မလွဲ ပျက်ရ မြဲ ဓမ္မတာ သာ တည်း၊ မြဟ္မာ သိကြား ဘုရားတို့ပင် သော်လည်း၊ မပျက်စီး

ရအောင် တောင့်တ၍ မဖြစ်နိုင်ဟု ငါဟောကြားတော်မူခဲ့ဘူးလှပြီမဟုတ်လား ၊ သင် သည် ငါ ဘု ရား အား တသက်ပန်လုံး မေတ္တာ ကာယကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာမနောကံကိုဖြင့် ခစား လုပ်ကြွေးခဲ့ပေပြီ၊ သင်၏ကံသုံးဖြာကိုကိုန်းစာရလျှင်၊ စကြာဝဠာကြီး၏အဝက ကျဉ်းလှသေး၏၊ ဘဝဂ်ဘုံက နိမ့်သေး၏၊ သင်သည် ပါရမီတော်တို့ကို ဖြည့် ခဲ့ပြီး သော သူ ဖြစ် ပေသည်၊ ကမ္မဋ္ဌာန်းကိုသာ လွန်စွာ လုလ့လွှပြလော၊ မကြာမီပင် အာသဝေါကင်းကွာ၍ ရဟန္တာ အဖြစ် သို့ ရောက် ပေလတံ့''စသဖြင့် မိန့်ကြားတော်မူပြီးလျှင်၊ သံဃာတော် အပေါင်းတို့ကိုခေါ်တော်မူ၍၊ ''ချစ်သားတို့၊ရှေးနောင် တော်ဘုရားတို့အထံ၌ အမြဲမပြတ် လုပ်ကျွေး ကြသော သူမြတ်တို့ကဲ့သို့၊ အာနန္ဒာသည် ငါဘုရားအား ခစား လုပ်ကျွေး ခဲ့ပေသည်၊ ပညာလည်း ကြီးပေသည်၊ လုလ့လည်း ရှိပေသည်၊ သတိသမာဓိနှင့်လည်း ပြည့်စုံပေသည်၊ ခန္ဓာအာယတန စသော ပရမတ္ထ သဘော တရားများ၌လည်း အလွန်ပင် သိမြင်လိမ္မာပေသည်၊ ပရိသတ်နှင့် လျော်ညီအောင် ပြုပြင် ချီးမြှောက်ဟတ်ပေသည်၊ စကြာဝတေးမင်းကြီး၌ အံ့ဘွယ် လေးမျိုး ရှိသကဲ့သို့၊ အာနန္ဒာ၌လည်း (၁) ရဟန်းယောကျ်ားပရိသတ် (၂) ရဟန်းမိန်းမပရိသတ် (၃) ဥပါသကာပရိသတ် (၄) ဥပါသိကာပရိသတ် တို့သည် အာနန္ဒာ၏ ရုပ်ဝါသွင်ပြင်ကို ဖူးမြင်ရ၍ဖြစ်စေ၊ တရားသံကို နာခံရ၍ ဖြစ်စေ၊ မရောင့်ရဲနိုင်ကြပေ''ဟု မိန့်ကြားတော် မူလေသည်။

မလ္လာမင်းတို့ကိုခေါ်ချေ


ထို့နောက်''ချစ်သားအာနန္ဒာ၊ကုသိနာရုံပြည်တွင်းသို့သွား၍ မလ္လာမင်းတို့အား ဘုရားသခင်သည်၊ ယနေ့ ညဉ့်မိုးသောက်ယာမ်၌ ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်၊ ဖူးမြင်လိုကြလျှင် လျှင်မြန်စွာ သွားကြ၊ နောင်အခါမှ ငါတို့အနားတွင် ဘုရားရှင် ပရိနိဗ္ဗာန် လားသည်ကို မျှမမှုးလိုက်ရဟု နှလုံး မသာ မဖြစ်လိုက်ကြပါစေနှင့်ဟု ပြောကြားချေ''ဟု စေခိုင်းတော်မူလိုက်၏။ အသျှင် အာနန္ဒာလည်း အမိန့်တော် အတိုင်း တပါးတည်း လာခဲ့၍ ထုံးစံအတိုင်း စည်းဝေးနေကျ မင်းကွန်း၌ စည်းဝေးနေကြကုန်သောမလ္လာမင်းတို့အား ဘုရားရှင် မှာတော်မူလိုက်သည့်အတိုင်း မိန့်ကြားတော် မူလေ၏။ ထိုအကြောင်းကို မလ္လာမင်းတို့က သားမယားဆွေမျိုးတို့အား သိစေပြန်ရာ ပြည်သူ ပြည်သားများနှင့် တကွ မင်း ဆွေ စိုး မျိုး ဟူ သ မျှ တို့သည် သမုဒြာ ကမ်းရိုးခွံ လိုင်း တံပိုး ထ သော အသံကဲ့သို့ သောင်းသောင်း ညံမျှ ငိုကြွေး ကြ ပြီး လျှင် ''လောက သုံး ပါး ၏ ချမ်းသာရေးကို အင်မတန် ရွက်ဆောင်တော် မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း၌ လျှင်မြန်တော်မူလှပါပေစွ၊ ငါတို့ကိုပစ်ထား၍ ကြွသွားတော်မူတော့ မှာပါတကား'' ဟု များစွာပင် ငိုကြွေးမြည်တမ်းကြလေ၏၊ ထို့နောက် အင်ကြင်း ဥယျာဉ်တော်သို့လိုက်လာကြပြီးလျှင် အသျှင်အာနန္ဒာ၏အနီးသို့ ချဉ်းကပ်ကြကုန်၏၊ အသျှင်အာနန္ဒာလည်း ''ဤမလ္လာမင်းတို့ကို တဦးစီ တဦးစီ ဖူးမြော် ရှိခိုးစေမည်ဆိုပါက တညဉ့်လုံးကုန်၍ နေအရုဏ်တက်သည်အထိ အချိန်ကုန်သွားပေလိမ့်မည်၊ တမျိုးစီသာ ဝင်ရောက်ရှိခိုးစေတော့မည်''ဟု ကြိုစည်တော် မူပြီးလျှင် ''ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားဤမည်သော မလ္လာမင်းသည် ခြေတော်ရင်း၌ ဦးခိုက်၍ ရှိခိုးပါသည် ဘုရား'' ဟု လျှောက်ရင်း လျှောက်ရင်း ညဉ့်သုံးယာမ် တို့တွင် ပဌမယာမ် ကုန်ဆုံး၍သွားလေ၏။

သုဘဒ္ဒ ရဟန္တာမြတ်

ပဌမယာမ် ကုန်ဆုံးချိန်တွင် ဥဒိစ္စ မဟာသာလပုဏ္ဏားမျိုး အဝတ်ဖြူဝတ် သုဘဒ္ဒအမည်ရှိ ပရိဗိုဇ်ရဟန်းတဦးသည် ပစ္ဆိမယာမ်၌ ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည် ဟူသော အကြောင်းကို ကြားရသဖြင့် ရှင်အာနန္ဒာမှတဆင့် ဘုရားရှင်ထံသို့ ကြွရောက်ဖူးမြော်ကာ မိမိ၏သံသယကို လျှောက်ကြားလေ၏။ ဗုဒ္ဓရှင်တော် ဘုရားလည်း ထိုသုဘဒ္ဒရဟန်း၏ သံသယ ပြောက်အောင် တရားစကား မိန့်ကြားတော်မူပြီးနောက် ပဉ္စင်းခံစေ၍ ကမ္မဋ္ဌာန်းကို ပေးတော်မူလိုက်ရာ ထိုအင်ကြင်း ဥယျာဉ်အတွင်းမှာပင် စကြဲန်သွားရင်း ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူလေ၏။

ဤသို့ခေါ်ကြ

သုဘဒ္ဒရဟန်းအား အကျွတ်တရား ရစေတော်မူပြီးနောက် ညီတော် အာနန္ဒာအား ခေါ်တော် မူ၍ ''ချစ်သား အာနန္ဒာ ငါ၏တပည့်သားများဖြစ်ကြသော



ಚಿತ್ರ ೧೨೨ ಬಾಲಚಂದ್ರ

(“ಸ್ವಯಂಪ್ರಭೆಯು ಸೀತೆಯನ್ನು ಕಂಡು-ಶೋಕಾಕ್ರಾಂತಳಾಗಿ ಮೂರ್ಛೆ ಹೋಗಿರುವುದು”)

ಬಂಗಾಳಕ್ಕೆ ಸೇರಿದ ಕಲಾವಿದರೊಬ್ಬರು ಚಿತ್ರಿಸಿರುವ ಈ ಚಿತ್ರದಲ್ಲಿ ಸೀತೆಯು ಮೂರ್ಛೆ ಹೋಗಿರುವುದನ್ನು ಕಂಡು ಸ್ವಯಂಪ್ರಭೆಯು ಶೋಕಾಕ್ರಾಂತಳಾಗಿರುವುದು ಚಿತ್ರಿತವಾಗಿದೆ.

သံဃာတော်များသည် ငါဘုရားမရှိပြီဟု ထင်မှတ်ကြလိမ့်မည်၊ စင်စစ်ကား သုတ် အဘိဓမ္မာဟူသော တရားဓမ္မကိုလည်း ငါဟောကြားခဲ့ပေပြီ၊ ဝိနည်းတော်ကိုလည်း ငါပညတ်တော်မူခဲ့ပြီးပေပြီ၊ ထိုတရားဓမ္မနှင့် ဝိနည်းကို သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် သင်တို့၏ ဆရာအဖြစ်ဖြင့်တည်ရှိကြလိမ့်မည်၊ ငါပညတ်တော်မူခဲ့သော သိက္ခာပုဒ်များတွင် အသေးအဖွဲသိက္ခာပုဒ်များ အလွန်များများပြားခဲ့ပေ၏၊ ထို သိက္ခာပုဒ် အသေးအဖွဲများကို ပယ်ထုတ်ရ လျှင်ဖြင့်နောက်သား နောင်လာ သံဃာ အပေါင်း တို့ သက် သာကြလိမ့်မည်၊ ငါဘုရားရှိနေစဉ် သံဃာ အချင်းချင်း အာဝုသော (ငါ့ရှင်)ဟုခေါ်ဝေါ် သုံးနှုန်း၍နေကြ၏၊ ငါဘုရားမရှိလျှင် ဤကဲ့သို့မခေါ်ဝေါ် မသုံးနှုန်းကြလင့် သိက္ခာ ကြီးသောရဟန်းက သိက္ခာငယ်သော ရဟန်းအား အန္တယ်အားဖြင့်ဖြစ်စေ အာဝုသော (ငါ့ရှင်) ဟူသော အသုံးအနှုန်းဖြင့် ဖြစ်စေ ခေါ်ကြပလေစေ၊ ငယ်သော ရဟန်းက ကြီးသော ရဟန်းအား ဘန္တေ (အရှင်ဘုရား) ဟူ၍ဖြင်း အာယသ္မာ (သင်္ဘောတော်ရှည်) ဟူ၍ဖြင်း၊ ခေါ်ကြပလေစေ၊ ဤကဲ့သို့ သိက္ခာအလိုက် မခေါ်ဝေါ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ၊ ဆန္ဒရဟန်းကိုလည်း ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဗြဟ္မဒဏ်ပေးကြ။

(ညီတော်) ဗြဟ္မဒဏ် ထားပုံကို မိန့်တော်မူပါဘုရား။

(ဘုရားရှင်) ရဟန်း အစည်းအဝေး ခေါ်ပြီးလျှင် (ဤဆိုနှိုင်ခက်လှသော ဆန္ဒရဟန်းသည် သူပြောဆိုချင်ရာကိုပြောဆို၍ နေသော်လည်း၊ မည်သူကမျှ မဆုံးမကြပါနှင့် သူ၏စကားကိုလည်း မလေးစားကြပါနှင့်)ဟူ၍ ဗြဟ္မဒဏ်ပေးရမည်။

ယုံမှားရှိကြသလား?

ထိုနောက်မှရဟန်းများကိုခေါ်တော်မူ၍ "ချစ်သားတို့ ငါဘုရားအပေါ်၌ဖြင်း၊ ငါဘုရားဟောကြားတော်မူသည့်တရားတော်၌ဖြင်း၊ ငါဘုရား၏ တပည့် သံဃာများအပေါ်၌ဖြင်း၊ မဂ်တရားအပေါ်၌ဖြင်း၊ ကျင့်ဝတ် ပဋိပတ်အပေါ်၌ဖြင်း၊ ယုံမှား သံသယရှိသော ရဟန်းသည်၊ ယခုအချိန်တွင် လျှောက်ထားလိုက်ကြ၊ နောက်အခါမှ မလျှောက်ထားလိုက်ရလေခြင်းဟု နောင်တ မဖြစ်ကြစေနှင့်" ဟု မိန့်တော်မူရာ၊ ရဟန်းတို့လည်း ဆိတ်ဆိတ်သာနေကြလေ၏။ သုံးကြိမ်တိုင်တိုင်ထပ်မံမိန့်ကြားတော်မူသော်လည်း၊ ဆိတ်ဆိတ်သာနေကြသဖြင့် "ချစ်သားတို့ငါ့ကို ရိုသေသောအားဖြင့် မလျှောက်ထားဝံ့ခဲ့လျှင်၊ အပေါင်းအဖော်ချင်းပြောကြားကြ" ဟု မိန့်ကြားတော်မူပြန်သော်လည်း ဆိတ်ဆိတ်သာနေကြသဖြင့်၊ ညီတော် အာနန္ဒာက "ဘုန်းတော် ကြီးမြတ်တော်မူလှသော်မြတ်စွာဘုရား၊ ဤအစည်းအဝေးကြီး၌ သာသနာတော်ကို ယုံမှားသံသယရှိသော ရဟန်းမရှိပါဘုရား" ဟုလျှောက်ထားရာတွင်မှ "ချစ်သားအာနန္ဒာ၊ ယုံမှားခြင်းရှိ—မရှိကို မျက်မြင်အားဖြင့် ငါဘုရားလည်း သိတော်မူလျက်ပင်ဖြစ်သည်၊ ဤအစည်းအဝေး၌၊ အငယ်ဆုံးသံဃာပင် သောတာပန်ဖြစ်ပေသည်" ဟု မိန့်တော်မူပြီးမှ—


> "ချစ်သားတို့၊ယခုအချုပ်အားဖြင့်သင်တို့ကို ငါဘုရားမှာထားတော်မူခဲ့မယ်၊ သခ်ါရ တရားများသည်ပျက်တတ်သော သဘောသာလျှင် ရှိကုန်၏၊ သင်တို့မမေ့ကြနှင့်"

ပရိနိဗ္ဗာန်ဝင်စံလေပြီ

ဤသို့နောက်ဆုံး အမှာတော်ကို မှာထားတော်မူပြီးနောက် နိဂြောဓ သမာပတ်ကိုဝင်စားတော်မူ၍၊ တဖန် နိဂြောဓ သမာပတ်မှထကာ၊ ကုဋေပေါင်းနှစ်သန်းလေးသိန်းမျှရှိသော သမာပတ်တို့ကို ဝင်စားတော် မူပြီးနောက်၊ ကဆုန်လပြည့် အင်္ဂါနေ့အရုဏ်တက်လင်းအားကြီးအချိန်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူလေသတည်း။

ဤ ဆိုခဲ့ပြီးသော စကား တို့ကို ရည်ရွယ်တော်မူ၍၊ မကာရလောပအကျော် ကျေးဇူးတော်ရှင် မန်လည် ဆရာတော် ဘုရားကြီး၏ မဃဒေဝ လင်္ကာ ဆင်ခိုင်း၊ နိဂမခဏ်း၊ သာသနာ့ သန္တိကေနိဒါန်း၌ အောက်ပါအတိုင်း ရေးသားစပ်ဆိုတော်မူလေသည်။

ဤသို့စေ့ငု၊ ချဉ်းခဲ့ပြုတိုင်း၊ သုံးလူ့ပတ္တမြား၊ တို့ထွတ်ဖျားလျှင်၊ ဘုရားဖြစ်စ၊ သတ်ဌာနန္ဒိုက်၊ သတ္တသတ္တာ၊ နဝါစာလီ၊ ရက်ကိုစီပြီး၊အာသာဋ္ဌိ ပုဏ္ဏမ၊ နွယ်တာလ၏၊ပြည့်ထအခါ၊ မိဂဒါဝယ်၊ နေစကြာ-လစကြာ၊အစုံဖြာလျက်၊ မဂ်လာတိုက် ပေါင်း၊ တသောင်းစကြဝဠာ၊ သွက်သွက်ငြာ



ကာသိတိုင်း(ကာဆီယာ)ရှိ ကုသိနာရုံပြည်၏ရှေးမြို့တော်ဟောင်းနေရာနှင့် ပရိနိဗ္ဗာန်စံရာတွင် တည်ထားသည့် စေတီတော်

ကဆုန်လပြည့်၊ ထွန်းစည့် စန္ဒာ၊ ဝိသာခါနှင့်၊ ပြိုင်ကာ ယှဉ် ၍၊ အင်္ဂါနေ့နိုက်၊ အရှေ့ရောင်ဝါ၊ အရုဏ် လာဝယ်၊ ဥတ္တရာဘိမု၊ ရှေးရှုပြိုသား၊ ကေတုမာလာ၊ လျှောင်းလက်ျာဖြင့်၊ အပွမာဒေန၊ ပစ္ဆိမတိ၊ ဆုံးမသံတော်၊ ဆိတ်ပြီးသော်လျှင်၊ နိရောဓဘုံ၊ ရည်လတ်တုံမှ၊ အနုလုံပဋိလုံ၊ နှစ်စုံသမုပ္ပါဒ်၊ ဒွါဒသ်သိမ်မွေ့၊ ပြန် လှန် စေ့အောင်၊ နေ့နေ့တိုင်းပေ၊ ကုဋေသိန်းစီ၊ အညီမပြတ်၊ ဝင်လေ့နှတ်တိုင်း၊ အရဟာတွေ၊ ဖလသမာ၊ လွန်မြတ်စွာဖြင့်၊ သရဏဂုဏ်ခန့်၊ နှစ်သန့်လေးသိန်း၊ ကိန်းလည်း ကုံ၊ မကျန်ရဘဲ၊ ဒသအသုဘ၊ ဒွတ္တိံသနှင့်၊ အင်္ဂကသိဏာ၊ ဓမ္မဂါကရ၊ မုဒိအာန၊ အာကာသဟု၊ ဌာနတွက်ရေး၊ နှစ်ဆဲ့လေးနိုက်၊ မနေးဝင်ဟန်၊ ဈာန်ပထမ၊ ဒွတ္တိံသနှင့်၊ အသုဘချန်၊ ပယ်ကျန်ဌာန၊ တေရသနိုက်၊ ဒုတိယတတိယ၊ ဈာန်ဒုကတည့်၊ အင်္ဂကသိဏာ၊ ဥပေက္ခာအာန၊ အာကာသနှင့်၊ အရှုပလေးပါး၊ ဤဆဲ့ငါးနိုက်၊ ဝင်စားစတုဏ္ဍ၊ အစဉ်မျှပြီး၊ ဒိဏ္ဍမြတ်စွာ၊ အရဟာတို့၊ နိဗ္ဗုတာခေါင်၊ ကူးခပ်အောင်သား၊ ဈာန်နောင် ဇောနောင်၊ နှစ်ပါးနောင်တည့်၊ ဘုန်းခေါင်သာမိ၊ မာရဇိမူ၊ လောကီဈာန်၊ စတုဏ္ဍမှ၊ ထ၍ပြီးလစ်၊ ပစ္စဝေက္ခဏာ၊ နှစ်ဖြာဌင်း၊ ဇောနောင်နောင်းငယ်၊ ကုရောင်းစ,တင်၊ ထိုဘဝင်နိုက်၊ ဆုံးခွင်ရောက်ဘိ၊ စုတိဌာန၊ ပြီးကိစ္စဖြင့်၊ သခ်ါရနိဗိတ်၊ တိတ်ဆိတ်ကုန်ခန်း၊ မသန်းနိစ္စ၊ အစ္စန္တသုခ၊ လွန်ချမ်းမြဲသားကြီးလှလေးလွန်၊ ခန္ဓာဝန်ကို၊ မှောက်သွန်ပယ်ချသက္ကာယဓ၏၊ နိရောဓဓါတ်၊ အမြတ်ခေါင်ထိ၊ နုပါဒိဟု၊ သိတိဘူတ၊ ပြည်သိဝဏ္ဏိ၊ ခန္ဓပရိနိဗ္ဗာန၊ ဒုတိယနေရဗ္ဗာန်၊ ခါမပြန်သည်။ ။စံလွန်မြန်းကြွဝင်လေတည်း။ ။

အောင်၊ဓမ္မစကြာတရား၊ဟောကြားနှံမွေ့၊လည်စေသည်က၊ ပထမမှု၊ အဒပြု၍၊ ကုသိနာရုံ၊ ရဂုံအင်ကြင်း၊ မလ္လာမင်းတို့၊ ခင်းကျင်းပြဘန်၊ ရွှေသလွန်ထက်၊ဟန္ဒဒါနိ၊အစယ်သား၊ပါဠိဆုံးတိုင်၊ ခရိုင် တိုင်းကြီး၊ နန်းထီး ဇနပိဒ်၊ တိုက်တိုက်စက္ကဝါ၊ လူ့ရွာနတ်ပြည်၊ လှည့်လည်ကြွရွှန်း၊ ကောဏ္ဍညသခင်၊ အရှင်သုဘဒ်၊ စဆုံးမှတ်၍၊ လူနတ်ဗြဟ္မာ၊ ကျွတ်ထိုက်စွာသား၊ သတ္တဝါဝေနေယျ၊ ဘဗ္ဗပုဂ္ဂိုလ်၊ များထိုထိုအား၊ ရွှေကိုယ်တော်တိုင်၊ လက်ကိုင်နိစ္စ၊ မြှောက်ဆုငှလျက်၊ကာလဇွက်ဘွဲ့၊လေးဆဲ့ငါးနှစ်၊ ခါခေတ်သမယ၊ ဒုလ္လဘဟု၊ ဗုဒ္ဓယုဂ်ကောင်း၊ မသာတောင်းသား၊ မြော်ပေါင်းမင်္ဂလာ၊ လွန်သာယာအောင်၊ နတ်ရွာမဂ်ဖိုလ်၊ဥဒါဟိုဖြင့်၊ ထိုထိုမျှော်လင့်၊ လမ်းကြီးဘွင့်၍၊ ကျွတ်ခွင့် ကြော်ကြား၊ တရားစည်ကြီး၊ ရိုက်တီးခတ်ဆော်၊ ဆောင်ပြီးသော်တိ၊သက်တော်ရှစ်ဆယ်၊ပြည့်ကယ်ရကား၊ ဘုရားကိစ္စ၊တိုံသမမှတာ၊စုံလင်စွာ၍၊ကောဇာသက္ကရာဇ်၊ အင်္ဂစောကော်တွင်၊ နှစ်သစ်ပေါ်စ၊

အပူသက်သာရေး

ဤသို့ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်ပြုတော်မူလေလျှင် အထံတော်၌ တည်ရှိတော် မူကြကုန်သော ပုထုဇဉ် ရဟန်း၊ သောတာပန်ရဟန်း၊ သကဒါဂါမ် ရဟန်း တို့သည် ဦးခေါင်းပေါ်၌ လက်ကိုတင်၍ငင်း၊ လူးလဲ မြည်တမ်း၍ငင်း၊ သက်ကြီးရွိုက်တငင် ပြင်းပြစွာ ငိုကြွေး ကြလေကုန်၏၊ အနာဂါမ်များနှင့် ရဟန္တာအရှင်မြတ်တို့ သာလျှင် သခ်ါရသဘောတရားကို နှလုံးသွင်းတော်မူ၍ သည်းခံတော် မူနိုင်ကြလေကုန်၏။ ထိုအခါ အရှင် အနုရုဒ္ဓါ ကိုယ်တော်မြတ်က၊ သံဃာတော် အရှင်မြတ် တို့အား သက်သာရာရစေရန် သံဝေဂ တရားများကို ဟောကြား ညွှန်ပြတော်မူလေ၏၊ ထိုညွှန်အဘို့ (မိုးမ လင်းမီအတွင်း) သံဃာတော်တို့သည် နှလုံး သွင်းအပ် သောတရားစကားများကိုသာမိန့်ကြားပြောဆိုကြလျက် အချိန်ကုန်လွန်တော်မူကြစေကုန်၏။

အဝတ်မလွှာပ်

မိုးလင်း၍လာလေလျှင်၊ အရှင် အနုရုဒ္ဓါ အရှင်မြတ် သည်၊ အရှင် အာနန္ဒာကို ခေါ်တော်မူ၍ ''ငါ့ရှင် အာနန္ဒာ၊ ကုသိနာရုံပြည် အတွင်းသို့ ကြွ၍ မလွာမင်း တို့အား၊ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဖြစ်ကြောင်း၊ ဆောင်ရွက်ဘွယ် ကိစ္စများကို လာရောက် ဆောင်ရွက် ကြရန် အကြောင်းကို ပြောကြားချေ''ဟု စေခိုင်းတော် မူ၏၊ အရှင် အာနန္ဒာလည်း၊ လျှင်မြန်စွာ ကြွသွား၍ မလွာမင်းတို့အား ပြောကြားလေလျှင်၊ ဆွေမျိုး သား မယားများနှင့်တကွ မလွာမင်းတို့သည်၊ရုန်းရင်းတက်မျှ ငိုကြွေးကြပြီးနောက်၊ တူရိယာ တီးမှုတ်တတ်သူ၊ ပန်း နံ့သာ အထုံအခိုးအမွှေး အမျိုးမျိုး ရောင်းသူတို့ကို အင်ကြင်းဥယျာဉ်သို့လာရောက်ရန် ဖိတ်ကြားပြီးနောက် မြတ်စွာဘုရား၏ အလောင်းတော်ကို၊ အကျော်, စမ္ပာ စသောပန်းနံ့သာတို့ဖြင့်မွှမ်း၍ပူဇော်ခြင်း၊ ထူးဆန်းသာ ယာသောကခြင်း၊သီခြင်း၊တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ခြင်း ပြုကြလျက်၊အသစ်စက်စက်ဖြစ်သောပုဆိုးဗိတာန်၊ ပုဆိုး မလွှာပ်တို့ကိုစီရင်ခြင်းဖြင့်တနေကုန်၍သွားလေ၏။

ဥယျာဉ်မှမကုဋဗန္ဓုသို့

ဤနည်းအတိုင်း ခုနစ်ရက်အထိ ဆိုက်ရောက်သွားပြီး နောက်အလောင်းတော်ကို မြို၏အနောက်မှယူဆောင်၍ မြောက်တံခါးသို့ ဝင်ရောက်ပြီးလျှင်၊ အရှေ့တံခါးသို့ ထွက်ရန်၊ အရှေ့တံခါးမှတဖန် မလ္လာမင်းတို့မင်္ဂလာပြုရာ ဖြစ်သော မကုဋဗန္ဓုန အရပ်၌ တေဇောဓါတ် လောင်စေ ရန်လမ်းပန်းတို့ကို သန့်ရှင်းအောင် သုမ်သင် စေ လေ၏၊ ထို့နောက် လူတို့သည်ငင်း၊ နတ်တို့သည်ငင်း အလောင်း တော်ကို ပူဇော်ရင်း ပတ်ဝန်းကျင် ပွဲလမ်း သဘင် တို့ဖြင့် မြို့အနောက်မှ မြောက်မျက်နှာတံခါးသို့ အလောင်းတော် ကိုယူဆောင်ကြကုန်၏၊ တဖန်မြို့အနောက် တံခါးမှမြို့ လယ်ခေါင်သို့ ယူဆောင်ကြကုန်၏၊ ထိုအချိန်အခါ၌ လူတို့၏ အကြားတွင် နတ်တို့သွားလာ၍ နေသည် ကိုလည်းထင်ရှားစွာတွေ့မြင်ကြရလေကုန်၏။

မဟလ္လတာ တန်ဆာဆင်ခြင်း

နာမည်ကျော် ဗန္ဓုလစစ်သူကြီးကတော်၊ မလ္လိကာ သည်လည်း၊ ဗုဒ္ဓရှင်တော်ဘုရား၏ အလောင်းတော်ကို ယူဆောင်၍ လာသည်ဟု ကြားရလေလျှင်၊ စစ်သူကြီး ကွယ်လွန်ချိန်ကစ၍မဝတ်ဆင်ပဲထားခဲ့သော (ဝိသာခါ သေဋ္ဌေးမကြီး၏ တန်းဆာနှင့် တူသည့်) မဟလ္လတာ တန်းဆာကို ''မြတ်စွာဘုရားအား ပူဇော်အံ့'' ဟု ကြံစည်ပြီးလျှင် နံ့သာရေများဖြင့် ဆေးကြော၍ အသင့် စောင့်ဆိုင်းကာနေလေ၏၊ အိမ်တံခါးဝတည့်တည့်သို့ အလောင်းတော် ဆိုက်ရောက်လာသည်နှင့် တပြိုင်နက် ''ကဲ—မောင်တို့ ခဏကလေးရပ်တံ့ချထားကြပါဦး''ဟု ဆို၍ မဟလ္လတာ တန်းဆာဖြင့် အလောင်းတော်ကို ဦးခေါင်းမှစ၍ ဖဝါးတိုင်အောင် စွပ်လွှာပူဇော်လေ၏၊ သိဂ်္ဂိနိုက် ရွှေအဆင်းနှင့် တူသော အလောင်းတော်၌ ရတနာခုနစ်ပါး တို့ဖြင့် စီခြယ်၍ ထားသော အဆိုပါ မဟလ္လတာ တန်းဆာကို ဆင်ယင်လိုက်လေလျှင်၊ အလွန်ပင် လျောက်ပတ်တင့်တယ်သည့်အသွင်ကို ဖူးမြင် ကြရလေ၏၊ စစ်သူကြီးကတော်လည်း''တပည့်တော်မ သည်၊ ဤတန်းဆာကို လှူရသော ကောင်းမှုကြောင့်၊ ဖြစ်လေရာရာဝယ်၊ တန်းဆာမဆင်ပဲ တင့်တယ်လှပသူ ဖြစ်ရပါစေသားဘုရား''ဟု ဆုတောင်းလေ၏။

ထို့နောက် အလောင်းတော်ကို ယူဆောင်ပြီး မြို့၏ အရှေ့တံခါးမှထွက်၍ မကုဋဗန္ဓုနအရပ်၌ လျောက်ပတ် တင့်တယ်အောင် ထားကြ လေသည်။ (ယခုအခါ မာထကုဝ်မှ အရှေ့ဘက် တမိုင်သာသာရှိ ရာမဘာရ-

သို့မဟုတ် ဒေဝိဆဋ္ဌာန် ခေါ် နေရာသည် မကုဋမန္ဓနအရပ်ဖြစ်၏။)

စန္ဒကူးထင်းပုံပေါ်သို

မလ္လာမင်းတို့သည် အရှင်အာနန္ဒာ၏ ညွှန်ကြားချက်အတိုင်း အလောင်းတော်ကို ကစိမချသေးသော ပုဆိုးအသစ်စက်စက် တို့ဖြင့် ရစ်ပတ်ပြီးနောက်၊ နှုနယ်သော ဝါဂွမ်းများဖြင့် ရစ်ပတ်ကြပြန်ကုန်၏၊ ဝါဂွမ်းများအပေါ် ၌လည်း၊ ပုဆိုးသစ်ငါးရာ တို့ဖြင့် အထပ်ထပ် ရစ်ပတ်ကြပြီးလျှင် ရွှေစင်ဖြင့်ပြုလုပ်၍ ထားသည့် ကျင်း (တလား) ၌ ထည့်၍ ဆီလောင်းကာ၊ ရွှေကျင်း (ရွှေသားတလား) ကို ဖုံးလိုက်ကြကုန်၏၊ ပြီးမှလှပစွာ ပြင်ဆင်၍ထားသည့် စန္ဒကူးထင်းပုံပေါ်သို ရွှေကျင်းကို တင်ထားကြကုန်၏။

ရှင်မဟာကဿပနှင့် နောက်ပါ-၅၀၀

ဤအတော အတွင်း၊ အရှင်မဟာကဿပ သည်၊ ပါဝါပြည်မှ၊ ကုသိနာရုံပြည်သို့ နောက်ပါရဟန်း ငါးရာတို့နှင့် တကွ ကြွလာ တော် မူလေရာ၊ မွန်း တည့် ရှိန် ရှိန် အချိန်ကြီးဖြစ်သောကြောင့် ပူလောင်လှသဖြင့် "ညနေချမ်းအခါကျမှ ကုသိနာရုံသို့ အရောက်သွား၍ ဘုရားရှင်ကိုဖူးမြင်တော့မည်" ဟု ကြံစည်ကာသစ်ပင်ကြီးတပင်၏ အောက်ဘက်နားနေတော်မူကြလေကုန်၏၊ ဤသို့နားနေစဉ် တက္ကတွန်း တယောက်သည်၊ ကုသိနာရုံမှ မန္ဒာရဝ မည်သောနတ်ပန်း (ဝါ- ထင်ရှားပန်း) ကို ထီးကဲ့သို့ ဆောင်းလျက်၊ ပါဝါပြည်သို့ လာနေသည်ကို တွေ့မြင်တော်မူရလေလျှင်၊ "ဤတက္ကတွန်း၏လက်၌ပါလာသော မန္ဒာရဝ နတ်ပန်းသည် ငါတို့လူပြည်၌ အမြဲတန်းပေါ်သောပန်းမျိုးမဟုတ်၊ တန်ခိုးရှိသော ပုဂ္ဂိုလ်တို့ ဖန်ဆင်းသောအခါ၌ဖြစ်စေ၊ ဘုရားအလောင်းတော်တို့ ပဋိသန္ဓေနေသော အခါ၌ဖြစ်စေ၊ ဖွါးမြင့်တော် မူသော အခါစသည်တို့၌ဖြစ်စေပေါ်ပေါက်သောပန်းမျိုးဖြစ်ပေသည်၊ ကေန္တ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်လားဟန်တူ၍၊ မေးရလျှင်ကောင်းမည်။ သို့ရာတွင် ဤနေရာကနေ၍ မေးရလျှင် ဘုရားရှင်ကို မရိုသေရာကျလိမ့်မည်" ဟု ကြံစည်ကာ၊ ရှင်တော်ဘုရား သနားချီးမြှင့်တော်မူသည့်ပံသုကူဒုကူဋ်သင်္ကန်းကိုရုံ၍ လက်စုံယှက်ကာထိပ်ထက်၌တင်ပြီးသော်၊ "ငါ့ရှင်အာဇီဝက၊ ငါတို့ဆရာမြတ်စွာဘုရားကို သင်သိပါသလား" ဟုမေးရာတွင်၊ တက္ကတွန်းက "ငါ့ရှင် ငါသိပါသော်ကော၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြု၍ ယနေ့ဆိုရင် ခုနစ်ရက်ရှိခဲ့ပြီ၊ ဤမန္ဒာရဝ နတ်ပန်းသည် ရဟန်းဂေါတမ ပရိဗ္ဗာန်ပြုရာက ယူဆောင်ခဲ့သောပန်းပင် ဖြစ်တော့သည်" ဟု ပြောလေ၏။ ထိုတက္ကတွန်း၏ စကားကို ကြားရသည်နှင့် တပြိုင်နက်၊ ရဟန်းငါးရာတို့တွင်ပုထုဇဉ်-သောတာပန်-သကဒါဂါမ်ရဟန်းတို့သည် သပိတ် သင်္ကန်းများကို ပစ်ချကာ၊ ဆောက်တည်ရာမရ၊ အထူးထူးအထွေထွေ ငိုကြွေးရှာကြကုန်၏။

(ဤနေရာတွင် ရဟန္တာ အရှင်မဟာကဿပသည် ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည်ကို မသိ မဟုတ်၊ သိတော် မူသည်သာတည်း။ သိတော် မူသော်လည်း၊ နောက်ပါရဟန်း ငါးရာတို့တွင် အချို့လည်း ဘုရားရှင်ကို မြင်ဘူးကုန်၏၊ အချို့လည်း မမြင်ဘူးကုန်။ ထို ရဟန်းတို့သည် ဘုရားရှင်ကို အလွန်ပင် ဖူးမြင်လိုကြကုန်၏။ အကယ်၍ ကုသိနာရုံ ပြည်သို့ ရောက်လျှင်ရောက်ချင်း ဘုရားရှင်ကို မဖူးမြင်ရပါလျှင် ဆောက်တည်ရာမရဖြစ်ကာ၊ မိန်းမများကဲ့သို့ လူးလဲ၍ငိုမည့်ပုဂ္ဂိုလ်များလည်း ရှိပေလိမ့်မည်ဖြစ်ပေရာ။ ငါ၏ ဇာန္တေ အလွန် မဲ့ပေလတံ့၊ ယခုကဲ့သို့ တောတွင်းကပင် သိစေရလျှင် ငိုကြွေးပါသော်လည်း အပြစ်ဆိုမည့်သူမရှိပေရာ၊ ရွေးဦးစွာ မြင်စ ကြားစ ဆိုသည်မှာလည်း စိုးရိမ် ပူဆွေးမှုအတွက် ပြင်းထန်စမြဲဖြစ်ပေသည်ဟုနှလုံးသွင်းလျက် နောက်ပါ ရဟန်းတို့အား ကြိုတင်၍ သိစေရန်၊ သိလျက်နှင့်မေးတော်မူခြင်းဖြစ်သည်ဟု မှတ်ယူထိုက်ပေသည်။)

ရဟန်းအများ ခြောက်ခြားမြည်တမ်းလျက် ပင်ပမ်းကြီးစွာ ငိုကြွေး၍နေကြသည်ကို အာတုမရွာမှ လိုက်ပါလာသည့် သုဘဒ္ဒခေါ် တောထွက်ရဟန်းကြီးက "ငါ့ရှင်တို့ ဘာ့ကြောင့် ဒါလောက်တောင်စိုးရိမ်ပူဆွေးငိုကြွေးနေကြသလဲ၊ ငါတို့တတွေ ဂေါတမရဟန်းကြီး၌ လက်က လွတ်ကြပြီကျတ်ကြပြီ၊ ဒီရဟန်းကြီးဟာ ငါတို့တတွေကို၊ ဒီဟာကိုတော့လုပ်၊ ဒီဟာကိုတော့ မလုပ်ရဘူး၊ ဒီဟာကိုလုပ်ရင်ဖြင့် ဘယ်အာပတ်သင့်စေ-စသည်ဖြင့်၊ နှိပ်စက်ညှဉ်းဆဲခဲ့လှလေပြီ၊ ယခုတော့ဖြင့်၊ ငါတို့တတွေလုပ်ချင်ရာလုပ်ကြရတော့မယ်၊ နေချင်သလိုလေနေကြရတော့မယ်" ဟုပြောဆိုလေ၏။

သုဘဒ်၏ရန်ငြိုး

သုဘဒ် ရဟန်းကြီးကား၊ ဘုရားရှင်အပေါ်၌ အငြိုးကြီးစွာရှိခဲ့သဖြင့်၊ ဤကဲ့သို့ ပြောဆိုခြင်း ဖြစ်လေသည်၊ အငြိုးထားပုံကို သိသာစေရန်–သာရတ္ထဒီပနီဋီကာ စသည်တို့မှ ထုတ်နှုတ်ဖေါ်ပြလိုက်ပါအုံ။

တခါက ဗုဒ္ဓရှင်တော်ဘုရားသည်၊ နောက်ပါသံဃာတော် ၁၂၅၀-တို့နှင့်တကွ၊ဒေသစာရီကြွချီတော်မူရာ၊ အာတုမရွာသို့ဆိုက်ရောက်မည့် ဆဲဆဲတွင်၊ အဆိုပါ သုဘဒ်ရဟန်းကြီး သည်၊ အာတုမရွာ၌ ရှိနေသောကြောင့်၊ ရှင်တော် ဘုရားကြွလာတော်မူလိမ့်မည်ဟူသော သတင်းစကားကို ကြားရလေ၏၊ ဘုရားရှင်ကြွတော်မူလာလျှင်၊ ယာဂုဆွမ်းကပ်လှူမည်ဟူသော အကြံနှင့် သားများဖြစ်ကြသည့် ရှင်သာမဏေ နှစ်ဦးတို့ကိုခေါ်၍ ''ကဲ–ငါ့သားတို့၊ ငါတို့မြတ်စွာဘုရားသည် နောက်ပါသံဃာတော် ပေါင်း ၁၂၅၀-တို့နှင့်အတူကြွလာနေပြီတဲ့၊ယာဂုဆွမ်းလှူရအောင်၊ နှမ်းတို့-ဆန်တို့-ဆီတို့ ရှာဖွေကြရန် သင်ဒုံးအိမ် ပရိက္ခရာများကို ယူဆောင်ပြီးတော့၊ လူကြီးလူကောင်းများရဲ့အိမ်တွေကိုတက်ကာ၊ တတ်မြောက်ထားတဲ့ ဆတ္တာသည်အလုပ်ကိုလုပ်ကြ''ဟု စေခိုင်းလေ၏၊ သားရှင်သာမဏေနှစ်ဦးတို့လည်း၊ ဘခင်စေခိုင်းသည့် အတိုင်း၊ သာယာခြင်သော အသံဖြင့် ဆောင်ရွက်ကြလေသောကြောင့်၊ ဆံမုတ်ဆိတ် ပြုပြင်လိုသူဖြစ်စေ၊ မပြုပြင်လိုသူဖြစ်စေ အားလုံးတို့ကပင်''အခဘယ်လောက်လဲ''ဟု စေတနာထားကာ မေးကြလေလျှင်၊''ဖေဖေကြီးတို့ကျွန်တော်တို့ဟာ အခဘယ်လောက်ရယ်လိမ့်လိပါ၊ဘုရား



''ဆဟေ့ မဟေ့သိ''ခေါ် ကုဇ္ဇီဟိန္ဒြိယကြီး

ရှင်ကြွလာလျှင်၊ ယာဂုလှူချင်ပါတယ်၊ ဆိတ်ို–နွမ်းတို့–ဆန်တို့ကိုသာ အလိုရှိပါတယ်''ဟုပြန်လည် ပြောကြားကြလေကုန်၏၊ ထိုစကားကို ကြားရလေလျှင်၊ တန်ဘိုးကိုဂရုမပြုကြဘဲယူနိုင်သမျှပေးကြလေကုန်၏။ ပစ္စည်းများ စုံလင်လေလျှင်၊ မြတ်စွာဘုရားလည်း အာတုမရွာသို့ရောက်တော်မူပြီးနောက်၊ ဖွဲတလင်း တင်းကုတ်၌တည်းခို သီတင်းသုံးနေတော်မူလေ၏။သုဘဒ္ဒရဟန်းကြီးသည်လည်း ညနေချမ်း အချိန်တွင် ရွာတံခါးသို့ သွားကာ၊ လူတို့ကိုခေါ်ပြီးလျှင် ''မင်းတို့ဆီက ပစ္စည်းရယ်–ဘာရယ်–ငါမလိုလက်အမှုလောက် (လူအကူအညီ လောက်) ငါ့ကိုကူညီကြပါ''ဟုအကူအညီ တောင်းလေ၏။ လူတို့ကလည်း '' ဘယ်လိုကူညီရမလဲ'' ဟုဆိုကာ၊ ဝိုင်းဝန်း၍ လာကြလေ၏၊ ကျောင်းတလင်းအတွင်း၌၊ ထင်းများဖိုခနောက်များကိုစီရင်ပြီးလျှင်၊ အိုးကြီးအိုးငယ် အသွယ်သွယ်တို့ဖြင့် ယာဂုများကို ကျိုချက်စေလေ၏။ သုဘဒ္ဒရဟန်းကြီးကိုယ်တိုင်ကမူ၊ မဲညစ်သော သင်္ကန်းကြီးကို ဝတ်ရုံကာ လူပုံအကြားဌာန၌သွားလာရင်း''ဟိုမှာဆီထည့်ဟဲ့–သည်မှာနွမ်းထည့်ဟဲ့'' စသည်ဖြင့် တည်လုံး စီမံဆောင်ရွက်၍နေလေ၏၊ ထိုယာဂုကျိုချက်မှုအတွက် အသပြာပေါင်းတသိန်းမျှကုန်ကျသည်ကို ထောက်ထားခြင်းအားဖြင့် မည်မျှကြီးကျယ်မည် ဖြစ်ကြောင်း ခန့်မှန်းနိုင်ဘွယ် ရှိပေသည်။

ယာဂုအတွင်း၌။ ထောပတ်, ပျားရည်, တင်လဲ, ငါး, အပွင့်, အသီးစသော အရသာရှိသမျှတို့ကို ထည့်သွင်း ကျိုချက်လေ၏၊ အနှံ့လည်း အလွန်ပင်ကောင်းမွန်လေ၏၊ အလှအပ ပြင်ဆင်လို သူများအဘို့ ခေါင်းလိမ်းလောက်အောင် ကောင်းလေ၏။


ဗုဒ္ဓရှင်တော်ဘုရားလည်း၊ နံနက် စောစောတွင် သံဃာအပေါင်း ခြံရံလျက် ဆွမ်းခံကြွရန် အာတုမရွာသို့ရှေးရှုကြွတော်မူခဲ့သည်ကိုယာဂုချက်သူတို့ မြင်လျှင် ''အရှင်သုဘဒ္ဒ ယာဂုကို ဘယ်သူ့အတွက် ကျိုချက်ထားပါလဲ၊ ဘုရားရှင်တော့ ကြွလာပြီ''ဟု ပြောဆိုကြလေကုန်၏၊ သုဘဒ္ဒရဟန်းကြီးလည်း ထိုစကားကိုကြားလျှင် ဝတ်ရုံထားသည့် သင်္ကန်းညစ်ကြီးဖြင့် လက်ျာဘက်မှ ယောင်းမကိုကိုင်လျက်၊ လက်ဝဲဘက်မှ ယောက်ချိုကို ကိုင်လျက်၊ ဘုရားရှင်၏အနီးသို့ကပ်ပြီးလျှင် မိမိကိုယ်ကို တကယ့် မြဟ္မာကြီး၏ဟန်ပန်ကဲ့သို့လက်ျာပဆစ်ဒူးဝန်းကို မြေပေါ်တွင် ထောက်၍ တုတ်ဝပ်ရှိခိုးပြီးနောက် ''ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်အား သနားတော်မူ ပါသဖြင့်၊ ယာဂုအလှူကိုခံယူတော်မူပါဘုရား''ဟုလျှောက်ထားလေ၏။

ဗုဒ္ဓရှင်တော် မြတ်ဘုရားလည်း၊ သိတော်မူလျက်နှင့်ပင် ''ငါ့ရှင်သုဘဒ္ဒ၊ ဒီယာဂုကိုဘယ်ပုံဘယ်နည်း စီမံသလဲ''ဟု မေးတော်မူလေရာ၊ သုဘဒ္ဒ ရဟန်းကြီးကလည်း၊ စီမံပုံ အလုံးစုံကို လျှောက်ကြားလေ၏။ထိုအခါမှ ''ငါ့ရှင်သုဘဒ္ဒ တရားနှင့် မလျော်တဲ့အမှုအရာနဲ့ ဘာကြောင့် ရွာဖွေ အားထုတ်ရသလဲ၊ တရားနဲ့မလျော်တဲ့ ပစ္စည်းကိုလှူလိုလဲအကျိုးမရှိ သုံးဆောင်လျှင်လဲ တရားသဖြင့်သုံးဆောင်မှုမဖြစ်နိုင်'' စသည်ဖြင့်၊ အမျိုးမျိုး အဖုံဖုံ ကဲ့ရဲ့ ဆုံးမတော်မူပြီးလျှင်၊ အကဿပသမာဒါနသိက္ခာပုဒ်၊ ခုဒ္ဒာနုဿုပရိဟရဏသိက္ခာပုဒ်ဟူသော သိက္ခာပုဒ် နှစ်ပါး တို့ကိုပညတ်တော်မူပြီးလျှင် ''ချစ်သားတို့ဒီယာဂုကိုအလှူမခံကြနှင့်''ဟုမိန့်ကြားတော်မူကာဆွမ်းခံကြွမြဲကြွတော်မူလေ၏။သုဘဒ္ဒရဟန်းကြီးလည်း နှလုံးမသာ မျက်နှာမလှဖြစ်ကာ ''ရှင်ဂေါတမဟာ အလုံးစုံကို သိသူဟု ကျော်စောတယ်၊ တကယ်လို့ ငါ့အလှူကို အလှူမခံဘူး ဆိုရင် စေသင့်ကြောင်းသင့်တယ်၊ချက်ပြီးတဲ့ အစာဆိုတာ ဟာလဲ ကြာကြာထားလို့ မတော်တော့ဘူး၊ သည်လို ဖြစ်နိုင်ဘို့ရာ ငါတသက်လုံး ကြိုးစားခဲ့ရတယ်၊ အသနားအကြင်နာကြီးမားတဲ့သူလို့ ဆိုပါလျက် ကယ်နဲ့ ငါအကျိုးမဲ့ကို မြင်ကပလေတယ်၊ ငါ့အရှက်ကို ခွဲရက်ပလေတယ်၊ ဘာမျှမကျန်အောင် ဖျက်ဆီးရက်ပလေတယ်'' ဟု ဘုရားရှင်၏အပေါ်၌ ရန်ငြိုးကြီးစွာထားခဲ့လေသည်။

မူလေ၏ "ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်လားတော် မူသည်မှာ၊ ခုနစ်ရက်မျှသာ ရှိပါသေးကလား.... ရွှေအဆင်းနှင့် တူသော အလောင်းတော်ကိုတောင် မသင်္ကြံဟ်ရသေးသဖြင့် အထင်အရှား ရှိနေသေးတယ်၊ ဒါနဲ့တောင် မကောင်းတဲ့သူတွေက မကြည်ဖြူတဲ့ စကားတွေကို ပြောဆိုရက်ကြပလေတယ်၊ ဒီလိုသူယုတ်တွေ အားကောင်းပြီးလာမယ်ဆိုရင် မကြာတော့ဘူး၊ သာသနာတော်ကြီးကို ပျက်စီးအောင် ဖျက်ဆီးကြတော့မယ်၊ ဒီသုဘဒ္ဒရဟန်းကြီးကို ဒီနေရာမှာပဲ ပုဆိုးစုတ်ကို အဝတ်ခိုင်း ထိပ်ပေါ်မှာပြာပုံပြီးနှင့်လွှတ်လိုက်မယ်ဆိုရင် [ရှင်ဂေါတမရဲ့တပည့်တွေဟာ အလောင်းတော်မကွယ် ပျောက်သေးမီကပင်တဦးနှင့်တဦး အချစ်အကြင်နာမရှိ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု များလိုက်ကြတာ၊ မထေရ်ကြီးက မထေရ်ငယ်ကို နှိပ်စက်နေကြပြီ] လို့ ငါတို့တတွေကို လူအများက ကဲ့ရဲ့ကြတော့မှာပဲ" ဟု စိတ်ထားကာ မျိုသိပ် သည်းခံတော်မူပေ၏၊ တဖန် "ကြီးသီတန် ထိုသို့ပင် ရန်ငြိုးထားသော်လည်း၊ သက်တော်ထင်ရှား ဘုရားရှင် ရှိတော်မူစဉ် အခါ "ဂေါတမဆိုတာ မြင့်မြတ်တဲ့အမျိုးက ရဟန်းပြုလာသူဖြစ်တယ်၊ တစုံတရာ ဆိုမိ ပြောမိရင် ငါ့ကိုသာ ချိမ်းချောက်ကြလိမ့်မယ်"ဟု ယူဆလျက် တစုံတရာ မပြောမဆိုခဲ့ပေ၊ ယခု ကဲ့သို့ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဟု ကြားရမှအကြေနပ်ကြီးကြေနပ်ကာ" သူ့လက်တွင်းက ကျွတ်ပဟဲ့- လွတ်ပဟဲ့" စသည်ဖြင့် ဝမ်းသာအားရပြောဆိုခြင်းဖြစ်လေသတည်း။

သံဂါယနာတင်ရန်အကြံတော်

ဤကဲ့သို့ သုဘဒ္ဒရဟန်းကြီး၏ ရိုင်းပြစွာ ပြောဆိုချက်ကို၊ အရှင်မဟာကဿပ အရှင်မြတ်ကြီးကြားတော်မူလေလျှင် အသည်းကိုသံမှိုနှက်သကဲ့သို့ဇင်း၊ ဦးထိပ်ကို မိုးကြိုးစက်ကျသကဲ့သို့ဇင်း၊ ဓမ္မသံဝေဂအရကြီး ရတော်



ဂုဇာဂြိုဟ်မြို့တောင်တဝိုက်ပုံ

များနဲ့ သီကုန်းမထားတဲ့ ပန်းများဟာ ဗရမ်းဘတာ ဖယိုဖရဲဖြစ်သလို၊ ရှင်ဘော်ဘုားများ ဟောကြားတော်မူတဲ့ တရားတော်နဲ့၊ ပညတ်တော်မူတဲ့ ဝိနည်းတော်တွေကို ကောင်းမွန်စွာ စုရုံးပြီးသကာလ၊ သံဂါယနာမတင်ပဲ နေလို့ရှိတာဖြင့်၊ မသူတော်ဖြစ်တဲ့ရဟန်းဆိုးရဟန်းညစ်တွေကဖြောက်ဖျက်ရုံချတော့မှာမို့ တဖြေးဖြေးပျောက်ပျက်ကုန်တော့မှာပဲ၊ သံဂါယနာတင်ထားမယ် ဆိုရင်ဖြင့်၊ လူပ်ရှားနိုင်မယ်လဲ မဟုတ်ပေဘူး၊ ပျောက်ပျက်နိုင်စရာလဲရှိမယ်မဟုတ်ပေဘူး၊ စကြာမင်းကြီးဟာသားကြီးရတနာကို ပြည်ရွာထိန်းသိမ်းရေးအတွက်၊ မင်းမြောက်တန်းဆာ ငါးပါးနဲ့တကွ အရာအထူးကို ပေးသလို၊ ရှင်တော်ဘုရားဟာလဲ တရားတော်တွေကို စောင့်ထိမ်းစေရန်၊ ဟို-အစတုန်းက၊ သုံးဂါဝုတ်လောက်ဝေးတဲ့ခရီးကို ကြွရောက်တော်မူလာပြီး၊ ငါ့ကိုကြိုဆိုတော်မူခဲ့ပေတယ်၊ ဆုံးမသြဝါဒ ပေးတော်မူခဲ့ပေတယ်၊ ကိုယ်တော်တိုင် ဝတ်ရုံတော်မူတဲ့ ဒုကူဋ္ဌသင်္ကန်းတော်ကိုလဲ ချီးမြှောက်တော်မူခဲ့ပေတယ်၊ တကယ်လို့ ရှင်တော်ဘုရား ဟောကြား တော်မူတဲ့ တရားတော်တွေကို သံဂါယနာမတင်ဘူးဆိုရင်ဖြင့်၊ ကျေးဇူးတော်မပြောဘဲရှိပေတော့မယ်၊ မကြာခင် သံဂါယနာတင်ရအောင် ငါကြိုးစားမယ်....'' ဟု စိတ်ထဲသြးကသာကြံစည်တော်မူလေသည်၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ဖွင့်ဟမိန့်ကြား တော်မမူခဲ့ပေ၊ ငိုယိုတသလျက်ရှိသော ရဟန်းတော်များကိုလည်း ငါ့ရှင်တို့ သခင်ရတရားတွေရဲ့ပျက်ပြားမြဖြစ်တဲ့ သဘောတွေကို ရှင်တော်မြတ်ဘုရားလဲ ဟောကြားတော် မူခဲ့လှပြီ မဟုတ်လား၊ သောကမီးကို ထိန်ငြိုးအောင် မပြုကြလေနဲ့၊ ဖြေကြဆည်ကြ'' ဟု ဆုံးမလျက် သက်သာရာ ရစေတော်မူလေ၏။

မီးမစွဲပဲနေပုံ

ကုသိနာရုံပြည် မကုဋေမန္ဓန အရပ်ဒွါရသည်း မလ္လာမင်းဘိုသည် အလောင်းတော်တင်ထားရာ ထင်းပုံကြီးကို ဆီထောပတ်များ လောင်း၍ အကြိမ်ကြိမ် မီးတိုက်ကြသော်လည်း မလောင်နိုင်ပဲရှိနေသဖြင့် အရှင်အနုရုဒ္ဓါ အရှင်မြက်အား လျှောက်ထားကြလေရာ ''မင်းသားတို့ တတိယ သာဝကကြီး ဖြစ်တော်မူတဲ့ အရှင်မဟာကဿပကို နတ်ပြည်ကို ရောက်နေကြတဲ့ မလ္လာမင်းများနဲ့ သီကုန်းမထားတဲ့ ပန်းများဟာ ဗရမ်းဘတာ ဖယိုဖရဲဖြစ်သလို၊ ရှင်ဘော်ဘုားများ ဟောကြားတော်မူတဲ့ တရားတော်နဲ့၊ ပညတ်တော်မူတဲ့ ဝိနည်းတော်တွေကို ကောင်းမွန်စွာ စုရုံးပြီးသကာလ၊ သံဂါယနာမတင်ပဲ နေလို့ရှိတာဖြင့်၊ မသူတော်ဖြစ်တဲ့ရဟန်းဆိုးရဟန်းညစ်တွေကဖြောက်ဖျက်ရုံချတော့မှာမို့ တဖြေးဖြေးပျောက်ပျက်ကုန်တော့မှာပဲ၊ သံဂါယနာတင်ထားမယ် ဆိုရင်ဖြင့်၊ လူပ်ရှားနိုင်မယ်လဲ မဟုတ်ပေဘူး၊ ပျောက်ပျက်နိုင်စရာလဲရှိမယ်မဟုတ်ပေဘူး၊ စကြာမင်းကြီးဟာသားကြီးရတနာကို ပြည်ရွာထိန်းသိမ်းရေးအတွက်၊ မင်းမြောက်တန်းဆာ ငါးပါးနဲ့တကွ အရာအထူးကို ပေးသလို၊ ရှင်တော်ဘုရားဟာလဲ တရားတော်တွေကို စောင့်ထိမ်းစေရန်၊ ဟို-အစတုန်းက၊ သုံးဂါဝုတ်လောက်ဝေးတဲ့ခရီးကို ကြွရောက်တော်မူလာပြီး၊ ငါ့ကိုကြိုဆိုတော်မူခဲ့ပေတယ်၊ ဆုံးမသြဝါဒ ပေးတော်မူခဲ့ပေတယ်၊ ကိုယ်တော်တိုင် ဝတ်ရုံတော်မူတဲ့ ဒုကူဋ္ဌသင်္ကန်းတော်ကိုလဲ ချီးမြှောက်တော်မူခဲ့ပေတယ်၊ တကယ်လို့ ရှင်တော်ဘုရား ဟောကြား တော်မူတဲ့ တရားတော်တွေကို သံဂါယနာမတင်ဘူးဆိုရင်ဖြင့်၊ ကျေးဇူးတော်မပြောဘဲရှိပေတော့မယ်၊ မကြာခင် သံဂါယနာတင်ရအောင် ငါကြိုးစားမယ်....'' ဟု စိတ်ထဲသြးကသာကြံစည်တော်မူလေသည်၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ဖွင့်ဟမိန့်ကြား တော်မမူခဲ့ပေ၊ ငိုယိုတသလျက်ရှိသော ရဟန်းတော်များကိုလည်း ငါ့ရှင်တို့ သခင်ရတရားတွေရဲ့ပျက်ပြားမြဖြစ်တဲ့ သဘောတွေကို ရှင်တော်မြတ်ဘုရားလဲ ဟောကြားတော် မူခဲ့လှပြီ မဟုတ်လား၊ သောကမီးကို ထိန်ငြိုးအောင် မပြုကြလေနဲ့၊ ဖြေကြဆည်ကြ'' ဟု ဆုံးမလျက် သက်သာရာ ရစေတော်မူလေ၏။

မီးမစွဲပဲနေပုံ

ကုသိနာရုံပြည် မကုဋေမန္ဓန အရပ်ဒွါရသည်း မလ္လာမင်းဘိုသည် အလောင်းတော်တင်ထားရာ ထင်းပုံကြီးကို ဆီထောပတ်များ လောင်း၍ အကြိမ်ကြိမ် မီးတိုက်ကြသော်လည်း မလောင်နိုင်ပဲရှိနေသဖြင့် အရှင်အနုရုဒ္ဓါ အရှင်မြက်အား လျှောက်ထားကြလေရာ ''မင်းသားတို့ တတိယ သာဝကကြီး ဖြစ်တော်မူတဲ့ အရှင်မဟာကဿပကို နတ်ပြည်ကို ရောက်နေကြတဲ့ မလ္လာမင်းဟောင်း နတ်သား ရှစ်ယောက် တို့ဟာ အင်မတန် ကြည်ညိုကြတယ်၊ အရှင်မဟာ ကဿပကိုယ်တော်မြတ်ကြီးဟာ ယခုခရီးတန်းလန်းမှာ ရှိနေတော်မူတယ်၊ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီး အလောင်းတော်ကို မပူဇော် မရှိခိုးရသေးသမျှ ဒီထင်းပုံကို မီးမလောင်ပါစေသတည်းလို့ အဲဒီနတ်မင်း၊ ရှစ်ဦးငါ့ကို အဓိဋ္ဌာန်ပြုကြတဲ့အတွက် မီးမစွဲနိုင်ပဲ ရှိနေတယ်'' ဟု မိန့်ကြားတော်မူလေ၏။

ဘယ်လိုကိုယ်တော်ကြီးပါလိမ့်

လူအများလည်း ''အလိုရှင်မဟာကဿပကိုယ်တော်ကြီးဆိုတာ ဘုရားရှင်ရဲ့ တတိယတန်း တပည့်ကြီးဖြစ်ပါလျက်ကနဲ့ ဘာကြောင့်များ ဒီလောက်ကြာနေရပါလိမ့်မလဲ၊ နတ်တွေကတောင် ကိုယ်တော်ကြီးရဲ့ အလိုတော်ကို ဖြည့်ကြရတယ် ဘယ်လောက်တောင် ထူးမြတ်တယ်ဆိုတာကို သိချင်လိုက်ပါဘိ အသားတော်က ဖြူသလား မဲသလား အရပ်တော်ကလဲ မြင့်သလား နိမ့်သလား၊ ဘယ်အချိန်မှ ကြွလာတော်မူမှာလဲ'' စသဖြင့် ပြောဆိုကြကာ အချို့လည်း အသင့်ကြိုဆိုရှိနေကြကုန်၏၊ အချို့လည်း လမ်းရှင်းရှိ နေကြကုန်၏၊ အချို့လည်း နေရာထိုင်ခင်းများ ပြင်ဆင် ခင်းကျင်းရှိ နေကြကုန်၏။

တေဇောဓါတ် လောင်ခြင်း

ထိုအချိန်မှာပင် အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် နောက်ပါရဟန်းငါးရာတို့နှင့် တကွကြွတော်မူလာ၍ ထင်းပုံပေါ်ရှိ တလားအတွင်း၌ သွတ်သွင်းရှိထားသော အလောင်းတော်ရှိရာသို့ လက်အုပ်ချီလျက် စန္ဒကူးထင်ပုံကြီးကို လက်ျာရစ် သုံးပတ်လှည့်၍ ပူဇော်တော်မူပြီးနောက် ဘုရားရှင်၏ ခြေတော်အစုံ ကြာပဒုံတို့ကို ဦးခေါင်းထက်၌ထား၍ ရှိခိုးရှာလေ၏ ငါးရာသော ရဟန်းတို့လည်း အမျိုးမျိုး အဖုံဖုံ ရှိခိုးကြလေကုန်၏ ကိုယ်စီပြီးလျှင် အလောင်းတော်ကို တေဇောဓါတ်လောင်ကြွမ်း တော်မူလေသတည်း။

ဓါတ်တော်ဝေပွဲကြီး


တေဇောဓါတ် လောင်တော်မူပြီးနောက် ခုနစ်ရက်ပတ်အတွင်း၌ ဓါတ်တော်ဝေပွဲကြီးကို ပြုလုပ်ကြလေကုန်၏။

သံဃာ ၇-သိန်းစည်းဝေးပွဲကြီး

ဓါတ်တော်ဝေပွဲကြီးပြီးဆုံးသည့်နေ့မှာပင်၊ရှင်မဟာကဿပကိုယ်တော်ကြီးသည်၊ ယခင် သုဘဒ္ဒရဟန်းကြီးပြောဆိုခဲ့ဘူးသော စကားကို စိတ်ထဲ၌ ထားတော်မူလျက်၊ ဘုရားရှင် ပရိနိဗ္ဗာန် စံယူတော်မူသဖြင့် ရောက်လာကြကုန်သော သံဃာတော်ခုနစ်သိန်းတို့အား ဓါတ်တော်ထားရာဇရပ်၌ အစည်းအဝေးကြီးခေါ်ယူတော်မူလေ၏။

သူတော်ကောင်းတွေ အားမသေးမီ

သံဃာတော်တို့စုံညီတော်မူလေလျှင်၊ အရှင်မဟာကဿပကိုယ်တော်ကြီးက "ငါ့ရှင်တို့– ငါတို့ ဆရာမြတ်စွာဘုရားရှင်ဟာ အင်မတန် ကြီးမားတဲ့ ကရဏာစိတ်နဲ့ သတ္တဝါတွေကိုအပါယ်တံခါးပိတ်အောင် သိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့တယ်။ အဲဒါကို မလိမ္မာတဲ့ရဟန်းတွေက ဆိုးသွမ်းတဲ့ စကားတွေနဲ့ ပယ်ရှားတွန်းလှန်ကြတယ်။ ဘုရားရှင်မရှိတော့ဘူးလို့မှတ်ထင်ကြတယ်၊ငါ့ရှင်တို့ပါဝါပြည်ကကုသိနာရုံပြည်သို့သံဃာငါးရာနဲ့ ငါလာတဲ့အခါမှာ၊ အာဇီဝကတယောက်ထံက ဘုရားရှင်ပရိနိဗ္ဗာန်စံယူတော်မူတဲ့ အကြောင်းကို ကြားရတဲ့ အတွက်၊ ရဟန်းတော် အများပဲ ငိုယို ပူဆွေးကြတယ်။ အဲဒီအခါမှာ အာတုမရွာသားဖြစ်တဲ့ သုဘဒ္ဒရဟန်းကြီးက (ငါ့ရှင်တို့ ဘာ့ကြောင့် ငိုနေကြရတာတုန်း၊ ဂေါတမရဟန်းကြီးရဲ့လက်တွင်းက ငါတို့လွတ်ကင်းကြရပြီ၊ ဂေါတမ ရဟန်းကြီးဟာ ငါတို့ကို နှိပ်စက်ခဲ့လှပြီ၊ ဒီအချိန်ကစပြီး ငါတို့ထင်တိုင်း နေကြရတော့မယ်) လို့ ပြောဆိုခဲ့တယ်။ ငါ့ရှင်တို့ အဲဒီသုဘဒ္ဒရဟန်းကြီးလို ယုတ်ညံ့သိမ်ဖျင်းတဲ့သူတွေဟာ မင်းစည်းစိမ်ကိုပေးတဲ့ ကျေးဇူးရှင်ကြီးကိုတောင်မှ ရန်သူပဲလို့ အထင်မှားတဲ့ ယောကျ်ားလို– ကျေးဇူးမသိ ပြောဆိုကြတယ်။ ဒီလိုအစားမျိုးတွေအင်အားကောင်းလာမယ်ဆိုရင်၊ သူတော်ကောင်းတရားဆိုတဲ့ ဘုရားရှင်ရဲ့ မိန့်ကြားချက်တွေဟာ မကြာမီ ကွယ်ပျောက်တော့မှာပဲ၊ စင်စစ်ကတော့ တရားတော်တွေနဲ့ ဝိနည်းတော်တွေ မကွယ်ပျောက်သေးသရွေ့ ကာလပတ်လုံး၊ ဘုရားရှင် ကွယ်လွန်ပြီလို့မဆိုနိုင်ဘူး။ ဒါကြောင့် မသူတော်တရားမထွန်းကား မတောက်ပမီ သူတော်ကောင်းတရား မရွေ့ရှား မပျောက်ပျက်မီ၊ အရှက်မဲ့တဲ့ သူယုတ်တွေရဲ့ တရားမဟုတ် ဝိနည်းမဟုတ်တာ တွေကို ဟောကြား ပညတ် ချက်များ မပြန့်ပွားမထွန်းကားမီ တရား မဲ့တဲ့ အရှက်မရှိသူတွေ အားမကြီးမီ၊ သူတော်ကောင်းများ အားမသေးမီ၊ တရားတော်များနှင့် ဝိနည်း တော်များကို သံဂါယနာတင်ကြပါစို့...." ဟု မိန့်ကြားတော်မူလေ၏။



ဝေဠုဝန်ကျောင်းတော်ရှိပညောင်ပင်ကြီး

သံဃာတော် အရှင်မြတ်တို့ကလည်း "အင်မတန်ကောင်းတဲ့အချက်ပါဘုရား၊ သံဂါယနာတင်ဘို့ အရှင်မြတ်ပဲ အားထုတ်တော် မူပါဘုရား၊ သင့်လျော်သော သံဃာတော်များကို ရွေးချယ်တော် မူပါဘုရား" ဟု လျှောက်ထားကြလေ၏။


၄၉၉-ပါး ရွေးကောက်ခြင်း

အရှင်မဟာကဿပ ကိုယ်တော်ကြီးလည်း၊ အင်္ဂါ

ကိုးပါးနှင့် ပြည့်စုံသည့် ပရိယတ္တိ သာသနာတော်၌၊ စာတတ် ပေတတ် ဆရာတော်ကြီးများ ဖြစ်ကုန်သော ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ဈာန်မရသော ရဟန္တာပုဂ္ဂိုလ် တို့ကို ချန်ထားပြီး သကာလများသောအားဖြင့်၊ တေဒဂ်ရ-ပဋိသန္ဓိဒါပတ္တ တေဝိဇ္ဇ၊ဆဠာဘိညရဟန္တာအရှင်မြတ် ၄၉၉-ပါးတို့ကို ရွေးကောက်တော်မူလေ၏၊ ငါးရာပြည့်ရန်တပါးမျှသာ လိုလေ၏။

မှတ်ချက်။ ငါးရာတွင် တပါး လျော့ရခြင်းကား၊ ရှင်အာနန္ဒာကို ထည့်သွင်းလို၍ဖြစ်ပေ၏။ ရှင်အာနန္ဒာကား၊ မြတ်စွာဘုရား၏ လက်ထက်တော်၌၊ သုတ္တ, ဂေယျစသော ပိဋကသုံးပုံကို အကုန်သင်ယူခဲ့သော ပုဂ္ဂိုလ်မြတ် ဖြစ်ပေရာ၊ ဘုရား ရှင်၏ မျက်ကွယ်၌ သင်ယူသည် ဟူ၍မရှိခဲ့၊ထို့ကြောင့် အရှင် အာနန္ဒာမပါပဲ သံဂါယနာ မတင်သင့်ပေ၊ တပါထည်း ငါးရာ ပြည့်အောင် ထည့်သွင်း လိုက်ရမည် ဆိုပါက လည်း ရဟန္တာ မဟုတ်ပဲ သောတာပန်မျှသာ ဖြစ်နေသေးသဖြင့် အခက်ကြုံတော် မူရလေ၏၊ ထို့ကြောင့် ရှင်အာနန္ဒာကိုတပါတည်း ထည့်သွင်းမည် ဆိုပါက လည်း သူတပါးတို့ ကဲ့ရဲ့စရာ အကြောင်းရှိလေသည်၊ (ဤအချက်သည်း အကြောင်းတခု) ထိုမျှမက၊ အရှင် အာနန္ဒာနှင့် အရှင်မဟာကဿပ တို့သည်၊ အလွန်ပင် ချစ်ကျွမ်းဝင်တော်မူကြကုန်၏၊ဆုံးမပြောဆိုဘွယ်အရေး အရာရှိခဲ့လျှင်၊ သက်တော်ခြောက်ဆယ်ကျော် ဆံပင်ဖြူ များပေါက်နေသည့် အရှင်အာနန္ဒာအား အရှင်မဟာ ကဿပသည် ''ဒီသူငယ်ဟာ အတိုင်းအရှည်ကိုဘာမျှ မသိတတ်သေးဘူး''ဟုဆို၍၊ (သူငယ်)ဟူသောအခေါ် အဝေါ်ဖြင့်ပင်လျှင်ဆုံးမလေ့ရှိခဲ့၏၊သို့ဖြစ်လေရာ ''အရှင် မဟာကဿပသည် ဆန္ဒာဂတိလိုက်၍ ရဟန္တာအများ ရှိနေပါလျက်၊သောတာပန်မျှသာ ဖြစ်သေးသော အရှင် အာနန္ဒာကို ရွေးကောက်တော် မူလေတယ်'' ဟု သူတထူးကဲ့ရဲ့မည်ကိုရှောင်ကြဉ်လိုတော်မူသော်ကြောင့် ချန်ထားတော်မူခြင်းဖြစ်လေသည် (ဤလည်းအကြောင်း တခု) စင်စစ်ကား၊ ကိုယ်တော်တိုင်ကောက်ယူ ထည့်သွင်းတော်မမူသော်လည်း၊ သံဃာတော်တို့၏ဆန္ဒအရ မှုချထည့်သွင်းတော် မူရမည်ကို သိမြင်တော်မူလျက်ပင် ဖြစ်ပေသတည်း။

အရှင်အာနန္ဒာမပါလျှင်



အဇာတသတ်မင်း၏ ကောင်းမှု ဓာတ်တော်စေတီကို
ပြန်လည်၍ မမှန်းမံခင်ကတွေ့ရပုံ

သံဃာ တော်တို့လည်း ''အရှင်အာနန္ဒာဟာ သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ် သော်လဲ၊ ပိဋကအရာမှာ ဘဏ္ဍာစိုးကြီး ဖြစ်ပါပေတယ်၊ ဓမ္မကထိန္ဒာ ပေါင်းရှစ်သောင်းလေး ထောင်တို့ကို ဘုရားရှင် ရှေ့တော်မှာ သာသင်ယူပြီးသကာလ နှုတ်တက်ဆောင်ထားသူ ဖြစ်ပါတယ်၊အရှင်အာနန္ဒာမပါဘဲ သံဂါယနာတင်တို့ မသင့်လျော်ပါဘူးဘုရား၊ ဒါကြောင့် အရှင်အာနန္ဒာကိုလဲ ရွေးကောက်တော် မူပါဘုရား'' ဟု ပိုင်းဝန်း၍ တောင်းပန်လျောက်ထားကြကုန်၏။

ရာဇဂြိုဟ်ဆိုတာ

ထိုအခါမှ အရှင်အာနန္ဒာကိုလည်း ထည့်သွင်းတော် မူလေ၏။ ထို့နောက်''ငါ့ရှင်တို့–ငါတို့ဟာ ဘယ်မြို့ ဘယ်ရွာမှာ ဝါကပ်ပြီး သံဂါယနာတင်ရလျှင် တော်မလဲ''ဟု ကိုင်ပင်တော်မူကြလေ၏။ ရာဇဂြိုဟ်ပြည်ကြီး

အရှင်အနုရုဒ္ဓါနှင့်အရှင်ပုဏ္ဏ

အရှင် အနုရုဒ္ဓါစသော တပည့်ကြီးများလည်း၊ မိမိ၏တပည့်များနှင့်အတူကြွတော်မူကုန်၏။

အရှင်ပုဏ္ဏကားရဟန်းတော်ခုနစ်ရာနှင့်အတူ ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာဌာနသို့ရောက်လာသမျှ ပရိသတ်တို့အား တရားဟောရန်၊ ကုသိနာရုံပြည်မှာပင် ကျန်ခဲ့တော်မူ၏။

မဖူးရတော့ဘူးလားဘုရ?

အရှင်အာနန္ဒာကား မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါကကဲ့သို့ ဘုရားရှင်၏သက်နှံးသပိတ် ပရိက္ခရာတို့ကို ကောင်းစွာယူဆောင်တော်မူပြီးလျှင် သာဝတ္ထိပြည်သို့ အခြံအရံရဟန်း ငါးရာနှင့်တကွ ကြွတော်မူလေ၏၊ အရှင်အာနန္ဒာရောက်လေရာ အရပ်တို့၌ လူအပေါင်းတို့သည် ပူပင်လိုက်လဲသော အသံဖြင့် "အို–အရှင်အာနန္ဒာရဲ့ ဟိုအခါတုံးက ဆိုရင် ဗုဒ္ဓရှင်တော်ဘုရားနဲ့အတူ ကြွလာမြဲ ဖြစ်ပါလျက် အခုတော့ ဖြင့် ဘုရားရှင်ကို ဘယ်မှာထားခဲ့ပြီးတော့ တပါးထဲ ကြွလာရတာတုန်းဘုရား–တပည့်တော်တို့ဟာ ဘုရားရှင်ကို မဖူးမြင်ရတော့ဘူးလား ဘုရား" ဟု ဆိုကာ ခြေတော်ကိုဘက်ရန်း၍ ငိုကြွေးမည်တမ်းကြရှာကုန်၏။ အရှင်အာနန္ဒာလည်း လူအပေါင်းတို့အား သခ်ါရတရားတို့၏ သဘောကို ဟောပြတော်မူ ခြင်းအားဖြင့် သက်သာရာ ရစေတော်မူ၏။

အငိုနှင့်အလျောက်

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ အရောက်တွင် ဘုရားရှင် ကိန်းဝပ်တော်မူနေကျ ဖြစ်သော ဂန္ဓကုဋိတိုက်တံခါးကိုဖွင့်၍ ညောင်စောင်း အင်းပျဉ်ကို ထုတ်၍လှန်းခြင်း ညစ်နွမ်းသော ပန်းအမှိုက်တို့ကို သုဓံသင်ခြင်း သက်တော်ထင်ရှားရှိတော်မူစဉ်အခါက မျက်နှာသစ်တော်မူမြဲနေရာ၌ ခင်းကျင်း၍ထားခြင်း သောက်တော်ရေတည်ခြင်း ရေချိုးအိမ်၌ ရေတည်ခြင်း ကျင်ကြီးအိမ် ကျင်ငယ်အိမ်များကို သုဓံသင်ခြင်း ကျောင်းတော်ကိုပြုပြင်ခြင်း စသည်တို့ကို ဆောင်ရွက်တော်မူရင်း "ဘုန်းတော် ကြီးသော အရှင်ဘုရား ဒီအချိန်ဟာ မျက်နှာသစ်တဲ့ အချိန်ပါဘုရား ဒီအချိန်ဟာ တပည့်

ဟာ ဆွမ်းခံရေးအတွက် ကျယ်လဲကျယ်တယ်၊ နေထိုင်စရာကျောင်းတွေလဲများတယ်၊ ပြည်သူပြည်သားများကလဲ ရတနာသုံးပါးနဲ့ပတ်သက်တဲ့အရေးမှာ လိမ္မာယဉ်ကျေးပြီးသူများဖြစ်ကြရုံမျှမက၊ စေတနာသဒ္ဓါနဲ့လဲ ပြည့်စုံကြတယ်။ အခြားသံဃာတွေ ရာဇဂြိုဟ် ပြည်မှာ ဝါမကပ်ကြဘူးဆိုရင် သံဂါယနာတင်ဘို့ရာသင့်လျော်တယ်"ဟုအကြံဖြစ်တော်မူကြလေ၏။"သံဂါယနာဆိုတာ ထာဝရတည်တံ့ရေးကိစ္စကြီးမျိုးဖြစ်တယ်၊သဘောမတူတဲ့သူတွေမရှိလျှင်တော်ရဲ့၊ ရှိလျှင်နှောင့်ယှက်ကြမှာမို့အားထုတ်ရကျိုးမနပ်ဘဲနေ လိမ့်မယ်"ဟု မျော်မြင်တော်မူမိကြသောကြောင့် အထက်ပါအတိုင်း အခြားရဟန်းတော်များ ဝါကပ်ရေး, မ ကပ်ရေးကို ကြိုစည်တော်မူကြခြင်းဖြစ်လေသည်။

ကြေငြာတော်မူချက်


ထို့နောက်"ယခုအစည်းအဝေးသို့ကြွရောက်တော်မူလာကြတဲ့ အရှင်မြတ်တို့၊ ယခုတပည့်တော်ပြောကြားမဲ့စကားကိုနားထောင်ကြ စေလို ပါတယ်၊ အကြောင်းသိသည်ဖြင့်လျှင် ယခုတပည့်တော်တို့ရွေးကောက် ထားတဲ့ရဟန်းတော် ငါးရာတို့ကို ရာဇဂြိုဟ်ပြည်မှာ ဝါကပ်ပြီးသကာလ တရားတော်နှင့် ဝိနည်းတော်များကို သံဂါယနာတင်ရန် ဆမုတိပေးလိုက်ပါတယ်။ ဒီငါးရာမှတပါးဖြစ်တဲ့ ကျန်ရဟန်းတော်များဟာ ရာဇဂြိုဟ်ပြည်မှာ ဝါကပ်တော်မမူကြပါနဲ့၊ ဒါဟာအများသိအောင်ကြေငြာချက်ပါဘဲဘုရား"ဟု ကြေငြာတော်မူလေ၏။

အဆင်သင့်ရှိကြပါစေ

ထိုနောက်မှ"ငါ့ရှင်တို့၊ယနေ့ဆိုရင်၊ရှင်တော်ဘုရားပရိနိဗ္ဗာန်လားလို့ ၂၁-ရက်ရှိသွားပေပြီ၊ နွေရာသီကုန်ဆုံးဘို့ရာလဲ အရက် ၄၀-မျှသာလိုတော့တဲ့အတွက် ဝါဆိုဘို့နီးနေပြီ၊ ဒီအချိန်ကစပြီး၊ ရောဂါနဲ့ ပတ်သက်တဲ့ကိစ္စ၊ ဆရာသမားနဲ့ပတ်သက်တဲ့ကိစ္စတွေကို ပြီးမြောက်အောင် ဆောင်ရွက်ကြ၊ ကိုယ်ရေးအတွက် သက်နှံးချုပ်တဲ့ကိစ္စ၊ သပိတ်ဖုတ်တဲ့ကိစ္စတွေကို လဲ အ ဆင် သင့် ပြီး အောင်လုပ်ကိုင်ထားနှင့်ကြ" ဟု ဆို ၍၊ အ ရှင် မ ဟာ ကဿပသည်၊ မိမိ၏တပည့်ငါးရာနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ရှေးရှုကြွတော်မူလေ၏။

ရာဇဂြိုဟ် မြို့ဟောင်း နှင့် မြို့သစ်ဖျာဒေါ်

ပထမသံဂါယနာတင်ရာ ဝေဘာရတောင်နှင့် လိုဏ်ဂူနေရာများကိုတွေ့နိုင်သည်



(၁) မိုးရထားဘူတာ၊ (၂) အာသောကဧတိ (၃) မြန်မာဘုရားကျောင်း (၄) ဝေဠုဝန် ကျောင်း (၅) တော်ကြီးနှင့် ကလန္ဒကနိဝါပ (၆) ဂျပန်ဘုရားကျောင်း (၇) မဂဓန်-ဟွန်းဒ် (၈) သူရိယဟွန်းဒ် (၉) တပေါဒါရုံကျောင်းတော် (၁၀) သတ္တပဏ္ဏိဧတိ (၁၀) ပထမ သံဂါယနာတင်ရာ သတ္တပဏ္ဏိ လိုဏ်ဂူတော်များ (၁၁) ဂျယစန္ဒာ-ဘိသက် (၁၂) သဒြေ စင်းရေများ (၁၃) မြောက်ဘက်တံခါး (၁၄) ဆွန်ဘန္ဓာရ (၁၅) မဏိယာရ်မာသ် (၁၆) အာကျည်းဆောင် (၁၇) မြို့ရိုးတံခါး-တံတိုင်း-နံရံ (၁၈) ဧဝကာဉယာဉ် (၁၉) ဒိဋ္ဌကုန်းတောင် (၂၀) မဂဓကန္ဓီ။

သားတွေကို တရားပြပြီး သြဝါဒပေးတော်မူတဲ့ အချိန်ပါဘုရား ဒီအချိန်ကတော့ ရောက်လာတဲ့ ပရိသတ်တွေကို တရား ဟောတော်မူတဲ့ အချိန်ပါဘုရား'' ဖြစ်သည်ဖြင့် ကိုယ့်အလုံးစုံတို့ကို ငိုချင်း ငိုချင်းလျှောက်ထား ပြုလုပ်လေ၏။

ဒီလောက်ငိုနေလျှင်

ထိုသို့ ပြုလုပ်နေသည်ကို ကျောင်းတော်စောင့် နတ်တဦးမြင်လေသဖြင့် ''အို အရှင်အာနန္ဒာရဲ့ သောတာပန်ရင့်မကြီးဖြစ်တဲ့ အရှင်ဘုရားဘို့တောင်မှ ဒီလောက် တပင်ပန်းပန်း တဘဝ်းတဝ်းနဲ့ တသင်္ခိုသို့ နေခဲ့မယ်ဆိုရင် ကျန်တဲ့သူတွေအတို့ ဘယ်နဲ့လုပ်ပြီး သက်သာခွင့်ရှိနိုင် တော့မှာလဲဘုရား'' ဟု လျှောက်ထား လေ၏။ ထိုနတ်သားလျှောက်ထားချက်ကို ကြားရသည့် အခါမှပင် အရှင်အာနန္ဒာလည်း သတိပညာတို့ဖြင့် ကောင်းစွာ ချုပ်တည်းတော်မူနိုင်လေ၏။

သုဘဿုတ်တော်

ရှင်တော်ဘုရား ပရိနိဗ္ဗာန်လွှဲားတော်မူသည့်နေ့စ၍ အထိုင် အရပ် အသွား အလှဲ့ မျှဲးတော်မူလှသော ကြောင့် သလိပ် သည်းခြေထက်မျှားပြားလျက်ရှိသဖြင့် နို့ရေနှင့် ရောထားသော ဝမ်းနှုတ်ဆေးကို ဘုန်းပေးတော်မူလေ၏၊ နောက်တနေ့ မိုးလင်းချိန်တွင် သောဒေယျ ပုဏ္ဏား၏သားဖြစ်သော သုဘလုင်သည် ''အရှင်အာနန္ဒာရဲ့တ်ရားတော်ကို နာကြားရန် ကျောင်းတော်သို့ သွားမယ်ဆိုပါက ပရိသတ်အလွန်များနေမှာဖြစ်တဲ့အတွက် နာကြားရမယ် မဟုတ်ပေဘူး အိမ်ကိုပင့်ကာ ဆွမ်းပန်းကပ်လှူပြီးမှ တရားတော်ကို နာကြား ရလျှင် ကောင်းမှာဘဲ'' ဟု ကြံစည်ပြီးလျှင် တမန် လွှတ်၍ လျှောက်ထားလေ၏၊ အရှင်အာနန္ဒာလည်း ''ငါတော့ ဒီနေ့ ဆေးနဲနဲဘုန်းပေးထားမိတယ် နက်ဖြန်ကာတော့ လာနိုင်ကောင်း လာနိုင်ပါလိမ့်မယ်'' ဟု မိန့်ခတ်မူလိုက်ပြီးလျှင် ဒုတိယနေ့နံနက် စောစောအချိန် စေတက မဿေရ်ကို နောက်ပါရဟန်းပြု၍ သုဘလုင်၏အိမ်သို့ကြွကာ (ဒီဃနိကာယ်၌ ပါရှိသော) သုဘသုတ်ကို ဟောကြားတော်မူလေ၏။

ရာဇဂြိုဟ်သို့

ထို နောက် ပရိဘောဂစေတီတော်ဖြစ်သော ဇေတဝန်ကျောင်းတော်ကြီး၌ အကျိုးအပျက်များကို ပြုပြင်တော်မူပြီးသျှင် ဝါကပ်ချိန်နီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူလေ၏၊ အရှင်မဟာကဿပ အရှင်အနုရုဒ္ဓါစသည်တို့လည်း နောက်ပါ သံဃာတော်များနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော် မူလာကြကုန်၏၊ ရာဇဂြိုဟ်ပြည်ရှိ-၁၈-ရပ်သော ကျောင်းကြီးများမှာလည်း ရဟန်းဘော်ဟူသမျှ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဟု ကြားရလျှင် ကျောင်းများကို လုံးဝပိတ်ထား၍ ကုသိနာရုံပြည်သို့သာ ကြွတော်မူကြလေသောကြောင့် အနည်းငယ် ကျိုးပွက်မှုများ ရှိကြကုန်၏၊ ထို့ကြောင့် ပွက်စီးလေသမျှကို ပြင်ဆင်ခြင်း အင်္ဂါကသိုက်သုဓ်သင်ခြင်းတို့ကို ပြုလုပ်တော်မူကြကုန်၏။

သံဂါယနာတင်ရန်မလွှာ

ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုတော်မူပြီးလျှင် လပြည့်ကျော် တရက်နေ့ခူစဝေးကာ ဝါကပ်တော် မူကြလွှက် ''ငါ့ဘုရင်တို့ သံဂါယနာအတွက် ရှေ့ပြေးကိစ္စများ ပြီးပေပြီ၊ သံဂါယနာတင်ရေးအတွက် စည်းဝေးစရာ မလွှာင်သာလိုတော့တယ် ဒီကိစ္စအတွက် အဇာတသတ်မင်းကို အကြေ ငံးကြားကြစို့ ''ဟု တိုင်ပင်တော် မူကြပြီးလျှင် နောက်တနေ့ နံနက်အချိန် သံဃာတော်ရှစ်ပါးမျှ မင်းအိမ်သို့ ကြွရောက်တော်မူကြကုန်၏။

အာဏာစက်နှင့်ဓမ္မစက်

အဇာတသတ်မင်းအား ''အို-မင်းမြတ်၊ သံဂါယနာတင်ရန် ငါတို့ဆောင်ရွက်စရာ ကျောင်းတော် များကို ထပ်မံပြုပြင်ခြင်း အစရှိတဲ့ ကိစ္စများကိုတော့ ပြုလုပ်ပြီးပေပြီ၊ ယခုအခါ တရားတော်တို့ကို သံဂါယနာတင်ရန်သာ လိုတော့တယ်'' ဟု မိန့်ဆိုတော် မူကြလေ၏။ အဇာတသတ်မင်းကလည်း ''အရှင်ဘုရားတို့ ရွှံ့ထိတ်တော်မမူကြပါနှင့်၊ အလိုတော် ရှိတိုင်း လွှတ်လွှတ်လပ်လပ်ကြီး ဆောင်ရွက်တော်မူကြပါ၊ တပည့်တော်၌ အာဏာစက်လဲ ဖြစ်ပါစေ့မယ်၊ အရှင်ဘုရားများ၌ ဓမ္မစက်ကိုလဲ ဖြစ်ပါစေဘုရား၊ မပြည့်စုံသေးတဲ့ အရာဘယ်အရာများပါလဲဘုရား'' ဟု လျှောက်ထားလေ၏။ သံဃာတော်တို့ကလည်း ''မင်းကြီး ငါတို့သံဃာတော်ငါးရာ စည်းဝေးဘို့အတွက် သင့်လျော်တဲ့ မဏ္ဍပ်ကို အလိုရှိတယ်၊ အဲဒီမဏ္ဍပ်ကိုတော့၊ စရည်းပင်ရောက်ရာ

လိုက်ဂျဝန်မှာ ဆောက်လုပ်စေချင်တယ်''ဟု မိန့်ဆိုကြလေသျှင်၊ ''ကောင်းပါပြီ၊ ဆောက်လုပ်ပါမယ်ဘုရား'' ဟု ဝန်ခံလိုက်လေ၏။

ဝေဘာရတောင် စရည်းပင်ရောက်ရာ၌

အဇာတသတ်မင်းလည်း၊သစ်ဝါးတို့ကိုအလှူင်အဖြစ်ခံရာ ပွဲစေပြီးလျှင်၊ ဝေဘာရတောင်ရဲ့ စရည်းပင်ပေါက်ရာလိုက်ဝဂ်ရှိညီညွတ်သောမြေအပြင်နှိုက်၊ ဝိသကြံနာက်သား ဖန်ဆင်းရှိထားသကဲ့သို့ ခန့်ငြားတင့်တယ်စွာ မဏ္ဍပ်ကြီး ဆောက်လုပ်လေ၏၊ ထိုသံဂါယနာတင် မဏ္ဍပ်တော်ကြီးသည်ကား၊ အကြီးအငယ်၊ကျဉ်းကျယ် နိမ့်မြင့်အဆင့်ဆင့်ပြုသော နံရံ-သီဘိုင်-စောင်းတန်းများ ရှိပေ၏။ခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်စွာ ရေးချယ်စီခင်းလျက်၊ မင်းအိမ်ဖြစ်သော နန်းတော်ကြီး၏ ကြက်သရေကို နှိပ်စက် နေသကဲ့သို့ဌင်း၊ နတ်တို့သနင်းသိကြားမင်း၏ ဗိမာန် ဝေဇယန်ကို ပြိုင်စံသည့်နှယ် ပြက်ရယ် ပြုသည့် ပမာကဲ့သို့ဌင်း၊ အံ့မခန်း ဖြစ်သော မဏ္ဍပ်ကြီးဖြစ်လေ၏။

နေရာထားပုံများ

ထိုမဏ္ဍပ်ကြီးအတွင်း၌ သံဃာတော် အနှံ့ပြတ်တို့သီတင်းသုံးတော် မူစေရန်၊ အဘိုး ထိုက်တန် လှသော အခင်းတို့ကိုလည်း၊ ခင်းကျင်းစီမံ၍ထားလေ၏၊ မဏ္ဍပ်ကြီး၏ အလည် တည့်တည့်၌၊ ဘုရား ရှင်တို့ နှင့်သာ ထိုက်တန်သော ဓမ္မာသန ပလ္လင်တော်ကို ဆင်ယင်ယပ်တောင်နှင့်တကွထားလေ၏၊ ထို့ပြင်တောင်ဘက် နံရံကိုမှီကာ၊ မြောက်ဘက်သို့ မျက်နှာ ပြုထားသည့် သံဃနာယကမထေရ်မြတ်ကြီး၏အတွက်နေရာကိုလည်း ခမ်းနားတင့်တယ်စွာစီမံထားလေ၏။

ကိစ္စအလုံးစုံ ပြီးဆုံးလေသော် ''အရှင်ဘုရားများ၊ ဘုရား၊တကာတော်အတွက်ဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်၍ပြီးပါပြီဘုရား''ဟု လျှောက်ထားလေ၏။

အရှင်အာနန္ဒာကိုစောင်း၍

သံဃာတော် အရှင်ပြာတို့လည်း၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့ကွင်သံဂါယနာတင်ရန်ကိစ္စကိုတိုင်ပင်တော်မူကြလေရာ ''လပြည့်နေ့တွင်စတင်၍ သံဂါယနာတင်ကြစို့''ဟုဆုံးဖြတ်တော်မူကြကုန်၏၊ ဤတွင်အချို့သော သံဃာတော် အရှင်မြတ်တို့က ''ငါတို့ အစည်းအဝေးကြီးနှာ၊ ကိုလေသာဆိုတဲ့ အဆိပ်နဲ့ တကြိုင်ကြိုင်နဲ့၊ ထွက်လိုက် ဝင်လိုက် လုပ်နေမဲ့သူ တဦးတော့ ရှိသေးသဟေ့''ဟု ပြက်ရယ်စကား ပြောကြားကြကုန်၏၊ ထိုစကားနှင့် ပတ်သက်တော်မူသော ညီတော်အာနန္ဒာ အရှင်မြတ်လည်း ''ဒင်း- ငါကလွဲပြီးကိလေသာ အဆိပ်နဲ့တလိုင်လိုင်နဲ့ထိုင်မဲ့သူရယ်လို့ဘယ်သူမျှမရှိဘူး၊ ဒီရဟန်းတော်တချို့ဟာ ငါ့ကိုရည်ရွယ်ပြီးဆိုတာပဲ'' ဟုသံဝေဂကြီးဖွာဖြစ်တော်မူလေ၏။

ရဟန်းတော် အချို့ကလည်း ''အရှင် အာနန္ဒာ မနက်ဖြန်ပဲ သံဂါယနာအာကွက်သံဃအစည်းအဝေးကြီး ပြုလုပ်ကြတော့မယ်၊ အရှင့်အနေကလဲ သေက္ခပုဂ္ဂိုလ်လောက်သာဖြစ်သေးတဲ့အတွက် ဒုထက်မင်းတွေကိုရဘို့ လိုနေသေးတယ်၊ မပေါ့မဆကြိုးစားတော်မူပါ၊ရဟန္တာပရိသတ်ထဲကို ဝင်ရပါလိမ့်မယ်'' ဟု မိန့်ဆိုတော်မူကြကုန်၏။

ရဟန္တာအဖြစ်သို့

အရှင်အာနန္ဒာလည်း ထိုစကားများကိုကြားရလေလျှင်''ဟုတ်ပေတာပဲ၊ သေက္ခအဖြစ်လောက်နဲ့ရဟန္တာပရိသတ်ထဲကိုဝင်လို့ တော်မယ်မဟုတ်ပေဘူး၊ တကယ်တန်း ကြိုးစားအားထုတ်ပြီးကျင့်မယ်ဆိုရင် အရဟတ္တဖိုလ်စိတ် ဆိုတာ၊ မျက်စေ့တမှိတ် လျှပ်စစ် တပြက်လောက်သာ ကြာတာပါ၊ ဒီနေ့ညမှာပဲ ပြီးဆုံးအောင် ငါကြိုးစားတော့မယ်''ဟု ကြံစည်တော်မူလျက် ညဉ့်ဦးယာမ်ကပင် စင်္ကြန်ကျောင်းသို့တက်ကာ၊ ခေါက်တုံ့ခေါက်ပြန် ကြွတော်မူလျက် ကာယဂတာသတိကမ္မဋ္ဌာန်းဟု ဆိုအပ်သော ၃၂-ပါးသော အစုအဝေးတို့၏ အခြင်းအရာတို့ကို အနုလုံအားဖြင့် စီးဖြန်းတော်မူလေရာ၊ သန်းခေါင်ယာမ်သို့ ဆိုက်ရောက်၍ သွားလေ၏၊ မိုးသောက်ယာမ်သို့ ရောက်လာသော်လည်း၊ တရားထူးကို ရတော်မမူနိုင်သဖြင့် ''[နောင်ကြိုးဘုရားက ချစ်သားဘာနန္ဒာ၊ သင်ဟာ ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့ပြီးသူဖြစ်တယ်၊ ကမ္မဋ္ဌာန်းကို ကောင်းစွာကြိုးစား] လိုမိန့်တော်မူခဲ့ဘူးတယ်၊ဘုရားရှင်တို့စကား ဆိုဘာဟာလဲ လွဲတယ်မရှိဘူး။ ဝိရိယလွန်တဲ့အတွက် သတိသမာဓိမရနိုင်ပဲ၊ ဥဒ္ဓစ္စ ဖြစ်နေတော့တယ် ထင်ခဲ့၊ ဝိရိယနဲ့ သမာဓိကို မျှတအောင် အားထုတ်ရတော့

မှာပဲ''ဟု အောင့်မေ့ ကြုံစည်တော်မူလျက်၊ စကြဲ ကျောင်းမ ဆင်းသက်ဟော်မူပြီးလျှင်၊ ကျောင်းတော် ဘွင်းသို့ဝင်၍အပမ်းဖြေတော်မူရန် ညောင်စောင်းပေါ်၌ ထိုင်တော်မူပြီးနောက်၊ခန္ဓာငါးပါးဘို့၏အနိစ္စလက္ခဏာ ကို ဆင်ခြင်တော်မူရင်း လျောင်းတော်မူလိုက်လေရာ၊ ခြေတော်လည်း မြေမှအကြွ၊ ဦးခေါင်း တော်လည်း ခေါင်းခုံးသို့မကျသေးဘီ၊အရဟတ္တဖိုလ်သို့ ဆိုက်ရောက် တော်မူလေသတည်း (ဝါ-ရဟန္တာ ဖြစ်ဘော်မူလေသတည်း)

ထို့ကြောင့် ''ဗုဒ္ဓမြတ်တော်ဘုရားဟာ သာသနာ တော်ဟာ၊ လျောင်းစဉ်လည်း မဟုတ်၊ ထိုင်စဉ်လည်း မဟုတ်၊ ရပ်စဉ်လည်းမဟုတ်၊ သွားစဉ်လည်းမဟုတ်၊ ဣရိယာပုထ်သော်းပါးလုံးကလွဟ်ကင်း၍ ရဟန္တာဖြစ်သူ ရှိပါသလား?''ဟုမေးလျှင်ကျွန်ုပ်အနေနှာရှိပါသည်ဟု ဖြေကြားရလိမ့်မည်၊

ချန်ထားသောတနေရာ

ရဟန္တာ ဖြစ်ပေါ်မူပြီးနောက်၊ နောက်ဝဋ်နေ့ ဒုရောက်တွင် ရဟန္တာ အရှင်မြတ် ၄၉၉-ပါးတို့သည် ဆွမ်းဘုဉ်းပေးတော်မူကြပြီးလျှင် ယင်တဲသက်နန်းဝင်ကို သိခံးဆည်းတော်မူကြပြီးသောအခါ မဟာသတ်တော်သို့ ကြွ ရောက်တော်မူကြကုန်၏။ မဟာသတ်တော်ကြီး အဘွင်းနှင့် ထေရ်စဉ်ဝါစဉ်အလိုက် နေထိုင်စည်းဝေးတော်မူကြကုန် ၏၊ အရှင်အာနန္ဒာ၏ နေရာအဘွက်ကိုလည်း ချန်ထား တော်မူကြလေကုန်၏။ အမျိုးသော ရဟန်းတော်တို့က ''ဒိနေရာ ဘာ၍သူ့နေရာပါလဲဘုရား''ဟု မေးကြလေ သဖြင့် ''အရှင်အာနန္ဒာရဲ့နေရာပါ''ဟု ပြောဆိုတော် မူကြကုန်၏၊

ကြွလာတော်မူခြင်း

အရှင် အာနန္ဒာလည်း မိမိရဟန္တာ ဖြစ်ကြောင်းကို သိစေရန် သံဃာတော်များနှင့် အတူတကွ လိုက်လာ တော်မူခဲ့ပေ၊ သံဃာတော်အရှင်မြတ်တို့က တောင့်တ တော်မူချိန်ကျမှသာလျှင် မဟာပထဝီမြေကြီးကို ဝင်လှိုက် တော်မူ၍ အသင့်ရှိသောနေရာ၌ ဘွားကနဲ ပေါ်ပေါက် အောင် ကိုယ်တော်ကို ထင်စွာ ပြလေ၏။ ထိုအခါမှ သံဃာတော် အပေါင်းကိုလည်း၊ ရဟန္တာဖြစ်ကြောင်း ကို သိကြလေ၏။ ဘုရိန်ကွင်းလည်း ကောင်းကင်ရီးဖြင့် ကြွတော်မူလေ၏၊

မှတ်ချက်။ ။ဤနေရာ၌ရဟန္တာဖြစ်တော်မူကြောင်းကို သိလိုသောကြောင့် ကြွတော်မူသည်ဟု ဆိုရာ၌ ''အရှင်အာနန္ဒာ ကြိုးစားပါ''ဟု သံဃာတော်ဘို့၏ ဩဝါဒအတိုင်း ကြိုးစားတော်မူသဖြင့် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြောင်းကို သိစေ တော်မူလို၍ ဤကဲ့သို့ ကြွတော်မူခြင်းသာ ဖြစ်သည်။ ဂုဏ်ဖေါ်လိုသောကြောင့် ကြွတော်မူခြင်းမဟုတ်ပေ။ အရှင်မဟာကဿပအရှင်မြတ်ကြီးကလည်း ''ယခုလို အခါ ရှင်တော်မြတ်ဘုရား၌ ခဲမယ်ဆိုရင် ညီတော် အာနန္ဒာကို ရဟန္တာဖြစ်စေတဲ့အတွက် ကောင်းဦး ပေးတော်မူမှာ ဒေမှန်ပဲ''ဟု ဆင်ခြင်တော် မူပြီးလျှင် ''ကောင်းပါပေ့....ကောင်းပါပေ့....ကောင်းပါပေ့....''ဟု သုံးကြိမ်တိုင်အောင်ကောင်းဦး ပေးတော်မူလေသည်။ ခုနစ်လတိုင်တိုင် သံဃာ ယာနာ ပင်နေသည်ဖြစ်သောကြောင့်၊ အရှင် အာနန္ဒာသည် ရံခါမြေမှုဂုဏ်းရံခါကောင်းကင်မှ ဂုဏ်း ကြွတော်မူခြင်း ဖြစ်ကြောင်းကို သာရတ္ထ ဒီပနီ ဋီကာ၊ စာမျက်နှာ ၅၆၄၊ ဥပတိဿ အရှင်မြတ်က ဆိုတော်မူကြောင်းမှာထားတော် မူလေလည်း။

ဝိနည်းဆောင်-အရှင်ဥပါလိ

သံဂါယနာတင်မည့် အစည်းအဝေးကြီးကား စ,ပေါ့—

(အရှင်မဟာကဿပ) ဝိဠကသုံးပုံအနက် ဝိနည်းတော်ကိုပဲ၊ ရွေးဦးစွာ သံဂါယနာတင်ကြမလား (သုဘဒ္ဒ-အဘိဓမ္မာ) တရားတော်ကိုပဲ၊ ရွေးဦးစွာ သံဂါယနာတင်ကြမလား။

(သံဃာတော်များ) ဝိနည်းတော်ဆိုတာသာသနာ တော်ရဲ့အသက်ပါဘုရား၊ ဝိနည်းတည်မှသာ သာသနာ တည်နိုင်ပါတယ်၊ဒါကြောင့်ဝိနည်းကိုဦးစွာ သံဂါယနာ တင်သင့်ပါတယ်ဘုရား၊

(အရှင်မဟာကဿပ) ဝိနည်းကို ရွေးဦးစွာ သံဂါယနာတင်မယ်ဆိုရင်၊ ဘယ်သူ့ကိုအမှူးထားပြီး ဝင်ကြမလဲ၊

(သံဃာတော်များ) အခွင့်ဥပါလိကို အမှူးထားပြီး ကင်သင့်ပါတယ်ဘုရား။

(အရှင်မဟာကဿပ) ဘယ်လိုပါလဲ၊အခွင့်အာနန္ဒာကော ဝိနည်းတော်ကိုမစွမ်းနိုင်လို့လား။

(သံဃာတော်များ) အခွင့်အာနန္ဒာလဲစွမ်းဆောင်နိုင်တော်မူပါရဲ့၊ဒါပေမဲ့အခွင့်ဥပါလိကိုတော့၊သက်တော်ထင်ရှားဘုရားရှင်ရှိတော်မူစဉ်ကတဲ့က၊ ဝိနည်းဆောင်ပုဂ္ဂိုလ်အရာ၌အမြတ်ဆုံးပဲလို့ တော်ထာ ထားတော်မူခဲ့ပါတယ်၊ ဒါကြောင့် အခွင့်ဥပါလိကို အမှူးထားပြီး ဝိနည်းတော်ကိုရွေးဦးစွာ သံဂါယနာ တင်သင့်ပါတယ်ဘုရား။

သံဂါယနာတင်တော်မူကြပုံ

ဤကဲ့သို့ မေးမြန်း ညွှန်ကြားတော်မူပြီးမှ၊ အရှင်မဟာကဿပနှင့် အရှင်ဥပါလိတို့သည်၊ သမ္မုတိဥ တ်ကို ထားတော်မူကြလေ၏၊ ထို့နောက်မှအရှင်ဥပါလိသည်၊ ဆင်စွယ်စီသော ယပ်ကိုကိုင်တော်မူ၍ တရားပလ္လင်ပေါ်သို့တက်ကာ၊ အရှေ့ဘက်သို့ မျက်နှာပြု၍ နေတော်မူလေ၏၊ အရှင်မဟာကဿပ ကိုယ်တော်ကြီးလည်း၊ တောင်ဘက် နံရံကိုမှီကာ၊ မြောက်ဘက်သို့ မျက်နှာပြုထားသော သံဃနာယကပလ္လင်ပေါ်၌ တက်ရောက်စံနေတော်မူလေ၏။

(အရှင်မဟာကဿပ) ငါ့ရှင်ဥပါလိ၊ ပဌမပါရာဇိက သိက္ခာပုဒ်ကို ဘုရားရှင်ဟာ ဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသလဲ။

(အရှင်ဥပါလိ) အရှင်ဘုရား ဝေသာလီပြည်မှာ ပညတ်တော်မူခဲ့ပါတယ်ဘုရား။

(ပ) ဘယ်သူ့ကိုအကြောင်းပြုပညတ်တော်မူခဲ့ပါသလဲ။

(လိ) ကလန္ဒက သေဋ္ဌေးရဲ့သား၊ ရှင်သုဒိန်ကိုအကြောင်းပြုပြီးပညတ်တော်မူပါတယ်ဘုရား၊

(ပ) ဘယ်ဝတ္ထု (ဘယ်အမှုအခင်း) ကြောင့် ပညတ်တော်မူတာလဲ။

(လိ) မေထုန်ကျင့်တဲ့အတွက်ကြောင့်ပညတ်တော်မူခဲ့ပါတယ်ဘုရား။

ဤနည်းအတိုင်း၊ ပဌမပါရာဇိက နှင့်ပတ်သက်သည့် (၁) ဝတ္ထုကိုငှင်း (၂) နေရပ်ကိုငှင်း (၃) ပုဂ္ဂိုလ်ကိုငှင်း (၄) ပဌမ ပညတ်ချက် ကိုငှင်း (၅) အနုပညတ်ချက် (နောက်ထပ်ပညတ်ချက်) ကိုငှင်း (၆) အာပတ်သင့်နိုင်သည့်အချက်ကိုငှင်း (၇) အာပတ်မသင့်နိုင်သည့်အချက်ကိုငှင်း မေးတော်မူလေ၏၊ ဒုတိယပါရာဇိက၊ တတိယပါရာဇိက၊ စထုတ္ထပါရာဇိကတို့ကိုလည်း ဤနည်းအတိုင်း မေးတော်မူလေ၏၊ ပြီးမှ (ဤကား ပါရာဇိကပိုင်းခေါ်သည်)ဟူ၍အတည်ပြုကာ၊ပေါင်းစုရွတ်ဆိုခြင်းဟုဆိုအပ်သော သံဂါယနာတင်မှုကို ပြုတော်မူကြကုန်၏၊ ဤနည်းအတိုင်း ဝိနည်း ငါးကျမ်းတို့ကို သံဂါယနာတင်ကြကုန်၏။

သုတ္တန်-အဘိဓမ္မာ-အာနန္ဒာ

ဝိနည်း ငါးကျမ်းတို့ကို သံဂါယနာတင်တော်မူပြီးနောက်—

(အရှင်မဟာကဿပ) ငါတို့(သုတ်အဘိဓမ္မာ)တရားတော်တို့ကို သံဂါယနာတင်ရာမှာ ဘယ်သူ့ကိုအမှူးထားပြီးတင်သင့်သလဲ။

(သံဃာတော်များ) အရှင် အာနန္ဒာ ကို အမှူးထားပြီး တင်သင့်ပါတယ် ဘုရား။

အရှင်မဟာကဿပသည်၊ အရှင်အာနန္ဒာကို၊အရှင်ဥပါလိ၏ နေရာသို့ တက်စေတော်မူ၍—

(အရှင်မဟာကဿပ) ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသခင်ဟာ၊ မြဟ္မာလသုတ်တော်ကို ဘယ်အရပ်မှာ၊ ဘယ်သူ့ကို အကြောင်းပြု၍ ဟောတော်မူပါသလဲ။

(အရှင်အာနန္ဒာ) အရှင်ဘုရား၊ ရာဇဂြိုဟ်ပြည်နဲ့နာလန္ဒမြို့ရဲ့အကြားသို့ဘုရားရှင်ကြွလာတော်မူတဲ့အခါ သုပ္ပိယပရိဗိုဇ်နှင့် မြဟ္မဒတ်လူလင်တို့ရဲ့ ကဲ့ရဲ့ခြင်းမြီးမွှမ်းခြင်းနှင့် ပတ်သက်တဲ့ကိစ္စကို အကြောင်းပြုပြီး ဟောကြားတော်မူပါတယ်ဘုရား။

ဤနည်း အတိုင်းအလုံးစုံသော သုတ္တန် ပိဋကဓာရီ၊ အဘိဓမ္မာ ပိဋကဓာရီတို့ကို၊ အရှင်မဟာ ကဿပက မေးတော်မူသည်၊ အရှင်အာနန္ဒာကလည်း မေးတိုင်းမေးတိုင်း၊ ဖြေကြားတော်မူသည်၊ အမည်-အရည်၊ သီးဝန့်မှတ်သားပိုင်းခြား မှု များကို လည်း ပြုတော်မူလေသည်၊ ပြီးမှ ရဟန္တာ ငါးရာလုံး၊ ပေါင်းရုံး၍ သုတ္တန်

၂။ ဒုတိယသံဂါယနာ

မင်းချင်းလေ။ ။တိုင်းမဂဓိရဲ့၊ ရာဇဂြိုဟ်ဝယ်။ ထိုဇာတသတ်၊နွှတ်မပြတ်သား၊သည်းပွတ်မြေးမြစ်၊ မင်းဘဖြစ်ကို၊ ညစ်ပစ်သတ်လု၊ ငါးဆက်ဖြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီမည်၊ ချက်မြုံပြည်သို့၊ ယွန်းစည်ကျူးရင့်၊ ချီလေပင့်သော်၊ နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေဘိမ်ထက်၊ စည်းဝိမ်စံပြီး၊ နတ်ဘုံမှီးသော်၊ သားကြီးရတနာ၊ ကာလာသောက၊ ရိပ်ကြူသရှင့်၊ ဘုရားသာသနာ၊ နှစ်တရာသည်၊ ကြွက်လာပြန်လျှင်၊ ထိုဘုရင်ကို၊ အရှင်ယသ၊ တူကွမကွာ၊ ခုနစ်ရာတည့်၊ ရဟန္တာစု၊ အမှီ(တိုင်ပင်)ဖြု၍၊ ဝါဇ္ဇုကာရံ၊ ကမ္ပည်းခံသည်၊ သာစံထပ်ထပ်၊ နက်သန်ရပ်ဝယ်၊ မဏ္ဍပ်ကြီးစွာ၊ သုဓမ္မာသို့၊ ရတနာကိုးသွယ်၊ မွှမ်းမံချယ်သား၊ ပန်းနွယ်ခြူးစိပ်၊ သဘင်ရိပ်ဝယ်၊ စက်အိပ်နည်းဘိ၊ ထေရ်မုနိသို့၊ ဒုတိယသင်္ဂါယနာ၊ တင်သောခါသည်။ ။ရှစ်မာသတိုင်တိုင်တည့်လေး။ ။သူကောင်းပေါ်ရွှေမင်းချင်းတို့။ ။(စာဆိုတော် ဦးယာဆို။)

(က) တင်ရသောအကြောင်းရင်း

ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝိနည်းတရားတော်နှင့်မညီသော အဓမ္မဝတ္ထု ၁၀-ပါး တို့ကိုပြသကျင့်ဆောင်ကြကုန်၏။ ထို့ကြောင့် သာသနာတော်၏ ညစ်နွမ်းရာ အကြောင်းရင်းကြီး ဖြစ်ပေါ်လာလေ၏။ အဓမ္မဝတ္ထု ၁၀-ပါးကား--

(၁) သားချိုဖြင့် ဆားကို ဆောင်၍ဆားမရှိသော ဆွမ်းနှင့် စားလျှင် သန့်မိမဖြစ်။

(၂) မွန်းလွဲပြီးနောက် အရိပ် လက်နှစ်သစ် ထွက်သည့်တိုင်အောင် စားသော်လည်း ဝိကာလဘောဇန မဖြစ်။

(၃) တရပ်တရွာသို့သွားလို၍ ပဝါရိတ်သင့်လျက် နှင့် အတိရိုက် မပြုဘဲ စားကောင်း၏။

(၄) တသိမ်ထည်းဘွင် တကျောင်းတခြား စီသံဃကံ ဆောင်ကောင်း၏။

(၅) မလာသေးဘဲ လာမှဆန္ဒယူအံ့ဟု ရှေးဦးက သံဃကံ ဆောင်သော် ဝဂ်မဖြစ်။

(၆) ဆရာဥပဇ္ဈာယ် တို့၏ အလေ့အကျင့်ဖြစ်ပါက အုပ်သည်ချည်း။

(၇) နို့ရည် အဖြစ်ကိုလည်း မစွန့်သေး နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိုက်မပြုဘဲ စားကောင်း၏။

(၈) သေရည် စစ်စစ် အဖြစ်သို့ မရောက်သေးသော သေနှုကို သောက်ကောင်း၏။

(၉) အဆာ မရှိသော နိသိဒ္ဒံကို သုံးဆောင်ကောင်း၏။

(၁၀) ရွှေငွေကို ခံကောင်း၏။

ထို အယူဝါဒများနှင့် ပတ်သက်သည်များကို အသျှင် မဟာယသ မထေရ်မြတ်ကြီး ကြား သိတော်မူသော ကြောင့်အသျှင်ရဝတ,သက်တော် ၁၂၀-ရှိအသျှင်သဗ္ဗကာမိစသော ရဟန္တာကြီးများနှင့်တကွ သံဂါယနာတင်တော်မူကုန်၏။

(ခ) ဦးစီးပုဂ္ဂိုလ်

ထိုသံဂါယနာတင်ပွဲ၏ အကြီးအမှူးကား အသျှင် မဟာယသအသျှင်မြတ်ကြီးပေတည်း။ထိုအသျှင်မြတ်ကြီး ကားဗုဒ္ဓဘုရားရှင်၏ညီတော်ဖြစ်သောအရှင်အာနန္ဒာ၏ အတူနေတပည့်ဖြစ်တော်မူ၏။

(ဂ) တင်သောသံဃာဦးရေ

ထိုသံဂါယနာပွဲင့်လည်း ပုထုဇဉ်ဟူ၍ မပါပေ။ ရဟန္တာ အရှင် မြတ်ကြီးပေါင်း ၇၀၀-မျှ ပါဝင်တော်မူကြကုန်၏။ အရံသံဃာကား တသန်း နှစ်သိန်းမျှ ရှိသတတ်။

(ဃ) တင်ရာဌာန

အဆိုပါ အဓမ္မဝတ္ထု၁၀-ပါးခေါ်ဝိနည်းတော်နှင့် မလျော်ညီသောအယူအဆ၁၀-မျိုးတို့ကိုကြားသိတော်

မူသောအသျှင်မဟာယသသည် အသျှင်ရေဝတ အသျှင်သမ္ဘကာမိ--- စသော ရဟန္တာ အရှင်မြတ်ပေါင်း ၇၀၀-တို့ကို နှိုးဆော်တော်မူ၍ ဝေသာလီပြည် ဝါလိကာရာမကျောင်းတော်သို့ ကြွတော် မူကြကုန်၏။ ထိုအခါ ဝေသာလီပြည် မဟာဝုန်ကျောင်း၌ ရှိနှင့်ကြသော ဝဇ္ဇီတိုင်းသားရဟန်းတို့က အကောက်ကြံကြပြီးလျှင် ကာလာသောက မင်းတရားကြီးထံသို့ ဂုံးချောတိုက်ခိုက် ကြလေကုန်၏။ ဂုံးချော တိုက်ခိုက်ပုံကား၊ ကျွန်ုပ်တို့သည် မဟာဝုန်ကျောင်း ဂန္ဓကုဋိဘိုက်တော်ကို စောင့်ရှောက်နေထိုင်ကြပါကုန်၏။ ၎င်းကို သျှင်ယသ ဦးစီးသော ရဟန်းများက လုယက်ယူငင်ရန် လာနေကြပါပြီ၊ တားဆီး၍ ပေးပါဟု ဆိုကြကုန်၏။ ကာလာသောက မင်းလည်း အမှတ်မဲ့ ယုံစားဒိသော ကြောင့် သျှင်မဟာယသ အမှူးရှိသော ရဟန်းတို့ကို မလာရအောင် ဆီးတားကြချေဟု စေခိုင်းတော် မူမိလေ၏။ အမတ်များနှင့်နောက်ပါတို့သွားကြသော်လည်း လမ်းလွဲ၍နေကြလေကုန်၏။ (ထိုသို့ လမ်းလွဲရခြင်းမှာ လည်း နတ်တို့၏ တန်ခိုး တော်ကြောင့် ဖြစ်သည်ဟု ဆို၏။) ၎င်းညဉ့်မှာပင် ကာလာသောက မင်းကြီးသည် လောဟဘူမို့ ငရဲအိုးဥကျရောက်သည်ဟု အိပ်မက်မြင်မက်လေ၏။ ထိုမင်း၏ နှစ်မ တော်သော နန္ဒာထေရီ ရဟန္တာ အရှင်မလည်း ကောင်းကင်ခရီးဖြင့် လာပြီးလျှင် ဓမ္မဝါဒီ ရဟန်းတော်တို့ကိုပြစ်မှား၍ အဓမ္မဝါဒီရဟန်းများကို အသင်းအပင်းပြုလျှင် အပြစ်ကြီးလေးလှကြောင်းကို ဟောကြားဆုံးမတော်မူ၏။ ထိုအခါမှ ကာလာသောကမင်းလည်း ထိတ်လန့်ပြီးလျှင် ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်သို့လာ၍ အသျှင်မဟာယသ စသောရဟန္တာ မြတ်တို့အား ကန်တော့ပူဇော်တော်မူပြီးလျှင် စောင့်ရှောက် အုပ်ချုပ်တော်မူပေလေ၏။

(ဂ) အဓိပ္ပါယ်မြင်း

ဆိုခဲ့သော ကာလာသောကမင်း ပေတည်း။

(စ) တင်သော ကာလ အကြာ

သာသနာ သက္ကရာဇ် အနှစ်၁၀၀-ပြည့်၌တင်ရာရှစ်လတိုင်တိုင်ကြာမှ ပြီးစီး၏။ (မည်သည့်လနေ့မှစတင်ကြောင်းကိုကား စာပေများ၌ မတွေ့ရပေ။အနှစ် ၁၀၀ ပြည့်၌ တင်ကြောင်းမျှကိုသာ သိရပေ၏။)

(ဆ) တင်ပုံတင်နည်း

ထို ဒုတိယသံဂါယနာဥ္စလည်းပထမသံဂါယနာမှာကဲ့သို့ပင် နှုတ်ဖြင့် သာလျှင်အတည်ပြုရန် စုပေါင်းရွတ်ဆိုဘော်မူကြကုန်၏။



ရန်ကုန်မြို့ မိုလ်ချုပ်လမ်း ဒေါ်စိန်ညွှန့် ဆေးလိပ်ခုံပိုင်ရှင် ကျောင်းအုပ်ကြီး ဒေါ်အေးဆင့်နှင့် ဆွေမျိုးတစုက နိုင်ငံတော်ဗုဒ္ဓသာသနာ့အမွှဲဒုတိယညီကြွနိုင်ငံတော်တရားဝန်ကြီးချုပ်အား လိုက်ရှာအတွင်းကျောင်းတထပ်အတွက် အလှူငွေ ၆၀၀၀၀ (ခြောက်သောင်းရှစ်ထောင်)တို့ကိုအပ်နှင်းနေပုံ

၃။ တတိယသံဂါယနာ

မင်းချင်းလေ။ ဝန်ကြီးတိုင်းချာ၊ ပြည်ဝေသာဝယ်၊ ကာလာမင်းနောက်၊ ဆဲ့ကိုးယောက်တွင်၊ မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည်၊ စန္ဒဂုတ်မြေး၊ မိန္ဒုသွေးဟု၊ ဘုန်းကျေးဂူးဟုန်၊ မြေမိုးတုန်မျှ၊ ရှေးကုန်သည်ဖြစ်၊ ဘဝစစ်က၊ ပျားနှစ်ရသာ၊ ကုသိုလ်ပါသည်၊ ဓမ္မာသောက၊ နာရီနှလျှင်၊ မဇ္ဈန္တိ၊ ပါဠလိဝယ်၊ ဆယ်ဒိသာလုံး၊ အာဏာကျုံးသား၊ ပေါင်းရုံးများစွာ၊ ဇောဗုပ္ပါတွင်၊ (ချည်း,တိ,ဒွါတွင်)၊ မဟာမောဂ္ဂလိပုတ္တာ၊ ထေရ်တိဿတို့၊ ဓမ္မမင်းအား၊ နိမန်ကြား၍၊ လက်သားအရဟန်၊ တထောင်မှန်နှင့်၊ မိမာန်ရတနာ၊ ကျယ်ဝန်းစွာသည်၊ သောကာရုမ၊ ရွှေကျောင်းလှထက်၊ တတိယသင်္ဂါယနာ၊ အာဏာဖေါ်ပြ၊ တင်ကုန်ကြသည်၊ သုံးလယုတ်တန်စ်တည့်လေး။ သူကောင်းဖေါ်ရွှေမင်းချင်းတို့။ ။(စာဆိုတော်-ဦးယာဆို။)

(က) တင်ရသောအကြောင်းရင်း

ကမ္ဘာကျော် အသောက မင်းတြားကြီး ကိုယ်တိုင် ဗုဒ္ဓသာသနာတော်အားသက်ဝင်ကြည်ညိုသောကြောင့် လာဘ် လာဘ များပြားသည်ကို အကြောင်းပြုပြီးလျှင် ရဟန်းတုရဟန်းယောင်အများအပြားပေါ်ပေါက်၍လာလေ၏။ ပရိသတ်မစင်ကြယ်ကြောင်းကို သိတော်မူကြသော ရဟန်းကောင်းတို့သည်ရောနှောလျက် ဥပုသ်မပြုကြသဖြင့် ခုနစ်နှစ်တိုင်တိုင် ကြာ၍သွားလေ၏။ ထိုအကြောင်းကို အသောက မင်းတြားကြီး ကြားသိတော်မူသောကြောင့် အမတ် တဦးအား "အဓိကရဏ်းကို ငြိမ်းချေ၊ ဥပုသ်ပြုပေစေ"ဟု တိုတိုကျဉ်းကျဉ်းမျှ အမိန့်ပေးတော်မူလိုက်လေ၏။ အမိန့်အဘိုင်းဆောင်ရွက်သည့် အမတ်ကား "ဥပုသ်မပြုသော ရဟန်းများအား သတ်စေ"ဟု မိန့်တော် မူသည် အထင်နှင့် ဥပုသ် မပြုသည့် ရဟန်းကောင်းတို့အား သတ်ဖြတ်လေ၏။ ထိုအခါမင်းတြားကြီးသည် "ငါစေလိုက်ရင်း အာဘော်ကို မှီ၍ သတ်သဖြင့် ငါအား အပြစ်များ ရှိလေရော့မည်လား" ဟု ယုံမှား ရှိသောကြောင့် ဂင်္ဂါမြစ်အထက်ပိုင်းရှိ အရှင်မဟာမောဂ္ဂလိပုတ္တာတိဿအား ပင့်၍ လျှောက်လေ၏။ အရှင်မြတ်လည်း အပြစ်မရှိကြောင်း မိန့်တော် မူပြီးလျှင် အသောက မင်းတြားကြီးအား ဘုရားရှင်၏ အယူကို ၇-ရက်တိုင်တိုင် သင်ကြား၍ ပေးတော်မူလေ၏။ ပြီးမှ ရဟန်းတု ရဟန်းယောင် (တိတ္ထိ) ခြောက်သောင်းတို့အားနှင်ထုတ်စေတော်မူပြီးလျှင်ရဟန်းတော် ခြောက်သိန်းတို့နှင့်တကွ ဥပုသ်ပြုတော်မူလေ၏။

ဘုရားရှင် ဟောကြားတော် မူခဲ့သည့် အဘိဓမ္မာခြောက်ကျမ်းအနက် ကထာဝတ္ထုကျမ်းကိုလည်း သကပကၡ၅၀၀-ပရပက္ခ ၅၀၀ (အစုစု ၀၁ဒတထောင်)ကိုဖြင့် တန်းဆာဆင်လျက်ဖြည့်သွင်းဟောကြားတော်မူလေ၏။

(ခ) ဦးစီးပုဂ္ဂိုလ်

ဗုဒ္ဓဘုရားရှင်၏ တပည့်ရင်း (၁) အရှင် ဥပါလိ (၂)ဌင်း၏တပည့်အရှင်ဒါသက(၃)ဌင်း၏တပည့်အရှင်သောဏ (၄) ဌင်း၏တပည့်အရှင်သိဂ္ဂဝ (၅) ဌင်း၏ တပည့်အရှင်စန္ဒဝဇ္ဇီမထေရ်တို့၏တပည့်ရင်းအရှင်မဟာမောဂ္ဂလိပုတ္တာတိဿ ဖြစ်ကြောင်းကိုအဋ္ဌကထာ၌ ဆို၏။

(ဂ) တင်သောသံဃာဦးရေ

အရှင်မဟာ မောဂ္ဂလိပုတ္တာတိဿ, အရှင်မဇ္ဈန္တိက, အရှင်မဟာဒေဝ-စသော ရဟန္တာတထောင်မျှ ပါဝင်တော်မူကုန်၏။

(ဃ) တင်ရာဌာန

ပါဠလိပုတ်ပြည်အသောကာရုံကျောင်းတော် (ယခု ပန္နားမြို့ဟောင်းအတွင်း၌ နေရာထင်ရှားရှိသေးသည်)။

(င) အမှီပြုသောမင်း

ဗုဒ္ဓဘာသာသာသနာပြုမင်းအပေါင်းတို့တွင် အထင်ရှားဆုံး အကျော်စောဆုံးဖြစ်သော အသောက (သို့ရာ ဓမ္မာသောက) မင်းကြီးပေတည်း။

(စ) တင်သောကာလအကြာ

သာသနာ ၂၃၅-က စ၍တင်ရာ ၉-လအိုင်တိုင် ကြာမှ ပြီးဒိန်၏။

(ဆ) တင်ပုံတင်နည်း

နှုတ်ဖြင့်သာလျှင် ရွတ်ဆို၍ တင်တော်မူကြကုန်၏။

၄။ စတုတ္ထသံဂါယနာ

မင်းချင်းလေ။ ။ကုသဝတီ၊ ပုရိပြည်ထူး၊ စံလွတ်ကျော်ဝယ်၊ တန်ခူးလည်းကုန်၊ နတ်မြေးခုနစ်သား၊ ကဆုန်ပုဏ္ဏမာ၊ နေ့အင်္ဂါဟု၊ ဗေသာခါနက်၊ တည့်မွန်းရက်တွင်၊ စက်တော်မပြန်၊ ဓာတ်ဒိဗ္ဗာန်ကို၊ ချန်ခဲ့တုံမြောက်၊ ဆန်းကြွေနောက်ဝယ်၊ သာလျှောက်လူငိုလ်၊ ကပ်မှီခိုသည်၊ သိဟိုဠ်ဆရာ၊ ဂျိစ်ဆယ်လသားသား၊ သဠါတိဿ၊ မင်းတရားရင်သွေး၊ မြတ်လေးသက်နှံ၊ ချစ်ဘားသနဲသည်၊ ဝဋ္ဋဂံဘုန်းတောက်၊ နန်းစံခြောက်တွင်၊ ဘရောက်ထိုခါ၊ သာသနာမူ၊ ရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု၊ တော်မဟာဝင်၊ သံဗိုင်းတင်ရှင့်၊ ရဟန္တာသတ္တ၊ ပြည့်စုံလှသည်၊ အမရ ရန်အောင်၊ ပြည်ထောင်မင်းအား၊ ညွှတ်တွားရှိသေ၊ ဆက်လာပေသည်၊ သန္ဓေသကထာ၊ သိဟိုဠ်ဒီပဝံ၊ လေးရာတွက်ဖွဲ့၊ သုံးဆယ့်နှင့်သုံး၊ ပါဠိစီကုံးရှင့်၊ ထုံးနှစ်ဖြာထွက်၊ ထိုနှစ်ချက်ကို၊ နှစ်သက်ကြာ၊ မှတ်ဇလပါလေ၃၊ နှစ်မှာတွက်ဖွဲ့၊ ဆဲ့ခုနှစ်သာ၊ မျှလောက်ကွာ၏၊ မဟာသမယ၊ ထိုကာလဝယ်၊ ဝဋ္ဋမင်းအား၊ အမှီထား၍၊ ငါးခုနစ်ခု၊ ထောင်သံဃာတို့၊ သုံးခါဘိုင်ဘိုင်၊ သံဖြိုင်တွတ်တွတ်၊ ရွှေ့ကရွတ်သား၊ မုခပါဠိပြတ်စွာ၊ ထေရ်ငါးရာတို့၊ပေါင်းကာရုဉ္ဇ၊ စတုတ္ထ သံဂါယနာ၊ တင်ပြီနိုလာသည်၊ အာလောကာလိုဏ်တွင်တည့်လေး။ ။ သူကောင်းဖေါ်ရွေ မင်းချင်းတို့။ ။

(စာဆိုဇတင်-ဦးယာဆို)

(က) တင်ရသောအကြောင်းရင်း

သီဟိုဠ်ကျွန်းဠ စက္ကာလဘိဿ ပုန်ကန်သော ဘေးကြီးထကြွသည့်ပြင်၊ မိုဃ်းကလည်း ကောင်းစွာ မရွာသွန်းသောကြောင့် ငတ်မွတ် ခေါင်းပါး ကြကုန်၏။ ထိုအခါ ရဟန္တာကြီး ခြောက်ကျိပ်တို့သည် ပဌမ ဇမ္ဗူဒိပ်ကျွန်း(အိန္ဒိယပြည်)သို့ ကူးတော်မူကြရန် ကမ်းပါးသို့ကြွတော်မူလာကုန်၏။ ဖေါင်မဆန့်သဖြင့် ကျန်ရစ်ခဲ့သော ရဟန္တာကြီး ခြောက်ကျိပ်တို့သည် သီဟိုဠ်ကျွန်းပင် ပဋိညာဉ်ကို ဆောင်ရွက် စောင့်ရှောက်ကြကုန်အုံဟု ကာကီကဝတ်ပြုတော်မူကြပြီးလျှင် သီဟိုဠ်ကျွန်းတဝိ အစိပ်အပိုင်းဖြစ်သော မလယဇနပုဒ်သို့ကြွရောက်တော်မူကြကုန်၏။ သစ္စာ-သစ်ဒု-သစ်ရွက်များကို သုံးဆောင်တော်မူကြလျက် အဋ္ဌကထာနှင့်တကွ ပိဋကတ်ကို သရုပ်ဖျော်တော် မူကြကုန်၏။ အလွန်ပင် ဆာလောင်မွတ်သိပ်လှသောကြောင့် မသရုပ်ဖျော်နိုင်ကြသောအခါ၌ကား သကိုဝန်းဦးက်အောက်ထား၍၊ ခေါင်းချင်းဆိုင်ကြပြီးလျှင် ပိဋကစာပေကို ဗိုဝ်ဖြင့်သာလျှင် ဆင်ခြင်တော်မူနှင်ကြကုန်၏။ ဤနည်းအတိုင်း ၁၂-နှစ်မျှကြာတင်၍သွားပေ၏။

၁၂-နှစ်အကြာ သူပုန်ရန် အေးငြိမ်းသဖြင့် ဇမ္ဗူဒိပ်(အိန္ဒိယပြည်)သို့ကြွရောက်တော်မူ၍ ပိဋကကို စောင့်ရှောက်တော်မူကြသည့်ရဟန္တာ ၇၀၀-ကိုသည်ကလွဲ ရာမ ဇနပုဒ်-မလ္လာလရာမ ကျောင်းသို့ ပြန်လည်ကြွရောက်တော်မူလာကြကုန်၏။

ရဟန္တာ-ခြောက်ကျိပ်နှင့် ရဟန္တာ ၇၀၀-တို့သည် အဋ္ဌကထာ နှင့်တကွသော ပိဋကတော်ကိုတိုက်ဆိုင်တည်းဖြတ်တော်မူကြကြောင်းကို အဋ္ဌကထာဋီကာတို့၌ ဖွင့်ဆိုပြသတော်မူကုန်၏။

ရှေးအခါက ပိဋကတော်များကို နှုတ်ဖြင့်သာဆောင်လေ့ရှိတော်မူခဲ့ကြကုန်၏။ နောင်အခါသတ္တဝါတို့သတိ-ပညာ-သမာဓိ ယုတ်လျော့သဖြင့် ပိဋကတော်ကို နှုတ်တက် မဆောင်ရွက်နိုင်ကြမည်ကို မြင်တော်မူကြသောကြောင့် စတုတ္ထ သံဂါယနာတင်တော်မူကြကုန်၏။

(ခ) ဦးစီးပုဂ္ဂိုလ်

ထိုတင်ပွဲ၌ အရှင်မဟာ ဓမ္မရက္ခိတ ဦးစီးတော်မူသည်။ သီဟိုဠ်သို့ကြွရောက်၍ သာသနာပြုတော်မူသော အသောကမင်းကြီး၏သားတော် (၁) အရှင်မဟိန္ဒ (၂) အရှင်အရိဋ္ဌ (၃) အရှင်တိဿဒတ္တ (၄) အရှင်ကာလသုမန (၅) အရှင်ဒီဃသုမန (၆) ဒုတိယ-အရှင်ကာလသုမန (၇) အရှင်နာဂ (၈) အရှင် ဗုဒ္ဓရက္ခိတ (၉) အရှင်တိဿ (၁၀) အရှင်ရေဝတ (၁၁) အရှင်သုမန (၁၂) အရှင် စူဠနာဂရောဟန (၁၃) အရှင် ဓမ္မပါလိတ (၁၄) အရှင်ခေမ (၁၅) အရှင်ဥပတိဿ (၁၆) အရှင် ဖုဿဒေဝ (၁၇) အရှင် သုမန (၁၈)

အရှင် မဟာပဒုမ (၁၉) အရှင် မဟာသီဝ (၂၀) အရှင် ဥပါလိ (၂၁) အရှင်မဟာနာဂ (၂၂) အရှင် အဘယ (၂၃) အရှင် တိဿ (၂၄) အရှင် သုမန (၂၅) အရှင် စူဠဒေဝ (၂၆) အရှင် တိဿ (၂၇) အရှင် စူဠဒေဝ (၂၈) အရှင် သီဝ (၂၉) အရှင် မဟာဓမ္မရက္ခိတ ဟူ၍ ဆရာတပည့် အစဉ်အဆက်ကို အဋ္ဌကထာ၌ ပြတော်မူ၏။

(ဂ) သံဃာ တော်ဦးရေ

သံဃာ တော် ၅၀၀-တည်း။

(ဃ) တင်ရာ ဌာန

သီဟိုဠ်ကျွန်း၊ မလယဇနပုဒ် အာလောကလိုဏ်၊

(င) အမှီပြု ရာမင်း


မည်သည့်မင်းကို မျှ အမှီပြုသည်ဟု စာ ပေများ၌မဆို၊ သီဟိုဠ် မင်း ၁၈-ဆက် မြောက် ဝဋ္ဋဂါမကိုမင်း (၎င်း မင်းနန်းစံ ၆ - နှစ် မြောက်၌ တင်သည်ဟုသာ သိရသည်။)


(စ) တင်သောကာလအကြာ

အဋ္ဌကထာများ၌မတွေ့ရပေ။

(ဆ) တင်ပုံတင်နည်း

ပေထက် အက္ခရာ တင်ဖတ်မှုကြ ပြီးလျှင် အကြိမ် ၁၀၀-တိတိ သုမ်သင်တည်း ဖြတ်တော်မူကြကုန်၏။





၅။ ပဋ္ဌမသံဂါယနာ

မင်းချင်းလေ။ ။ကုန်းဘောင်ရွှေပြည်၊ ထောင်ဦးတည်သား။ ဇာနည် ဥက္ကဋ္ဌ၊ ဘေးလောင်းနတ်မှ။မပြတ်စည်းရုံး၊ပွါးဖြိုး ပွါးဖြိုး။ မုတ္တာကုံးသို့၊ မင်းဆုံးနှင်နှင်။ သုက်ဝင်ဒသမ၊ ကွာပိန္နကား။စကြဲ့တန္ဆိုန်း၊သက္ကဘုန်းဖြင့်။ ကုန်း,အင်း,ကိုင်း,အ,မ၊ ငါးဌာနတွင်။ မအာကွျာ၊မလွှာလာကို။ ပထမာဒိက၊ လက်မွန်စ၍။ ရာဇနဂရေ၊ မင်းနေပြည်ကြီး။ ဖန်ဆင်းပြီးသော်၊ စောထီးမြတ်စွာ၊ နေ–လေးဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုန်းရာမဲ့ကို၊ မြို့ပြုထင်မြင်၊ ရှုဆင်ခြင်၍၊ သင်္ဃာဝတ်၊ လွတ်ပစေသော၊ ကျွတ်စေသြဟု၊ မနောပဏိဓိ၊ ရည်သန်ရှိလျက်၊ ပကတိငွေရောင်၊ သလင်းတောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမော့ဘပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာ့ဃ,နာ,ဝ,ရ၊ကောစပုံရေး၊ငွေး,ငွေး,ငွေးက၊ သရဘသဘင်၊ ဦးရက်တွင်၌၊ ရေးတင်ဆစ်ထု၊ လက်သားစုကို၊ သုမင်္ဂလာ၊ဇာဂရာနှင့်၊ နရိန္ဒာဘိဓာ၊ အတုလဓိပ်၊ တံဆိပ်တင်မှတ်၊ ပိဋ္ဌကတ်ကို၊ ပတ်ပတ်ရစ်လှိမ့်၊ စက်နှယ်အိမ့်သား၊ နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာတို့၊ သေချာဖြင့်ဆိုတည်း၊ ပြင်ဆင်လှည့်သည်၊ ပိနည်းဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတဆဲ့တစ်၊ နှစ်ရာ့ရှစ်နှင့်။ ဇော,အစ်,သုည။ ပေါင်းလကား။ ခုနှစ်ရာ့နှစ်ဆယ်။ ကိုးသွယ်ချပ်မှန်။ ဓမ္မခန်ရှစ်သောင်း။ လေးထောင်ပေါင်းက။ သျှင်ကောင်းသာသနာ။ နှစ်ထောင်သာလျက်။ လေးရာဆဲ့နှစ်။ သက္ကရာဇ်။တစ်,နှစ်,သုံး, နောက်။ သုည၀ေါက်၍။ လရောက်ကဆုန်။ ပုဏ္ဏာဝိတ်နေ့။ ပြီးစုံစေ့ရှင့်။ချမ်းမြေ့နှစ်သက်။ အထက်လေးဖြာ။ သင်ယနာတွင်။ သေလာရုပ်။ ပဋ္ဌမသင်္ဂါယနာ။ တင်ပြန်လာသည်။ရတနာပုံနန်းတွင်တည့်လေး။ ။သူကောင်းဖေါ်ရွှေမင်းချင်းတို့။ ။

(ဆီးပနိဆရာတော်ဆို)

(က) တင်ရသောအကြောင်းရင်း

အခြားအကြောင်းရင်းကား မရှိလှပေ။ ပေပရပိုက်ရှိမူတို့ထက် တည်တံ့စွာ ခိုင်ခန့်ရေး-မူအကွဲကွဲ ရှိသည်များကို ညီညွတ်ရေးစသည်တို့ကို ရည်ရွယ်၍ တင်ကြကုန်၏။

(ခ) ဦးစီးပုဂ္ဂိုလ်

(၁) တောင်ဆောင်မိဖုရားကြီး၏ ဆရာ ဇာဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု။

(၂) မြတောင်မြို့စားသေနတ်ဝန်ကြီးဆရာ နရိန္ဒာဘိဓဇသိရိသဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

(၃) စီးတော်မြင်းဝန်တိုက် ဆရာတော် သုမင်္ဂလသာမိသိရိပဝရ၊ မဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍ ရဟန်းတော်ဘက်မှ ၃-ပါးမျှရှိကုန်၏။

(၁) အတွင်းဝန်ခန်းပတ်မြို့စား မင်းကြီးမဟာသီရိဉဏာ။

(၂) အတွင်းဝန်ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ။

(၃) ခင်မမင်းဝန်မိုင်းခိုင်း မြို့စား မဟာသီရိဇေယျသူ။

(၄) သံတော်ဆင့်နေမျိုးရာဇစည်သူ။

(၅) အမိန့်ဘော်ရေးမင်းထင်ဇေယျသူ။

(၆) အသုံး စာရေး နေမျိုး သိရိကျော်သူဟူ၍ ကျောက်ထုရာတွင် လူဘက်မှ ၆-ဦးမျှရှိကုန်၏။ ဤရှင်လူ ၉-ဦးမျှကျောက်ထရာအကွဲရာအဖြစ် ကြီးကြပ်၍တင်တော်မူကြကုန်၏။

(ဂ) သံဃာတော်ဦးရေ

၂၄၀၀-မျှရှိကုန်၏။

(ဃ) တင်ရာဌာန

(၁) မြန်မာနိုင်ငံ မန္တလေးနေပြည်တော် မဟာလောကမာရဇိန် ခေါ် မင်းတုန်းမင်းတြားကြီး၏ ကုသိုလ်တော်စေတီတော် တံတိုင်းအတွင်း ဂူငယ်များ၌ ကျောက်ရေးဖြင့် တင်ကုန်၏။ (၂) ရွှေနန်းပြဿာဒ်တော်ဦး မြေနန်းတော်တွင်နှုတ်ဖြင့်ရွတ်ဆို၍ တင်တော်မူကြသည်။

(င) အမှီပြုသောမင်း

ကုန်းဘောင် ဆယ်ဆက်မြောက် မင်းတုန်းမင်းတရားကြီး။

(စ) တင်သောကာလအကြာ

(၁) ကျောက်ရေးကို ၁၂၂၂-ခု၊တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့က စတင်လုပ်ဆောင်ရာ ၁၂၃၀-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့၌ပြီးဆုံး၏။ (၂) နှုတ်ဖြင့် တင်သည်ကို ၁၂၃၃-ခု၊ တန်ခူး လပြည့်ကျော် ၁၁-ရက် (နှစ်ဆန်း-၁ရက်) စနေနေ့ကနေ၍ဘင်ရာ ၁၂၃၃ ခု၊တော်သလင်းလပြည့်ကျော် ၁၄-ရက်နေ့ (၅-လနှင့် ၃-ရက်အကြာတွင်)ပြီး၏။

(ဆ) တင်ပုံတင်နည်း

တင်ပုံ တင်နည်းကို သိသာရန် ကျောက်ရေး ပိဋကသုံးပုံ နိဂုံးကျောက်စာတော်မှ-အောက်တွင် (မူရင်းအတိုင်း)ထုတ်နှုတ် ဖော်ပြလိုက်ပါသည်။ ။

....ဇမ္ဗူဒီပ အပရန္တ တိုင်းမ,ဥသျောင် ရန်ဧပါင်း အောင်သော ရတနာပုံ ရွှေပြည်ကြီးနှိုက် ပဋ္ဌမသင်္ဂါ ယနာတင်တော်မူမည် ကြံရည်တော်မူလျှင် သာသနာတော်စောင့် သမာဒေဝနာဂကောင်း နတ်မြတ်ဟုံသည် နှီးဆော် တိုက်ဘွန်းသည် ဖြစ်၍ သာသနာ့ပြု သုမဉ္ဇာဆရာတော်ရှစ်ပါးအား လျောက်ထားကြီးသျှင် ဝိဇိဋဋကဓရ သိက္ခာကာမ သီလဝိသုဒ္ဓိ ဖြစ်သော တံဆိပ်တော်ရ,မရ သင်္ဃာတော် နှစ်ထောင်လေးရာကျော် တို့သည် ရွှေနန်းပြဿာဒ်တော်ကြီး သီဟာသနရောဇပလ္လင်ခန့်တွင် ဝိနည်း ဝိဋကတ်တော်ကို အဦးထား၍၊ သက္ကရာဇ် ၁၂၃၃-ခု တန်ခူးလပြည့်ကျော် ၁၁-ရက် နှစ်ဆန်း တရက် စနေနေ့ကစပြီးလျှင် အစဉ်သဖြင့်ပေါင်း၍ ပြန်ဆို သရဇ္ဈာယ်တော်မူကြရာ ၎င်းနှစ် တော်သလင်းလပြည့် ကျော် ၁၄-ရက် အင်္ဂါနေ့ ခြောက်လနှင့်ပြီးစီး၍ ပဉ္စမသင်္ဂါယနာတင်တော်မူခြင်း....

....ဝဋ္ဋဒုက္ခ အပေါင်းမှ ထုတ်၍ လူနတ် နိဗ္ဗာန်သုံးတန်သော်ချမ်းသာကို မချွတ်မလွဲ ပေးစွမ်းနိုင်သည့် ထိုသို့ ရခဲလှသော ပိဋကတ်တော်ကို တကမ္ဘာပတ်လုံး တည်စေတော်မူလိုသော သမ္မာဆန္ဒတော်နှင့် ထောက်ထားတော်မူ၍ ဤကမ္ဘာတွင် ကသေ့ပဘုရားရှင် လက်ထက်တော်က တိရစ္ဆာန် ဂက်တို့ တူးခဲ့သော လိုဏ်သည် တကယ်ကျော်၍ ဂေါတမ ဘုရားရှင် ထိုလိုဏ်တွင် ကိန်းဝပ်တော်မူကြောင်း ကျမ်းဂန်လာ ရှိသည်၊ ပိဋကတ်တော်ကို ကျောက်နှိုက် ရေးထုတော်မူမည် ကြံရည်တော်မူ၍ ရွှေးချယ်လျှင်.... ကျောက်သလင်းသည် အကြီးအကျယ် ချောမော ပြေပြစ်သည် အထူးထူးသော တိုင်းကြီး ပြည်ကြီးဝယ်နှိုက် ထင်မရှိ၊ နှိုင်ငံတော်တွင်သာ မြင်းမိုရ်စကြာဝဠာနှင့် တပြိုင်တည်း ပေါ်ထွန်းသော ကျောက်သလင်း ပတ္တမြားအတိုင်း သော သကျင်တောင်တော်တွင် ရှိသည်၊ ရွှေးရွှေးသော မင်းတို့ ဘုရား ဂူကျောင်းနှိုက် ကျောက်စာ ထိုးမှတ် လှူဒါန်းသော ကျောက်သည် ပါသာဏကျောက်မျိုး ဖြစ်၍ အရှည်မတည်၊ အထက် ရွယ်ရည်းတော်မူတိုင်း ဟည်အောင် သလင်းကျောက်ဖြင့် ထုလုပ် ရေးသားကိုးကွယ်တော် မူမည်ရည်၍ (ပုပ္ပါးစောရဟန်းဖြူကြွင်း သက္ကရာဇ် ငါးရာကျော်) သီဟိုဠ်ကျွန်း ဝန္နဝါမဏ္ဍိမင်း လက်ထက် ရဟန္တာ အရှင်မြတ်တို့ ပေထက် အဋ္ဌရာတင်သည်ကဲ့ ယခုတိုင် ပိဋကတ်တော်ကို ကျောက်ဖြင့် ရေးသားထုလုပ်သည်မရှိ၊ ငါအသျှင် ကေရာဇ်မင်းမြတ် ကုသိုလ်တော်ပွါး ရေးသားကိုးကွယ်ရမည်ကို နှတ်တို့ သိ၍တည်ထားလေယောင်ဟု အလွန်ဝမ်းမြောက်တော် မူသဖြင့် အထက်ပိဋကတ်တော်ကို သုမိသင် တည်းဇြတ် သော (၁) တိပိဋကဓရ သီလဝိသုဒ္ဓိ ဒက္ခိဏေယျ နွယ်စဉ်၊ ဓမ္မဒ္ဒဓရ ဓမ္မရုစိ ရွှန်းရွှန်းညီသော ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု (၂) သုမင်္ဂလသာမိ သီရိပဝရမဟိဓမော ဓမ္မရာဇာဓိရာဇဂုရု၊ (၃) နရိန္ဒာဘိ သီရိသဒ္ဓမ္မဇောတိပါလဓမော ဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရသော ဆရာတော် သုံးပါးတို့ ပုဗ္ဗ-ပါဠိ-အဋ္ဌကထာ ကျောက်စာအရေးအသား မချွတ်

မယွင်းစေရအောင်၊ သန့်ရှင်းပြင်ဆင်ပြီး ပြေသည်ကို(၁) အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး သီရိမဟာ ဥဇနာ၊ (၂) ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူ၊ (၃) ခင်မမင်းဝန် မိုးခိုင်းမြို့စား မဟာသီရိဇေယျသူ၊ (၄) သံတော်ဆင့် နေမျိုးရာဇာစည်သူ၊ (၅) အမိန့်တော်ရေး မင်းထင်ဇေယျသူ၊ (၆) အသုံးစာရေး နေမျိုး သီရိကျော်သူတို့ကို မှူးကြီးကြပ်မစေ၍၊

ဝိနည်းငါးကျမ်း ပါဠိတော် ကျောက်ချပ်ရေ တရာ တဆယ့်တစ်။

အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိကျောက်ချပ်ရေ ၂၀၈။

နိကာယ် ငါးကျမ်း သုတ်ပါဠိတော် ကျောက်ချပ် ရေ ၄၁၀။


ပေါင်းကျောက်ချပ်ရေ ခုနစ်ရာနှစ်ဆယ့်ကိုး ထုလုပ် ရေးသားရှိသည်ကို မြို့တော်, ကျုံးတော်, စေတီတော်, သိမ်တော်, ကျောင်းတော်, ဝိဠုကတ်တိုက်တော်, သုဓမ္မ ဇရပ်တော်ဟူသော ခုနစ်ဌာနအဝင်၊

မဟာလောက မာရဇိန်စေတီတော် ပဌမမဟာရံ အတွင်း ဂူပြာသာဒ် လုံးရေ ၄၂။

ဒုတိယ မဟာရံအတွင်း ဂူပြာသာဒ် လုံးရေ ၁၆၀။

တတိယ မဟာရံအတွင်း ဂူပြာသာဒ် လုံးရေ ၅၁၉

တို့၌ အစဉ်အတိုင်း ပိဠကာကျောက်စာတော်တို့ကို သွင်းထား စိုက်ထူ ကိုးကွယ်တော် မူသော အဘူတပုဗ္ဗ အစ္ဆရိယ အဟော၀တ ဖြစ်သော ချီးမွမ်းအံ့အဲ့၍ မကုန်နိုင်သော ကျောက်စေတီတော် ခုနစ်ရာနှစ်ဆယ့် ကိုးတို့ကို ကမ္ဘာ ဘို့မြေ၊ မကြေမခြင်း ဌာ၀ရ အဓွန့်ရှည်စွာ တည်စေဖို့မှ၄ ဤကျောက်စာ သံပိုင်းကို ထိုးစေရ သတည်း။



ပထမ သံဂါယနာတင်တော်မူ
စဉ်ဘခါက ဘရှင်ဥပါလိနှင့်ဘရှင်
ဘာနန္ဒာတို့ ဆင်စွယ် ယပ်တောင်
ကိုကိုင်စွဲတော်မူ၍၊ ဓမ္မာသနပလ္လင်
တော်သို့တက်သည်ကိုနှလုံးထား၍
ဗုဒ္ဓသာသန တိဝိဋ္ဌကမရုမဟာ
တိဝိဋ္ဌက ကောဝိဒနှင့် ဘဒ္ဒန္တ
ဝိစိတ္တသာရ တိဝိဋ္ဌကာဒရဓမ္မဘဏ္ဍာ
ဂါရိကဘွဲတော်ရ ဆရာတော်ဘား
နှင်ငံတော် ဘစိုးရတို့က ဆက်ကပ်
သည့် ဆင်စွယ်ယပ်တောင်။

ဆဋ္ဌသံဂါယနာ ဒကာတော်အဖြစ် ကြီးမှူးဆောင်ရွက်သည့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး

အက်ဥပဒေ-၃-မျိုး

လွတ်လပ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ပါလီမန်လွှတ်တော်ကြီးမှ သာသနာရေးနှင့် ပတ်သက်သည့် အက်ဥပဒေ ၃-ရပ်တို့ကို ပြဋ္ဌာန်းခဲ့ရာ ထို အက်ဥပဒေ ၃-ရပ်ဘို့မှာ (၁) ဝိနိစ္ဆယ ဌာန အက်ဥပဒေ (၂) ပါဠိတတ္တသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ (၃) ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတို့ဖြစ်လေသည်။

ပထမဆုံးညီလာခံ

ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအတည်ဖြစ်ပြီးနောက် အက်ဥပဒေအရ၊ ရပ်သုံးဖေါ်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးနှင့် သာသနာရေးဌာနကြီး ဦးဝင်းကကြီးမှူး၍ (၂၆-၈-၅၀) နေ့ ၁-နာရီ ၂၅ မိနစ် အချိန်တွင် ပထမဆုံးအကြိမ် ညီလာခံကြီးကို ရန်ကုန်မြို့တက္ကသိုလ်မဏ္ဍပ်ကြီး၌ ကျင်းပခဲ့လေသည်။ ထိုညီလာခံ၌ ကိုယ်စားလှယ်တော်ပေါင်း ၅၁-ဦးတို့၏ အမည်များကို ကျေညာခဲ့လေသည်။ ထိုနောက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ အမှုဆောင် အဖွဲ့ အတွက် ဒေသဆိုင်ရာ ကိုယ်စားလှယ် ၁၀-ဦး၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များက ရွေးချယ်သည့်ပုဂ္ဂိုလ် ၉ ဦး နိုင်ငံတော်သမဘာကြီးက ခန့်အပ်သည့် ပုဂ္ဂိုလ် ၈-ဦး အားဖြင့် သုံးရပ်ပေါင်း ၂၇-ဦးတို့ကို ရွေးချယ်ခဲ့လေသည်။ ကိုယ်စားလှယ်တော်များနှင့် အမှုဆောင်တို့၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ကိုယ်စားလှယ်တော်ကြီးများ

(၁) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များရွေးချယ်သည့်ပုဂ္ဂိုလ် ၉-ဦး။

(၁) မဟာသီရိသုဓမ္မ ဦးမြ ဟသ်ာတ (၂) သတိုးမဟာ သဇေစည်သူ ဦးချုန်ထွန်း (နိုင်ငံတော်ရွှေ နေချုပ်ကြီး) (၃) ဦးဘဆွေ (သာသနာရေးဌာန အထူးအရာရှိ) (၄) ဦးစင်းရှိန် (အကျိုးဆောင်ကြီး စေတီယဉ်ကာပရိယတ္တိအသင်း) (၅)ဦးဘိုးမြ (အကျိုးဆောင်ကြီး ပရိယတ္တိ သာသနာ နုဂ္ဂဟအသင်း) (၆) ဦးသိန်းအောင် အဘိဓမ္မာ နည်းပြဆရာဒဂံါးရုံ အရှေဘက်မန္တလေး (၇) ဦးတင်အောင် (သာသနာရေးအရာရှိ) ၃၁-လခ်းမန္တလေး။ (၈) ဦးစံရှိ (စက်ပိုင်)ဗိုလ်ချုပ်လမ်းမန္တလေးမြို့။ (၉) ဦးမြင့်ဟန် ကုန်သည် ဒေးဝန်းအရှေပိုင်း၊ ပုတ်တန်းမန္တလေးမြို့။)

(၂) နိုင်ငံတော် သမတခန့်အပ်သည့် ပုဂ္ဂိုလ် ၈-ဦး။

(၁၀) ဦးဘတင် (ချပ်သင်း) (၁၁) ဦးအုန်းဖေ (လွှတ်တော် တရားသူကြီး) (၁၂) ဦးဘခင် (ငွေစာရင်းဝန်) (၁၃) ဦးကြီးဖေ (သာသနာညွှန်ကြားရေးဝန်) (၁၄) စည်သူဦးစံညွှန့် (အတွင်းဝန်တရားဌာန) (၁၅) စကား စော်ဘွားကြီး (၁၆) ဦးစံသိမ်း (နိုင်ငံတော်လေကြောင်း သယ်ယူ ပို့ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ) (၁၇) ဦးအိန္ဒက် (ဗုဒ္ဓဘာသာ တရုပ်အမျိုးသား ကိုယ်စားလှယ်)။

(၃) ပဓူးတိုင်း။


(က) ရန်ကုန်ခရိုင်မှ

(၁၈) သတိုးသီရိသုဓမ္မ ဆာ-ဦးသွင် (၁၉) သတိုးသီရိသုဓမ္မ ဦးသိမ်းမောင် (တရားလွှတ်တော် ချုပ်တရားဝန်ကြီးချုပ်) (၂၀) ဦးစံဖေ(အဘိဓမ္မာ ပြန့်ပွားရေးအသင်း)။

(ခ) သာယာဝတီခရိုင်မှ

(၂၁) ဦးသူငယ် (အထက်တန်း အမှန့်တော်ရာရွှေနေ)သာယာဝတီမြို့။

(ဒေါက်တာမြင့်ဆွေ ဦးဆောင်သော ကျောင်းသားအဖွဲ့ကို ဆုတံဆိပ်များ ဆက်ကပ်ပေးနေစဉ်)



"ဟိုးဟောဒီ ကျောင်းသားတွေ ဘယ်ကလဲ"

(ဒေါက်တာမြင့်ဆွေ ဦးဆောင်သော ကျောင်းသားအဖွဲ့ကို ဆုတံဆိပ်များ ဆက်ကပ်ပေးနေစဉ်)

(၁) ကျောင်းသားတွေ ဘယ်ကလဲ

(၂) ဘာကြောင့် ဆုတံဆိပ်တွေ ပေးနေတာလဲ

(၃) ဆုတံဆိပ်တွေ ဘယ်သူတွေ ပေးနေတာလဲ

(၄) ဆုတံဆိပ်တွေ ဘယ်သူတွေ ဆက်ကပ်နေတာလဲ

(၅) ဆုတံဆိပ်တွေ ဘယ်သူတွေ ခံယူနေကြတာလဲ

(၆) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ပေးနေတာလဲ

(၇) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ခံယူနေကြတာလဲ

(၈) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ဆက်ကပ်နေတာလဲ

(၉) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ပေးနေတာလဲ

"ဟိုးဟောဒီ ကျောင်းသားတွေ ဘယ်ကလဲ"

(ဒေါက်တာမြင့်ဆွေ ဦးဆောင်သော ကျောင်းသားအဖွဲ့ကို ဆုတံဆိပ်များ ဆက်ကပ်ပေးနေစဉ်)

(၁) ကျောင်းသားတွေ ဘယ်ကလဲ

(၂) ဘာကြောင့် ဆုတံဆိပ်တွေ ပေးနေတာလဲ

(၃) ဆုတံဆိပ်တွေ ဘယ်သူတွေ ပေးနေတာလဲ

(၄) ဆုတံဆိပ်တွေ ဘယ်သူတွေ ဆက်ကပ်နေတာလဲ

(၅) ဆုတံဆိပ်တွေ ဘယ်သူတွေ ခံယူနေကြတာလဲ


(၆) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ပေးနေတာလဲ

(၇) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ခံယူနေကြတာလဲ

(၈) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ဆက်ကပ်နေတာလဲ


(၉) ဆုတံဆိပ်တွေ ဘယ်နှစ်ခု ပေးနေတာလဲ

"ဟိုးဟောဒီ ကျောင်းသားတွေ ဘယ်ကလဲ"



ဒုတိယနှစ် (ဘွဲ့ကြိုတန်း) — (ရှင်းကန်ဝဲ) ကျောင်းသားများ (ရှေ့ဆုံးတန်းတွင် ထိုင်နေသူများမှာ ပါမောက္ခများဖြစ်ကြသည်။)

ဒုတိယနှစ် — ခရီးထွက်ခြင်း၊ ဘုရားဖူးခြင်း၊ ဘုရားပွဲတော်များသို့ သွားရောက်ခြင်း၊ ဆွေးနွေးခြင်း၊ ပြဿနာများ ဖြေရှင်းခြင်း၊ ဆုတောင်းခြင်း၊ ကြီးပွားခြင်း၊ ဘဝတွင် ကြုံတွေ့ရသော အခက်အခဲများကို ကျော်လွှားခြင်း၊ ဘဝတွင် ကြုံတွေ့ရသော ဒုက္ခ



ပုံ-၅ ဗုဒ္ဓဘုရားရုပ်ပွား ဥငါးလွှာ ဖွဲ့ဝန်း-၅-ဖုန်းကွင်း ဘိုးထင်းကုထင်းထဲရှိဘုရားဖူးကျောင်းတွင်း

(ခ) မိဏ္ဍိလာခရိုင်မှ

(၃၁) ဝဏ္ဏကျော်ထင် ဦးဘိုးစိန် (နယ်ပိုင် ဝန်ထောက်) သာစည်မြို့။

(ဂ) မြင်းခြံခရိုင်မှ

(၃၂) ဦးကျွမ်းကျော် (တီ-ဗီ-အက်စ်) အထက် တန်းရှေ့နေ မြင်းခြံမြို့။

(ဃ) ရမည်းသင်းခရိုင်မှ

(၃၃) ဦးမြဦး ပရိဂ္ဂရာ ကုန်သည် ရမည်းသင်းမြို့။

(၅) ရောဝတီတိုင်း

(က) ပုသိမ်ခရိုင်မှ

(၃၄) ဦးစံရှိန်၊ ဗုဒ္ဓဝေယျာဝစ္စ အသင်း ရွှေမုဋ္ဌော ကုန်းတော် ပုသိမ်မြို့။

(ခ) ဟသ်ာတခရိုင်မှ

(၃၅) ဦးဘညို၊ (သစ်ကုန်သည် မြို့နိုစိပါယ်လူကြီး) ကံလှတာလေးရပ် ဟသ်ာတမြို့။

(ဂ) မြောင်းမြခရိုင်မှ

(၃၆)

(ဃ) မအူပင်ခရိုင်မှ

(၃၇) ဦးလှသွင်၊ သန္ဓိသိက္ခာ ဆွမ်းလောင်းအသင်း၊ ညောင်တုံးမြို့။

(၆) ဖျာပုံခရိုင်မှ

(၃၈) ဦးဘတင် ဓမ္မဝိနယ အသင်း။ ဖျာပုံမြို့။

(၆) မကွေးတိုင်း

(က) သရက်ခရိုင်မှ

(၃၉) ဦးသက်ခ္ခ(ရှေ့နေ) အာလံမြို့။

(ခ) မင်းဘူးခရိုင်မှ

(၄၀) ဦးပန်၊ ဓါတ်တော်ကုန်း၊ မင်းဘူးမြို့။

(ဂ) မကွေးခရိုင်မှ

(၄၁)

(ဃ) ပခုက္ကူခရိုင်မှ

(၄၂) ဦးခင်မောင်ကြီး၊ ကုသလဝါဃမ ဆွမ်းလောင်း အသင်း၊ ဈေးဟောင်းရပ်၊ ပခုက္ကူမြို့။

(၇) တနင်္သာရီတိုင်း

(က) သထုံခရိုင်မှ

(၄၃) လင်္ကတိ ဦးလှတင်၊ မင်းလမ်း သထုံမြို့။

(ခ) ကျိုက္ခမီခရိုင်မှ

(၄၄) ဆရာ ဦးဘသန်း၊ ရှင်ဗုဒ္ဓဓေယျသကျောင်း မော်လမြိုင်မြို့။

(ဂ) ထားဝယ်ခရိုင်မှ

(၄၅) ဦးမောင်မောင်ခင် (အငြိမ်းစားကျောင်းဆရာ) မြောက်ရွာရပ် ထားဝယ်မြို့။

(ဃ) မြိတ်ခရိုင်မှ

(၄၆) ဦးဘိုးလွင်၊ (အငြိမ်းစားပညာအုပ်) ဆိပ်ငယ် ရပ် မြိတ်မြို့။

(၈) ရခိုင်တိုင်း

(က) စစ်တွေခရိုင်မှ

(၄၇) ဦးထွန်းအောင် (အငြိမ်းစား စက်ရှင်တရားသူ ကြီး) စစ်တွေမြို့။

(ခ) ကျောက်ဖြူခရိုင်မှ

(၄၈) ဦးဘိုးလူ ဝိပဿနာ အသင်း ကျောက်ဖြူမြို့။

(ဂ) သံတွဲခရိုင်မှ

(၄၉) ဦးအောင်ထွန်း (အငြိမ်းစား စာရေးကြီး) ရွှေနန်းတောင်စေတီဝတ်ပြုပြင်ရေးအဖွဲ့သံတွဲမြို့။

(၉) စစ်ကိုင်းဟိုင်း။

(ကဂ) စစ်ကိုင်းခရိုင်မှ

(၅၀) ဦးကျော်မြင့်၊ ပဌမကျော် အဘိုလဝတီ စာပုံနှိပ်တိုက်ရှင် စစ်ကိုင်း။

(ခ) ရွှေဘိုခရိုင်မှ

(၅၁)

(ဂ) ကသာခရိုင်မှ

(၅၂) ဦးမြဒင် (ကုန်သည်) စက်ပန်းရပ် ကသာမြို့။

(ဃ) အထက်ချင်းတွင်းခရိုင် (မော်လိုက်)

(၅၃) ....

(င) အောက်-ချင်းတွင်းခရိုင် (မုံရွာ)

(၅၄) ဦးဆင့်၊ ဒေသန္တရ အုပ်ချုပ်ရေးဌာန အတွင်းရေးမှူး မုံရွာ။

(၁၀) ချင်းဝိသေသတိုင်းမှ

(၅၅) စည်သူဦးသိမ်းမောင် (အေ-တီ-အမ်) ချင်းဝိသေသ တိုင်းမင်းကြီး၊ ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ဖလမ်းမြို့။ (ဦးခင်ညွန့် ကိုယ်စား)

(၅၆) သခင်အောင်ညွန့်၊ (တောင်ပိုင်း) ပြည်သူ့ဆက်ဆံရေးအရာရှိကန်ပက်လက်မြို့။

(၅၇) ဦးသန်းမောင် (တောင်ပိုင်း) ထောက်ပံ့ရေးအရာရှိဟောင်း၊ ကန်ပက်လက်။

(၁၁) ရှမ်းပြည်နယ်မှ

(၅၈) စောခွန်ကြည်၊ ဥက္ကဋ္ဌ ရှမ်းပြည် သာသနာပြုအသင်း တောင်ကြီးမြို့။

(၅၉) ဦးညို၊ကျောင်းတကာ လမ်းဦး ရှမ်းပြည်။

(၆၀) ဦးထွန်းလူ၊ ပဌမပြန်သာသနာပြု အသင်း ကလောမြို့။

(၆၁) စောစိန်ဖ၊ ဝိနယာနုဂ္ဂဟအသင်း ညောင်ရွှေမြို့။

(၆၂) ဦးမောင်မောင်၊ မဟာဒါန်ဝန် သိပေါမြို့။

(၁၂) ကချင်ပြည်နယ်မှ

(၆၃) ဦးစိ၊ ပန်းတိမ်ဆရာ ရှမ်းစုရပ် မြစ်ကြီးနားမြို့၊

(၆၄) ဦးလှတင်ကုန်သည် အလယ်ရပ် မိုးကောင်းမြို့။

(၆၅) ဦးဘခင်၊ ရွှေကျီးနားနှင့် သိမ်တော်ကြီး မဟာစေတီဂေါပက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်မြို့။

(၆၆) ဦးသာဝ၊ အငြိမ်းစား တိရစ္ဆာန် ဆေးကုအင်စပက်တော် ဗန်းမော်။

(၁၃) ကရင်နီပြည်နယ်မှ

(၆၇) ဦးဘဇ ဓါတ်ဗီဇနှောဆရာကြီး လွယ်ကော်မြို့။

(၆၈) ဦးဘဇ၊ ကုန်သည် လွယ်ကော်မြို့။

(၁၄) ကော်သူလေးမှ

(၆၉) ဦးစံညွန့်၊ သထုံကျေးလက်အရှေ့ပိုင်းအမတ်။

(၇၀) စောသာဒင်၊ ကျိုက္ခမီ ကျေးလက် အရှေ့ပိုင်းအမတ်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

အမှုဆောင်များ

(၁) သတိုးသီရိ သုဓမ္မ ဆာ-ဦးသွင်၊ (ဥက္ကဋ္ဌ) (၂) ဦးဝင်း၊ အမျိုးသား စီမံကိန်း ယဉ်ကျေးမှုနှင့် သာသနာရေး ဌာနဝန်ကြီး (၃) သတိုးသီရိ သုဓမ္မ ဦးသိမ်းမောင်၊ တရားလွှတ်တော်ချုပ်တရားဝန်ကြီးချုပ် (ဒုတိယဥက္ကဋ္ဌ) (၄) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေနေချုပ်ကြီး (အကျိုးဆောင်စာချီ) (၅) ဦးဘဆွေ၊ သာသနာရေးဌာန အထူးအရာရှိ။ (အကျိုးဆောင်စာချီ) (၆) ဦးဘတင်၊ (ချပ်သင်း) (ငွေထိမ်း) (၇) စည်သူ ဦးဘခင်၊ ငွေစာရင်းဝန် (စာရင်းစစ်) (၈) မဟာသီရိသုဓမ္မဦးမြ၊ (ဟင်္သာတ) (၉) ဦးစင်းရှိန် (စေတီယဂ်ဏာပရိယတ္တိ အသင်း အကျိုးဆောင်) (၁၀) ဦးဘိုးမြ၊ (ပရိယတ္တိသာသနာနုဂ္ဂဟအသင်း အကျိုးဆောင်)

အဖွဲ့ငယ်များ

အထက်ပါအမှုဆောင်အဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးကို ၁၉၅၁-ခု၊ ဩဂုတ်လ ၂၇-ရက်နေ့ ၂ နာရီ အချိန် အတွင်းဝန်များရုံး ပုဒ္ဓဘာသာ အသင်းတည်ရာ ခန်းမကြီး၌ ကျင်းပ၍ အက်ဥပဒေ ပုဒ်မ (၁၀)ပါ သာသနာရေးကိစ္စအဝဝတို့ကို အသီးသီးတာဝန်ခဲ့ဝေ၍ စေ့ငှစွာဆောင်ရွက်နိုင်စေရန် —

(၁) ပရိယတ္တိအဖွဲ့ငယ်။


(၂) ပဋိပတ္တိအဖွဲ့ငယ်။

(၃) ပုဒ္ဓသာသနဖြန့်ချိရေးအဖွဲ့ငယ်။ (၄) ဘဏ္ဍာရေးအဖွဲ့ငယ်။

ပေါင်းအဖွဲ့ငယ် ၄-ခုကို ဥပဒေပုဒ်မ ၂၃ နှင့် အညီဖွဲ့စည်းကြပြီးလျှင် ထိုအဖွဲ့ငယ် ၄-ခုတွင် ပါဝင်ဆောင်ရွက်ရန် အမှုဆောင်အဖွဲ့ဝင်လူကြီးတို့ကို အောက်ပါအတိုင်း အသီးသီး ရွေးကောက် တင်မြှောက်ကြပါကြောင်း။ အထက်ဖေါ်ပြပါ ဆောင်ရွက်ချက်များသည် အဖွဲ့ငယ်တိုင်းတွင် ရာထူးအလျောက် ထမ်းဆောင်နိုင်ခွင့် ရှိကြလေသည်။

ပရိယတ္တိအဖွဲ့ငယ်ဝင်များ

(၁)သတိုးသီရိသုဓမ္မ ဦးသိမ်းမောင် (ဥက္ကဋ္ဌ) (၂) တရားဝန်ကြီး ဦးအုန်းဖေ (၃) ဦးဘခင် (ကချင်ပြည်နယ်အစိုးရ အတွင်းဝန်) (၄) ဦးသိမ်းအောင်၊ အဘိဓမ္မာနည်းပြဆရာ ဒဂံဦးရုံ အရှေ့ဘက်မန္တလေး။ (၅) ဦးတင်အောင်၊ အထက်မြန်မာ နိုင်ငံ ဒုတိယ သာသနာ့ ညွှန်ကြားရေးဝန် ၃၁-လမ်း မန္တလေးမြို့။ (၁၃) ဦးစံရီ၊ စက်ပိုင်ရှင်ဗိုလ်ချုပ် လမ်းမန္တလေးမြို့။ (၁၄) ဦးမြင့်ဟန်၊ သာသနာရေးအရာရှိ ဒေးဝန်း အရှေ့ပိုင်း ပုတ်တန်း မန္တလေးမြို့။ (၁၅) ဦးအုန်းဖေ၊ လွတ်တော် တရားဝန်ကြီး။ (၁၆) ဦးကြီးဖေ၊ သာသနာ့ညွှန်ကြားရေးဝန်။ (၁၇)စည်သူ ဦးစံညွှန့်၊ အတွင်းဝန် တရားဌာန။ (၁၈) စကား စော်ဘွားကြီး။ (၁၉) ဦးစံသိမ်း၊ အမြတ်တော်ခွန် မင်းကြီး။ (၂၀) ဦးအိခွက်။ ပုဒ္ဓ ဘာသာ တရုပ် အမျိုး သား ကိုယ်စားလှယ် (၂၁) ဦးစံဖေ။ အဘိဓမ္မာ ပြန့် ပွားရေးအသင်း (ယခုအခါ ဦးစံဖေကွယ်လွန်သ ဖြင့်မိုးသတ်ညွှန် ကြားရေးဝန်— သရေ စည် သူ ဦးလှကျော် က ဝင်ရောက်- ဆောင်ရွက် လျက် ရှိလေ သည်)



နိုင်ငံတော်ပုဒ္ဓသာသနာအဖွဲ့ ၂-နှစ်ပြည့် ဖေ-လပတ် စတုဆ္ဆအကြိမ် ညီလာခံ

(၂၂)ဦးမောင်မောင်ကလေး၊အေ-တီ-အမ်အင်ဂြိမ်းစား အသင်း ဝန် ထောက် မင်း၊ စိတ္တရမတီ တောင်ပြင် မန္တလေး။ (၂၃) ဦးအောင်ညွှန့်၊ ချင်းဝိသေသတိုင်း။ (၂၄) ဦးဘခင်၊ ဗန်းမော်။ (၂၅) ဦးဘဓ၊ ဓါတ် ပဒေါ်ဆရာကြီး လွယ်ကော်မြို့။ (၂၆) ဦးစံညွှန့်၊သထုံ ကျေးလက်အရှေ့ပိုင်းအမတ်။ (၂၇) ဦးထွန်းအောင်၊ အင်္ဂြိမ်းစားစက်ရှင်တရားသူကြီး စစ်တွေမြို့။

နယ်) (၄) ဦးစံဖေ။ (၅)ဦးကြီးဖေ(၆)ဦးသိန်းအောင် (မန္တလေး) (၇)ဦးတင်အောင် (မန္တလေး) (၈) ဦး မြင့်ဟန် (မန္တလေး)

ပဋိပတ္တိအဖွဲ့ဝင်များ


(၁) စည်သူ ဦးဘခင် (ဥက္ကဋ္ဌ) (၂) ဦးဘတင် (ချမ်းသင်း) (၃) စကား စော်ဘွားကြီး။(၄) စည်သူ ဦးစံညွန့် (၅) ဦးစံရီ (မန္တလေး) (၆) ဦးစံသိမ်း (၇) ဦးစံညွန့် (ကော်သူလေး)

ဖြန့်ချီရေး အဖွဲ့ဝင်များ

(၁) စည်သူ ဦးစံညွန့် (ဥက္ကဋ္ဌ) (၂) ဦးစံဖေ (၃) ဦးဘိုးမြ (၄) ဦးစင်းရိန် (၅) ဦးမောင်မောင်ကလေး (မန္တလေး) (၆) ဦးဘဇေ (ကယားပြည်နယ်) (၇) ဦးအောင်ညွန့် (ချင်းဝိသေသဘိုင်း)

ဘဏ္ဍာရေး အဖွဲ့ဝင်များ

(၁) သာသနာရေးဝန်ကြီး (ဥက္ကဋ္ဌ) (၂) မဟာသီရိသုဓမ္မ ဦးမြ(ဟသ်ာတ) (၃) ဦးဘတင်(ချမ်းသင်း) (၄)စည်သူ ဦးဘခင်(၅) ဦ.အီခွက် (၆) ဦးထွန်းအောင်(စစ်တွေ) (၇) ဦးစံညွန့်(ကော်သူလေး)



နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ကြီးမှူးရှင်ပြုခဲ့သော ရန်ကုန်မြို့ အင်းယားလမ်း ဒေါ်တိတိလု(စ)
မိဘမဲ့ကျောင်းမှ ကျောင်းသားများကို ရှင်သာမဏေဝတ်ဖြင့် ဟူးတွေ့ရပုံ

ဆဋ္ဌသံဂါယနာ နိဒါန်း

ပါဠိပိဋကတ်တော် ပုံနှိပ်ထုတ်ဝေရေး ဥပဒေကြမ်းနှင့် ပတ်သက်၍ အသံလွှင့်ဌာနမှ၊ ၁၉၅၄-ခု၊ မတ်လ ၁၃-ရက်နှင့် ၁၄-ရက်နေ့ညများတွင်အသံလွှင့်ပြောကြားသော နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်းကို နိဒါန်းအနေနှင့် ဖေါ်ပြလိုက်ပါသည်။ ။

မရှင်းဘဲမနေနိုင်

ပါဠိပိဋကာတော် ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဗုဒ္ဓဘာသာကိုကြည် ညိုသူတိုင်း စိတ်မချမ်းမြေ့စရာ ကောင်းတဲ့ အဖြစ်အပျက်တခု မကြာမီက ဖြစ်ပေါ် ခဲ့ပါတယ်။ ဒီအချက်ဟာ ဗုဒ္ဓဘာသာဝင်တွေအဘို့ အလွန်အရေးကြီးတဲ့ အချက်ကြီးတချက်ဖြစ်နေတဲ့အဘွက်၊ ဒီအချက်ကိုတော့ ရှင်းမပြဘဲနေလို့ မဖြစ်ပါဘူး၊ ရှင်းပြရပါလိမ့်မယ်။

လူထုကတောင်းဆိုတဲ့ဥပဒေ

ဒီ ပါဠိပိဋကတ်တော် ပုံနှိပ် ထုတ်ဝေရေး ဆိုင်ရာ ဥပဒေကြမ်းဟာ အမှန်စင်စစ်ဆိုရင်၊ အစိုးရကိုယ်တိုင်က လွှတ်တော်မှာတင်သွင်းပြီး ဥပဒေလုပ်ရင်လုပ်၊ မလုပ်ရင် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုကြီးတရပ်လုံးက ဒီဥပဒေကြမ်းကို လွှတ်တော်မှာတင်သွင်းပြီး ဥပဒေဖြစ်အောင် လုပ်ပေးဘို့အပြင်းအထန် တောင်းဆိုရမဲ့ ဥပဒေကြမ်းဘဲ ဖြစ်ပါတယ်။

ပုံနှိပ်သူအချို့ရဲ့အကြည့်မျိုး

ဒီဥပဒေကြမ်းကို ကြည့်ပုံအခါမှာ "ငါအင်္ဂြတ်များများ ရရင်ပြီးရော၊ ပါဠိပိဋကတ်တော်တွေ ပျောက်မှောက်မှားမှားဖြစ်ချင်သလိုဖြစ်ကြပါစေ" ဆိုတဲ့ ပိဋကတ်တော်ပုံနှိပ်ထုတ်ဝေသူအချို့ရဲ့အကြည့်မျိုးနဲ့လဲ မကြည့်စေချင်ဘူး။ "ဖဆပလ အစိုးရက ဖြုရင် တို့က မဲရမယ်" ဆိုတဲ့ နိုင်ငံရေးသမားတချို့ရဲ့ အကြည့်မျိုးနဲ့လဲ မကြည့်ကြစေချင်ဘူး။ ဒီ ပါဠိပိဋကတ်တော်ပုံနှိပ်ထုတ်ဝေရေး ဥပဒေကြမ်းကို၊ ကြည့်တဲ့အခါမှာ၊ ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓဘာသာစစ်စစ်တွေရဲ့ အကြည့်မျိုးနဲ့သာ ကြည့်ကြစေချင်တယ်။

မေးခွန်းကြီးလေးခု

ဒီ ပါဠိ ပိဋကတ်တော် ပုံနှိပ် ထုတ်ဝေရေး ဆိုင်ရာ ဥပဒေကြမ်းကို နိုင်ငံတော်အစိုးရတို့ကဥပဒေဖြစ်အောင် လုပ်ရင်လုပ်၊ အစိုးရကမလုပ်ရင်၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာများနဲ့တကွ၊ ဗုဒ္ဓဘာသာဝင် ပြည်သူလူထုကြီး တရပ်လုံးက၊ ဒီဥပဒေကြမ်းကို၊ ဥပဒေဖြစ်အောင်လုပ်ပေးဘို့အစိုးရထံမှာ အပြင်းအထန်တောင်းဆိုသင့်တယ်လို့၊ ခုတင်က ကျွန်တော်ပြောခဲ့ပါတယ်။ ဒီဥပဒေကြမ်းဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်၊ ဘာကြောင့်ဒီလောက် အရေးကြီးရတယ်ဆိုတာကို၊ သိနိုင်ဘို့အတွက်အောက်ပါ မေးခွန်းကြီး ၄-ခုကိုဖြေဘို့လိုပါလိမ့်မည်။ ဒီမေးခွန်းတွေကတော့—

(၁) ဆဋ္ဌသံဂါယနာတင်ဘို့လို မလို၊

(၂) လိုလျှင် ဘာဘယ့်ကြောင့် လို သနည်း၊

(၃) ဆဋ္ဌသံဂါယနာ တင်လျှင် မျှော်ယှင်းပုံက်စီးနေတဲ့ ပါဠိတော်တွေဟာမြို့ပြာစွာဘုရားဟောကြားတော်မူခဲ့တဲ့ အတိုင်း၊ အတိအကျမှန်ကန်ပြီလို့ အာမခံနိုင်ပြီလား၊

(၄) ဆဋ္ဌသံဂါယနာတင်ပြီးလျှင်၊ ထိုဆဋ္ဌသံဂါယနာတင် ပါဠိဋီကတ် တော်များကို၊ အမှားမှား အယွင်းယွင်း ပုံနှိပ်ထုတ်ဝေခြင်း မရှိရအောင် ကာကွယ်စောင့်ရှောက်ပေးဘို့ လိုမလို။

ဆိုတဲ့ မေးခွန်းကြီး ၄–ခုဘဲ ဖြစ်ပါတယ်။

သံဂါယနာ တင်ရန်လိုကြောင်း

ဒီမေးခွန်းကြီး ၄–ခုအနက်၊ ဆဋ္ဌသံဂါယနာတင်ဘို့လို၊ မလိုဆိုတဲ့မေးခွန်းကို ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တွေထက် ဆရာတော်၊ သံဃာတော် များက ပို၍ဖြေသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သံဂါယနာတင်ဆိုတဲ့ ကိစ္စဟာ၊ လူတွေတင်ရတဲ့ ကိစ္စမဟုတ်ပါဘူး။ ရဟန်းတော်များကသာတင်ရတဲ့ ကိစ္စဖြစ်ပါတယ်။ရှင်ဘုရင်ဘဲဖြစ်ဖြစ်၊ သမတဘဲ ဖြစ်ဖြစ်၊ ပြည်သူလူထုဘဲ ဖြစ်ဖြစ်၊ သံဂါယနာမတင်နိုင်ပါဘူး။ သံဂါယနာတင်တဲ့ ရဟန်းတော်များကို ပစ္စည်း (၄) ပါးနဲ့ ဝိုင်းဝန်း ကူညီထောက်ပံ့တဲ့ ဒါယကာတွေသာ ဖြစ်နိုင်ပါတယ်။ အခုပြောတဲ့အတိုင်း ဟုတ်မဟုတ်ဆိုတာကို ရှင်းဘို့အတွက် သံဂါယနာတင်သမိုင်းကိုကြည့်ရအောင်။

ပဌမ-သံဂါယနာ

ပဌမသံဂါယနာကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက်၊ ၄–လမြောက်တဲ့အခါ ရာဇဂြိုဟ်ပြည်ဝေဘာရတောင် စရည်းပင်ပေါက်ရာ လိုဏ်ဂူဝမှာ၊ သျင်မဟာကဿပ အမှူးရှိဘဲ့ (၅၀၀) သော ရဟန္တာအရှင်မြတ်တို့က တင်တော်မူခဲ့ကြပါတယ်။

ဒုတိယ-သံဂါယနာ

ဒုတိယ သံဂါယနာကို သာသနာတော် သက္ကရာဇ် (၁၀၀) ပြည့်နှစ်သို့ ရောက်တဲ့အခါ၊ ဝေသာလီပြည် ဝါလိကာရာမကျောင်းတိုက်မှာ၊ သျင်မဟာယသ အမှူး ရှိတဲ့(၇၀၀) သော ရဟန္တာအရှင်မြတ်တို့ကတင်တော်မူခဲ့ကြပါတယ်။

တတိယ-သံဂါယနာ

တတိယ သံဂါယနာကို သာသနာတော်သက္ကရာဇ် (၂၃၅) ခုနှစ်သို့ ရောက်တဲ့အခါ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်မှာ သျင်မဟာ မောဂ္ဂလိပုတ္တတိဿအမှူးရှိတဲ့(၁၀၀၀)သော ရဟန္တာအရှင်မြတ်တို့က တင်တော်မူခဲ့ကြပါတယ်။

စတုတ္ထ-သံဂါယနာ

စတုတ္ထသံဂါယနာကို သာသနာတော် သက္ကရာဇ် (၄၅၄)ခုနှစ်သို့ရောက်သောအခါ သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဂူမှာ သျင်မဟာဓမ္မရက္ခိတအမှူးရှိတဲ့ (၅၀၀) သောရဟန္တာအရှင်မြတ်တို့က တင်တော်မူခဲ့ကြပါတယ်။

ပဉ္စမ-သံဂါယနာ

ပဉ္စမ သံဂါယနာကို သာသနာတော် သက္ကရာဇ် (၂၄၁၅) နှစ်သို့ ရောက်သောအခါ မန္တလေးရတနာပုံနေပြည်တော်ကြီးမှာ သာသနာပိုင် ဆရာတော် အသျင်ဥယျဓမ္မ၊ ဘုရားကြီးဆရာတော် အသျင်ဇာဂရ အမှူးရှိသော (၂၄၀၀)သောဆရာတော် သံဃာတော် အရှင်မြတ်တို့ကတင်တော်မူခဲ့ကြပါတယ်။

လုံလောက်ပါပြီ

အခုကျွန်တော်ပြောခဲ့တဲ့ သံဂါယနာတင်သမိုင်းကိုကြည့်ခြင်းအားဖြင့် (သံဂါယနာ တင်တယ်ဆိုတာဟာ လူပုဂ္ဂိုလ်တွေက တင်တာမဟုတ်ဘဲ ရဟန်းတော်များကသာ တင်ရတယ်ဆိုတာရှင်းပါပြီ။) အဲဒီတော့ သံဂါယနာ တင်ရမဲ့သံဃာတော် အရှင်သူမြတ်များကိုယ်တိုင်က ဆဋ္ဌသံဂါယနာတင်ဘို့ လို-မလိုဆိုတဲ့ မေးခွန်းကို တင်ဘို့လိုတယ်လို့ တညီတညွတ်ထဲ ဖြေကြားပြီးတဲ့အတွက် ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေဘို့ မလိုတော့ပါဘူး၊ ဆဋ္ဌသံဂါယနာတင်ဘို့ လိုမလိုဆိုတဲ့ မေးခွန်းကြီးကို တင်ဘို့လိုတယ်လို့ ဖြေတဲ့နေရာမှာ ပါဝင်တော်မူကြတဲ့ ဆရာတော် သံဃာတော်အရှင်သူမြတ်များမှာလဲ သာမည သံဃာတော်များ မဟုတ်

ကြပါ။ထေရဝါဒဗုဒ္ဓဘာသာလောကမှာပဋိဉကအရာတွင် နေလို လလို ထင်ရှားတဲ့ ဆရာတော် သံဃာတော်များဖြစ်ကြပါတယ်။ အဲဒီတော့ဆဋ္ဌသံဂါယနာတင်ဘို့လို မလိုဆိုတဲ့ အမေးနဲ့ ပတ်သက်ပြီး ဒီလောက်ဖြေကြားရင်လုံလောက်ပြီလို့ ကျွန်တော် ယူဆပါတယ်။

ဘဉ်ကြောင့်လိုသနည်း

ပဉ္စမ-သံဂါယနာတွင်


ဆဋ္ဌ သံဂါယနာတင်ဘို့ လိုတယ်ဆိုရင် အဘယ်ကြောင့် လိုသနည်းဆိုတဲ့ ဒုတိယ မေးခွန်းကိုတော့ ခပ်ရှည်ရှည်ကလေး ဖြေရပါလိမ့်မည်။ ဒီမေးခွန်းကို ဖြေမယ်ဆိုရင်ပဉ္စမသံဂါယနာတင်ပုံကို သိထားဖို့လိုပါတယ်။ အဲဒီတော့ ပဉ္စမသံဂါယနာတင်ပုံကိုဆရာတော် သံဃာတော်ကြီးများနဲ့ လူပုဂ္ဂိုလ်ပညာရှိကြီးများ ထံမှစုံစမ်းသိရှိရသလောက် ကျွန်တော် တင်ပြုလိုပါတယ်။

အဲဒီ (၁၈) ပိုင်းအနက် (၁၆) ပိုင်းကို ဆရာတော်ကြီး ၁-ပါးစီက ပြင်ဆင်သုံသင်၍၊ မင်းတုန်းမင်းတရားကြီး ထံသို့ တင်သွင်းရပါသယ်။ ယမိုက် ပါဠိတော်ကိုတော့ ဆရာတော် ၁-ပါးထဲ မဟုတ်ဘဲ၊ ဆရာတော်ကြီး ၂-ပါးက သုံသင် ပြင်ဆင်ပြီး တင်သွင်းတော် မူရပါတယ်။ ကျန် ၂-ပိုင်းကိုတော့ လူပညာရှိကြီး ၁-ဦးစီက သုံသင် ပြင်ဆင်ပြီးဆက်သွင်းရပါတယ်။

ဒီလိုဆက်သွင်းလာတဲ့ စာမူများကို ရှုပသိဒ္ဓိ သဒ္ဒါကျမ်း၊ ကစ္စည်းကျမ်း၊ အဘိဓါန် ဋီကာ စသော ကျမ်းတို့နဲ့ တိုက်ဆိုင်ပြီး၊ ကဏ္ဍဇ၊ တာလဇ စသည့် ဌာန်၊ သိထိလ၊ ဓနိတ၊ ဒီဃ၊ ရဿ စသည့် အနေအထားတို့ကို ဆရာတော်ကြီး ၁၀-ပါးနှင့် လူပညာရှိ ၂-ဦး တို့က ပြင်ဆင်တည်းဖြတ် ရပါတယ်။

၆၀၆၀၇ ခုနှစ် မတ်လ ၁၄ ရက်နေ့

မင်းတုန်းဘုရင်မင်းမြတ်ထံသို့တင်သွင်းတဲ့စာမူ (၁၈) ပိုင်းကို အခုကြွခဲ့တဲ့အတိုင်း သုံသင်ပြင်ဆင်တဲ့အတိုင်း ဖြတ်ပြီးပေ ပေ၇ သို့ အချောရေးကူးစေခဲ့ပါတယ်။ ဒီလိုရေးကူးတဲ့အခါမှာမင်းတရားကြီးကိုယ်တိုင်အပိုင်း (၇) ပိုင်းကို ကြီးမှူးကြပ်မပြီး၊ စာရေးများက ရေးကူးရပါတယ်။ နောက် (၆) ပိုင်းကို တောင်နန်းမတော်မိဖုရားခေါင်ကြီးက ကြီးမှူးကြပ်မပြီး



(၁၆-၂-၅၄) နေ့က နိုင်ငံတော်ဝန်ကြီးချုပ်နေအိမ်၌ ဆဋ္ဌသံဂါယနာလိုက်ဂူတော်ကြီးအတွက် ဘီ-အိုး-ဒီ ကုမ္ပဏီ ဒါရိုက်တာက တသိန်းတန် ချက်လက်မှတ်ကို ဝန်ကြီးချုပ် ဦးနုအား ပေးအပ်လှူဒါန်းစဉ်။ (ဝန်ကြီးချုပ်မှတဆင့် ဝန်ကြီး ဦးဝင်းသို့ ပေးအပ်လိုက်ကြောင်း။)

သုံသင်ခဲ့ကြပုံ

ပဉ္စမ သံဂါယနာ မတင်မီနိကာယ် (၅) ရပ် ပိဋကပါဠိတော်များကို သုံသင်ရပါတယ်။ ဒီလို သုံသင်ဘို့ အာဂက်နိကာယ် (၅) ရပ်ကို (၁၈) ပိုင်း ပိုင်းခဲ့ပါတယ်။

ရေးကူးခဲ့ပါတယ်။ကျန်(၅)ပိုင်းကိုအိမ်ရှေ့မင်းကကြီးမှူး ကြပ်မပြီးရေးကူးစေခဲ့ပါတယ်။

ပေပေါ်မှ ကျောက်ထက်သို့

အဲဒီလို ပေများပေါ်မှာ အချော ရေးကူးပြီး၊ ၎င်း ပေများမှ တဆင့် ပိဋကတော်များကို ကျောက်ထက် အက္ခရာ တင်ရပါတယ်။

အဲဒီလို တင်လိုက်တဲ့ကျောက်စာများကတော့ ယခု အချိန်အထိ၊ မန္တလေးမြို့ လောကမာရဇိန်ခေါ် ကုသိုလ် တော်စေတီ တံတိုင်းအတွင်းမှာ တည်ရှိနေပါတယ်။

အဆင့်လေးဆင့်

အဲဒီတော့ ပိဋကတော် များကို ကျောက်ထက် အက္ခရာတင်တဲ့ အခြေအနေထိ အဆင့်ကြီး ၄-ဆင့် ရှိကြောင်းကို ကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။

၎င်းကိုမှာ—

(၁) ပိဋကတော်များကို (၁၀) ပိုင်း ခွဲပြီး ဆရာတော်ကြီး ၁၇-ပါးနှင့် လူပညာရှိကြီး ၂-ဦး တို့က တပိုင်းစီ သုမ်သင် ရသော (ပထမ အဆင့်။)

(၂) ဤသို့ သုဓံသင်ပြီး စာမူများကို သဒ္ဒါကျမ်း အမျိုးမျိုးနဲ့တိုက်ဆိုင်ပြီး၊ ပုဒ်၊ပါဠိ၊အက္ခရာတို့ မှန်ကန်အောင် ဆရာတော်ကြီး ၁၀-ပါးနှင့် လူပညာရှိ ၂-ဦးတို့က ထပ်မံပြင်ဆင် တည်းဖြတ်ရတဲ့ (ဒုတိယအဆင့်။)

(၃) ဒီလို တည်းဖြတ်ပြီးတဲ့ စာမူများကို မင်းတုန်းမင်းတရားကြီး၊ မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့ မင်းဘို ကြီးမှူးကြပ်မှု၍ ပေပေါ်သို့ အချောရေးကူးရသည့် (တတိယ အဆင့်) နှင့်

(၄) အချော ရေးကူး ထားသော ပေမူများမှ ကျောက်ထက်အက္ခရာ တင်ရသည့် (စတုတ္ထ အဆင့်)

တို့ပင်ဖြစ်ပါတယ်။

ပေမူများပျောက်ကွန်ပြီ

ဒီလို အဆင့်လေးဆင့်ရှိတဲ့အနက်၊ ပထမ၊ ဒုတိယ၊ တတိယ အဆင့်များဖြစ်ကြတဲ့ ပေမူများမှာ ယခုအခါ တစ္ဆန်းတစမျှမတွေ့ရတော့ပါ။ စတုတ္ထ အဆင့် ဖြစ်တဲ့ ကျောက်စာများကိုသာတွေ့ရပါတော့တယ်။

ပေမူကိုမစွန့်စွဲဝံ့

အဲဒီ ပထမ၊ ဒုတိယ၊ တတိယ အဆင့်များတွင် ပိဋကတော်များကို သုဓံသင် ပြင်ဆင် တည်းဖြတ်တော် မူခဲ့ကြတဲ့ ဆရာဒေါ် သံဃာတော်များနှင့် လူပုဂ္ဂိုလ် ပညာရှိကြီးများဟာ၊ ပိဋကတ်အရောတွင် ပါရဂူမြောက်ပြီး ဖြစ်တဲ့ အတွက်၊ ထိုဆရာတော်ကြီးများနှင့် လူပညာရှိ ပုဂ္ဂိုလ်ကြီးများရဲ့သုဓံသင် ပြင်ဆင် တည်းဖြတ်မှုများဟာ ဆွတ် ချော်တယ်လို့ မည်သူမျှ စွပ်စွဲဝံ့မည်မဟုတ်ပါ။

ကျောက်ထက်မူ၏မှားနိုင်ဖွယ်

ဒါပေမဲ့ တတိယ အဆင့်မှ ကျောက်ထက် အက္ခရာတင်တဲ့ စတုတ္ထအဆင့်ကို ကူးပြောင်းတဲ့ နေရာမှာတော့ အမှား အယွင်း ရှိပေလိမ့်မယ်။ အမှား အယွင်း ရှိနိုင်စရာ အကြောင်းများကတော့—

(၁) ကျောက်ထက်အက္ခရာ တင်ရသော ကျောက်ဆစ် သမားများဟာ ပါဠိဋ္ဌ ကျမ်းကျင်မှု မရှိခြင်း။

(၂) ကျောက်ထက်အက္ခရာ တင်ရာ၌ မတော်တဆ ချွတ်ယွင်းချက်များ၊ အမှားအယွင်းများ ရှိခဲ့ပါ လျှင်လည်း အပြင်ရ ခက်ခဲခြင်း၊

ဆိုတဲ့ အကြောင်း (၂) ရပ်ဘဲ ဖြစ်နိုင်စရာ အကြောင်း ရှိတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

ပြန်ပါတယ်

ကျောက်စာမှာ အမှားအယွင်းများ ချွတ်ယွင်းချက်များ ရှိတယ်ဆိုရင် ဒီအမှားအယွင်းမျိုး ချွတ်ယွင်းချက်များကိုဖော်ပြနိုင်ရမယ်၊ဖော်ပြနိုင်ပါ့မလားလို့ စောဒကတက်စရာ ရှိပါတယ်၊ ဖော်ပြနိုင်ပါတယ်၊ ဒါပေမဲ့ အစုံအလင် သိချင်ရင်တော့ ဆဋ္ဌ သံဂါယနာ တင်ပြီးသည့် အထိ စောင့်ကြည့်ကြပါ၊ စုံစုံလင်လင် ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့အခုလို တိုတောင်းတဲ့ မိန့်ခွန်း ကလေးထဲမှာ တိုတောင်းတဲ့ အချိန်ကလေးကို ဝိသေခကနှင့် ပဋိဝိသေခက အဖွဲ့များ၏ ဆုံးဖြတ်ချက်များမှ ထုတ်နုတ်ပြီး အလွန် ထင်ရှားတဲ့ သာဓက အချို့ကို

ကျွန်တော်ဖေါ်ပြပါမယ်။ ဒီသာဓကများမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။

ဝိနယဝိဒူကတွင်

(က) ပါရာဇိကဏ်ပါဠိတော်

(၁) ကျောက်ချပ်ရေ ၂ (က) ဝေရဉ္ဇာကဏ္ဍ ကြောင်းရေ ၂၂-၌ "ဇဂုဆ္ဆာမိ"ပုဒ် ပါရှိရမည်ကို ကျောက်စာ၌ကျလျက်ရှိပါတယ်။ ။

(၂) ကျောက်ချပ်ရေ ၂ (ခ) ကြောင်းရေ ဂဝ-၌ "မယမေဝမှာ"ဟု ပါ၌ ရှိရမည်ကို "မယ မေခုမှာ"ဟု ပါ၌ မှားလျက်ရှိပါတယ်။

(၃) သံဃာဒိသေသ ကုဋီကာရသိက္ခာပုဒ် ပဒဘာဇနီ၌ "ပမာဏိကာစ"ဟု ပါ၌ ရှိရမည်ကို "ဒေသိတ ဝတ္ထုကာစ"ဟု ပါ၌ မှားလျက် ရှိပါတယ်။ ။

(၄) ကျောက်ချပ်ရေ ၇၊ ကြောင်းရေ ၆၇–၌ "သာ" (သိလာ) ဟူသော ကေဝုစ်ကတ္တားနှင့် လျော်အောင် "မာရေသိ"ဟု ပါ၌ ရှိရမည်ကို "မာရေသုံ"ဟု ဗဟုဝုစ်နှင့် ပါ၌ ဖျက်လျက်ရှိပါတယ်။ ။

(ခ) ပါစိတ်ပါဠိတော်တွင်

ကျောက်ချပ်ရေ ၃၀ (က) အရိဋ္ဌသိက္ခာပုဒ် အနာပတ္တိဝါရအဆုံး၌ "ပဋိဝိသဇ္ဇန္တသဉ္ဉမ္မတ္တကဿ" ဟုသာ ရှိရမည်ကို "ဉမ္မတ္တကဿ အာဒိကမ္မိကဿ" ဟု "အာဒိကမ္မိကဿ"ပုဒ် ပိုလျက်ရှိပါတယ်။

(ဂ) စူဠဝဂ်ပါဠိတော်တွင်

(၁) ကျောက်ချပ်ရေ ၇၇ (က) ကြောင်းရေ ဂဝ၊ သမုစ္စယက္ခန္ဓကဋ္ဌ "ရတ္တိပရိယန္တံနဇာနာတိ" ဟု နသဒ္ဒါနှင့် ရှိရမည်ကို "ရတ္တိပရိယန္တံ ဇာနာတိ"ဟု နသဒ္ဒါကျလျက်ရှိပါတယ်။ ။

(၂) ကျောက်ချပ်ရေ ဂ၄ (ခ) ကြောင်းရေ ၂ဂ-၌ "ဒေဟိ မေ အယျပုတ္တ ဉယျာနံ အာရာမံ ကာတုံ"ဟု ရှိရမည်ကို "ဉယျာနံ" သဒ္ဒါ မပါဘဲ ကျလျက် "အာရာမံ ကာတုံ"ဟု သာ ကျောက်စာတော်မူ၌ ရှိပါတ့ယ်။ ။

(ဃ) ပရိဝါပါဠိတော်တွင်

ကျောက်ချပ်ရေ ၉ (က)၌ "ကိသ္မိံ ဝတ္ထု သ္မိန္တိ၊ အညတရာဘိက္ခုနိဉ္စာရံဘိရောကေန္တ ဆန္နေသိ"ဟု ပါရှိရမည်ကို "ဉစ္စာရမ္မိ ပဿဝမ္မိသင်္ကာရမ္မိ ဝိဿာသမ်ဟ"ဟု ပါ၌ ပိုလျက် ရှိနေပါတယ်။ ။

(င) ဒီဃနိကာယ်

သုတ်မဟာဝါ ပါယာသိရာဇညသုတ်၌ "ပဋိသုတ္တာ (ယာနိသကသ္မိံသ သတ္တော အပ္ပသာရာနိ ဇဏိယာနိ တာနိ ဆန္နေတ္တာ) ယာနိသကသ္မိံသတ္တော" ဟု ရှိရမည်ကို "ယာနိသ ကသ္မိံ သတ္တော အပ္ပ သာရာနိ ပဏိယာနိ တာနိ ဆန္နေတ္တာ" ဟူသော ဤတစ်ဝါကျ လုံးကျ ပျောက်လျက် ရှိပါတယ်။

သိနိုင်လောက်ပါပြီ

ဒီလိုအမြဲတစေ ရဟန်းတော်များ သင်ကြား ပို့ချ ကျက်မှတ်လေ့လာနေကျဖြစ်တဲ့ ဝိနည်းတော်နဲ့ ဒီဃ နိကာယ်မှာပင်၊ မှားယွင်းချက်တွေ ချွတ်ယွင်းချက်တွေ အများအပြား ပါရှိနေရင်၊ အသင် အကြား အပို့အချ နည်းပါးတဲ့ အခြားနိကာယ် ပါဠိတော်များမှာ ဘယ် လောက် ချွတ်ချော်တိမ်းပါး မှားယွင်းချက်များ ရှိမည် ဆိုတာကို သိနိုင်လောက်ပါပြီ။

ပုံနှိပ်တိုက် ချို့ယွင်းချက်များ

နောက်ပြီးတော့လဲဗမာနိုင်ငံမှာ ဝိဋ္ဌကတော်များကို ပုံနှိပ်ထုတ်ဝေရောင်းချနေပုံကိုလဲကျွန်တော်အနည်းငယ် တင်ပြ လိုပါတယ်။ ဝိဋ္ဌကတော် ပုံနှိပ်တိုက်တိုင်းမှာ လိုလိုဘဲ ဝိဋ္ဌကတော်များ သန့်ရှင်း စင်ကြယ်နိုင်သမျှ စင်ကြယ်အောင် သုမိသင်ပြင်ဆင်တည်းဖြတ်ရမဲ့ အဓိက လုပ်ငန်းကြီးကို ဂရုစိုက်သင့်သလောက် မစိုက်ဘဲ၊ တော်ရုံလျော်ရုံ၊ သာမန်ကာလုံကာ၊ ဖြစ်ကတတ်ဆန်း လုပ်နေကြတာကို ကျွန်တော်ကိုယ်တိုင် တွေ့ရပါတယ်၊ ဝိဋ္ဌကတော်တွေကို ပုံနှိပ်ထုတ်ဝေတဲ့ လုပ်ငန်းဟာ အင်မတန် အမြတ်အစွန်းရတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ ဝိဋ္ဌကတော် ပုံနှိပ်တိုက် ပိုင်ရှင်တွေကာ ဝိဋ္ဌကတော် ကြီးများကိုတကယ်စေတနာ၊ တရားသဒ္ဓါတရားနဲ့ ရှိသေကိုင်းရှိုင်းမှုရှိမယ်ဆိုရင်၊ မိမိတို့ရရှိတဲ့အမြတ်အစွန်း

တွေထဲကအတော်ခပ်များများသုံးပြီး၊ဝိဋ္ဌကတော်ကြီးကို စင်ကြယ်နိုင်သမျှ စင်ကြယ်အောင် လုပ်ပေးရမဲ့ အဓိက လုပ်ငန်းကြီးကိုကြိုးကြိုးစားစားလုပ်ကြမှာဘဲ။အခုတော့ ဒီလိုမဟုတ်ဘူး၊ ဝိဋ္ဌကတော်တွေကိုရောင်းစားလို့အကြီး အကျယ်ရတဲ့ အမြတ်တွေကို တိုက်ပိုင်ရှင်တွေကယူ၊ ဝိဋ္ဌကတော်ကို စင်ကြယ်အောင်၊ သုဒ္ဓိသင် ပြင်ဆင် တည်းဖြတ်ပေးဘို့ လုပ်ငန်းအတွက် ကျတော့ ငွေကို တော်ရုံလျော်ရုံသုံးထားတာတွေ့ရတယ်။

တိုက်ချင်းလည်းကွဲ

ရှေနောက်လည်းကွဲ


အဲဒီတော့ ဒီဝိဋ္ဌကတော် ပုံနှိပ်တိုက်များက ရိုက်နှိပ်ထုတ်ဝေခဲ့သမျှ ပါဠိတော်တွေ ကို ကြည့်လိုက်ရင် တခုနဲ့ တခုမတူကြဘဲ၊ အကွဲကွဲအလွဲလွဲ ဖြစ်နေတာကို တွေ့ရတယ်။ ပုံနှိပ်တိုက်တဝိုက်ထဲက ပုံနှိပ်ထုတ်ဝေတဲ့အခါမှာပင်၊ ပထမရိုက်နှိပ်ခြင်းနဲ့ ဒုတိယ၊ တတိယစသည့် နောက်ထပ် ရိုက်နှိပ်ခြင်းများဟာတခုနဲ့ တခုမတူကြဘဲ ကွဲပြားခြားနားနေတာ ကို တွေ့ရတယ်။ နောက်ပြီး တော့လဲ စာတွေဟာ ကျတာတွေကျ၊ မှားတာတွေကလဲ မှားနေကြပါတယ်။

အထူးဆန်းဆုံးအချက်

အဲဒါတွေထက်အထူးဆန်းဆုံးအချက်တခုကအခြားဟာမဟုတ်ပါဘူး။ ဒီပုံနှိပ်တိုက်တွေက ငိုက်နှိပ်ထုတ်ဝေရောင်းချနေတဲ့ ပါဠိတော်တွေဟာ ဘယ်ပါဠိတော်မှ ကျောက်စာအတိုင်း မဟုတ်ကြဘူး ဆိုတဲ့ အချက်ဘဲ ဖြစ်ပါတယ်။

လက်ခံနိုင်မည့်မူ

အဲဒီလို ကျောက်စာကတမျိုး၊ ကျမ်းစာက တဖုံ၊ အမျိုးမျိုးအကွဲကွဲ အလွဲလွဲဖြစ်နေကြတဲ့အတွက် ထေရဝါဒဗုဒ္ဓဘာသာလောက တခုလုံး တညီတညွတ်ထဲ လက်ခံနိုင်မဲ့မူကြီးတခုကိုရရှိအောင်၊ဆဋ္ဌသံဂါယနာတင် ရမယ်လို့ ဆရာတော် သံဃာတော်ကြီးများက အညီ အညွတ်ဆုံးဖြတ်ကြခြင်းပင်ဖြစ်ပါတယ်။



ဆဋ္ဌသံဂါယနာအတွက်ကြွလာကြသောသီဟိုဠ်ဆရာတော်များ ဥပသကာများနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအမှဲဝင် လူကြီးများသည် သာသနာ့ရှိဗိသာ ဓမ္မာရုံအတွင်းသို့အတူတကွ ဝင်ကြစဉ်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏

ဆဋ္ဌသံဂါယနာစိစဉ်ရေးအဖွဲ့ခွဲ

(၁) ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ ပါစေခြင်းငှါငင်း၊ (၂) ပိဋကပါဠိတော်များကို ပိုမို၍ သန့်ရှင်း ကောင်းမွန် ပါစေခြင်းငှါငင်း၊ (၃) ပါဠိဘာသာကို မတတ်မြောက်သော ပုဂ္ဂိုလ်များ ပိဋကတော်၏ အရသာကို လွယ်လင့်တကူ ခံယူ သုံးဆောင်နိုင်ကြပါစေခြင်းငှါငင်း၊ (၄) နိုင်ငံခြား ဒေသများ၌ သာသနာတော် ထွန်းကား ပြန့်ပွား ပါစေခြင်းငှါငင်း၊ နိုင်ငံတော်အစိုးရသည် ဆဋ္ဌသံဂါယနာတင် ဓမ္မသဘင်ကြီး ဖြစ်မြောက်ရေးအဘွက် ပစ္စယာနုဂ္ဂဟအားဖြင့် ထောက်ပံ့လှူဒါန်းရန် ပြင်းထန်သော ဆန္ဒရှိခဲ့သည့်အတိုင်း အစီအစဉ်များကိုပြည့်စုံအောင် စီစဉ်ဆောင်ရွက်ခဲ့လေသည်။ ထို့နောက် နိုင်ငံတော်အစိုးရသည် အစိုးရအနေဖြင့် ထိုဆဋ္ဌသံဂါယနာတင် ဓမ္မသဘင်ကြီးကို ဆောင်ရွက်သည်ထက် မြန်မာတပြည်လုံးရှိ သာသနာရေး အသင်းအဖွဲများကို ကိုယ်စားပြု၍ ဖွဲ့စည်းထားသော နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးအား လွှဲအပ်ဆောင်ရွက်စေပါလျှင်၊ လူအများပင် သဟပုညကာရီအဖြစ်ကိုခံနိုင်ပေမည်ဟူသော သမ္မာစေတနာဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် နေအိမ်တွင်တကြိမ်၊ သာသနာရေး ဝန်ကြီး၏နေအိမ်တွင်တကြိမ်၊ ပေါင်းနှစ်ကြိမ်တိုင်တိုင် ဤအဖွဲ့ဝင်လူကြီးများအား ဘိတ်ကြားကာ ဆဋ္ဌသံဂါယနာတင်ကိစ္စကို ဤအဖွဲ့ကြီးသို့ လွှဲအပ်ရေး အတွက်ဆွေးနွေးတိုင်ပင် ခဲ့လေသည်၊ နောက် ဆုံး ၁၃၁၃-ခု၊ သီတင်းကျွတ်လဆုတ် (၁၃) ရက် (၈-၁၁-၅၁) နေ့တွင် ကျင်းပခဲ့သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်အစည်းအဝေးတွင် သာသနာရေးဝန်ကြီးက နိုင်ငံတော် အစိုးရကိုယ်စားထို ဆဋ္ဌသံဂါယနာတင် ကိစ္စကို လွှဲအပ်ခဲ့ရာ အဖွဲ့ကြီးက ဝမ်းမြောက်စွာလက်ခံပြီးလျှင် ဆဋ္ဌသံဂါယနာစီစဉ်ရေး အဖွဲ့ခွဲနှင့်တကွ၊ အဖွဲ့ငယ်များ ထပ်မံ ဖွဲ့စည်းကာ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့လေသည်။



ယိုးဒယားနိုင်ငံမှ ပါဠိပဋိဓိသောဓက ကိစ္စအတွက် ကြွရောက်လာသော
ယိုးဒယားဆရာတော် ၂-ပါး

ဆဋ္ဌသံဂါယနာ မတင်မီ

ရှေးပြေးလုပ်ငန်းကြီးများ

ပါဠိပိဋကတော် ပုံနှိပ်ထုတ်ဝေရေးနှင့် ပတ်သက်၍၊ အသံလွှင့် ဌာနမှ ၁၉၅၄-ခု၊ မတ်လ ၁၃, ၁၄ ရက်နေ့များတွင် အသံလွှင့်ပြောကြားခဲ့သော နိဒါနတော် ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်း (ဒုတိယပိုင်း) မှာ ဆဋ္ဌသံဂါယနာ၏အရေးကြီးသော ရှေ့ပြေးလုပ်ငန်းဟူသမျှပါဝင်နေသဖြင့် အောက်တွင်ဖော်ပြလိုက်ပါကြောင်း။

အတိအကျမဖြေနိုင်

အဲဒီလို ဆိုရင်ဆဋ္ဌသံဂါယနာ တင်ပြီးတဲ့ နောက် ချွတ်ယွင်းပျက်စီးခဲ့တဲ့ ပါဠိတော် တွေဟာ၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အတိုင်းအတိအကျ မှန်ကန်ပြီလို့ ဝန်ခံနိုင်ပြီလား။ အဲဒီမေးခွန်းကို ကျွန်တော် မဖြေနိုင်ပါ၊ ပိဋကတ္တယ ပါရဂူကြီးများနဲ့ ပဋိသမ္ဘိဒါပတ္တ ပုဂ္ဂိုလ် ကြီးများသာလျှင် ဒီမေးခွန်းကို အတိအကျ မှန်မှန်ကန်ကန် ဖြေကြားနိုင်ပါလိမ့်မည်။

ဆဋ္ဌသံဂါယနာနှင့်စာမူသုစိသင်ရေး

ဒါပေမဲ့ ဒီမေးခွန်းကို ဗုဒ္ဓဘာသာဝင်တိုင်း၊ ကိုယ့် ဟာကိုယ်ဖြေကြားနိုင်အောင် ဆဋ္ဌသံဂါယနာ တင်ရန် စာ မူ သုစိ သင်ပုံနှိပ်ရေး အစီအစဉ် တွေကို ကျွန်တော် အကျဉ်းချုပ်အစီရင်ခံလိုပါတယ်။

ငါးနိုင်ငံပါဝင်သည့် သံဃနာယကအဖွဲ့ကြီး

သံဂါယနာဆိုင်ရာ ကိစ္စအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ဩဝါဒပေးတော်မူချိန် ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီးကို ပထမဖွဲ့စည်းပါတယ်။ အဲဒီအဖွဲ့ကြီးမှာပါဝင်တဲ့ ဆရာတော်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(က) မြန်မာနိုင်ငံမှ၊ (ခ) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ဆရာတော်ကြီးအားလုံး၊ (ဂ) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အားလုံး၊ (ဃ) နိုင်ငံတော်ဝိနည်းဓိရ ဆရာတော်ကြီးအားလုံး၊ (င) ပြည်နယ်များ အပါအဝင်ဖြစ်သည့်၊ ခရိုင်အသီးအသီးမှ သံဃကိုယ်စားလှယ် ဆရာတော်ကြီး တပါးစီ၊ (စ) ဂိုဏ်းကြီးသုံးဂိုဏ်းမှ ဂဏပါမောက္ခဆရာတော်ကြီးများ

(ခ) သီဟိုဠ်ဂိုဏ်းကြီးသုံးဂိုဏ်းမှ

ရွေးချယ် စေလွှတ်သော နာယက ဆရာတော်ကြီးများ။

(ဂ) ယိုးဒယားနိုင်ငံမှ

သံဃရာဇာ သာသနာပိုင် ဆရာတော် ဘုရားက ရွေးချယ်စေလွှတ်သည့် နာယက ဆရာတော်ကြီးများ။

(ဃ) ကမ္ဘောဒီးယားနှင့်

(င) လောနိုင်ငံတို့မှ

သံဃ ကိုယ်စားလှယ်နာယက ဆရာတော်ကြီးများ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံ-၂-မျိုး

ဆဋ္ဌ သံဂါယနာ တင်ရန် နိကာယ်(၅)ရပ် ပိဋကပါဠိတော်များ သုစိသင်ရေးအတွက် ဖွဲ့စည်းပုံမှာ—

(၁) နိုင်ငံအလိုက် သီးခြား ဖွဲ့စည်းခြင်းနှင့်

(၂) နိုင်ငံပေါင်းစုံဖွဲ့စည်းခြင်း ဆိုပြီး အချုပ်အား ဖြင့် ၂-ဆင့်ဖွဲ့စည်းထားပါတယ်။

(မြန်မာ) ၁၁၆-ဖွဲ့

မြန်မာနိုင်ငံ အတွက်မှာ ဆိုရင် ပိဋကတော်ကို သမိသင် နိုင်စွမ်းရှိတဲ့ ရဟန်းတော်မှန်သမျှ တပါး မကျန် ပါဝင်စေရန် တနိုင်ငံလုံးမှာ အနှံ့အပြား ကျေညာပြီးရှေးဦးစွာ စာရင်းတခုကိုကောက်ယူခဲ့ပါတယ်။


အဲဒီစာရင်းထဲမှ—

(၁) ရဟန်းတော်ပေါင်း (၁၁၂၉) ပါးပါဝင်တဲ့ ပါဠိပိဋကအဖွဲပေါင်း (၁၁၆) ဖွဲ့ကို နိုင်ငံတော်သြဝါဒါ စရိယ သံဃနာယက ဆရာတော်ကြီးများက ဖွဲ့စည်းခဲ့ပါတယ်။

(၂) ထို့နောက် နိကာယ် (၅) ရုပ်ပိဋက ပါဠိတော်တော်ကိုလဲ (၁၁၆) ပိုင်း ပိုင်းပြီး အထက်ပါ ပိဋကတ အဖွဲတိုင်းကို တပိုင်းစီ တာဝန်ယူ၍သမိသင်စေခဲ့ပါတယ်။


(၃) ဒီလို သမိသင်နိုင်ရန် အတွက် ကျောက်စာတော်မှနဲ့ တိုက်ထားတဲ့ မြန်မာမူ ယိုးဒယားမူ သီဟိုဠ်မူ လန်ဒန်မူ ကမ္ဘောဒီးယားမူ စတဲ့ သက်ဆိုင်ရာမူများကို ပိဋကတအဖွဲများသို့ ပေးပို့စေခဲ့ပါတယ်။

(၄) ထိုနောက် ထိုမူစွဲများနှင့် တကွ အဋ္ဌကထာ



အမျိုးသားစိမံကိန်းနှင့် သာသနာရေးဝန်ကြီး ဦးဝင်းအုန်းဦးသာ ပိတ်သက်ဒဲ့ဖွဲ့ ဆောင်ယူသွားသည့် ဆဋ္ဌသံဂါယနာအတွက် မြန်မာမူ ပိဋကတော်များကို သီဟိုဠ်ကျွန်းရှိ ကာရကမဏ္ဍလေခါ ပိဋကတ ကော်မတီ ၇-ဖွဲ့တို့က သမိသင်ပြီးနောက်၊ သီဟိုဠ်ရှိ ဂိုဏ်းကြီး ၃ ဂိုဏ်းတို့မှ အထူးရွေးချယ် ဖွဲ့စည်းထားသည့် ဥတ္တရိတရမဏ္ဍလ (အမြင့်ဆုံးအဖွဲ့) မှ ဆရာတော်ကြီးများ စစ်ဆေးတော်မူနေကြပုံ။ ။

(စိလုမိန-ခေါ် သီဟိုဠ်ဘာသာသတင်းစာမှရသည်။)



ဒီသောကအမွှဲပေါင်း (၃၇)ဖွဲ့ရှိပါတယ်။ ဒီ(၃၇) မွှဲတို့က နိကာယ် (၅) ရပ် ပိဋကတော်ကို (၃၇) ပိုင်း ပိုင်းပြီး တပိုင်းစီသုမ်သင်ပြင်ဆင်ကြပါတယ်။

အဲဒီ အဖွဲ့ များဟာ သီဟိုဠ်ကျွန်း တကျွန်းလုံးရှိ ပိဋကတ္တယကောဝိဒဖြစ်တဲ့ ဆရာတော် အားလုံး ပါဝင်တဲ့ အဖွဲ့များ ဖြစ်ပါတယ်။ ထို့ပြင်လဲ ဒီ (၃၇) ဖွဲ့က သုမ်သင်လိုက်တဲ့ မူများကို ဂိုဏ်းအသီးသီးတို့မှ ဂဏ-ပါမောက္ခ ပိဋကတ္တယဆေ ကဖြစ်တဲ့ ဆရာတော်ကြီး များ ပါဝင်တဲ့ ဥတ္တရိတရ-မဟာလသံဃအဖွဲ့ချုပ်ကြီးက အပြီးသတ် တည်းဖြတ်ရပြန် ပါတယ်။ အဲဒီလို သီဟိုဠ် ဆရာတော်ကြီးများက **ဆဋ္ဌသံဂါယနာအတွက် သီဟိုဠ်မှ ယူဆောင်လာသည့် သုမ်သင်ပြီး ပိဋကတော် များကို နိုင်ငံတော် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းနှင့် သီရိပုံချို ဦးစိန်းမောင် တို့က ဦးထိပ်ဖြင့် ရွက်ကာ ဘောတံတားမှ ပန်းရထားဆီသို့ ပင့်ဆောင်၍ လာကြပုံ**




ပိဋကတော်များကို အရှင်ဗုဒ္ဓဒတ္တက သာသနာရေးဝန်ကြီး ဦးဝင်းမှ တဆင့် (ညောင်ရမ်းဆရာတော်ဘုရား) သို့ ဆက်ကပ်နေပုံ

ဋီကာစသည်တို့နှင့် ညှိနှိုင်းပြီး ပိဋကတော်ကို သုမ်သင်စေခဲ့ ပါတယ်။

အဲဒီလို မြန်မာ ရဟန်းတော် အဖွဲ့ပေါင်း(၁၁၆)ဖွဲ့မှ သုမ်သင်ပြီး ပြန်ပို့လိုက်တဲ့ မူများဟာ နိုင်ငံ အလိုက်ဖွဲ့စည်းတာဝန်ယူပြီး ပြည် ထောင်စု မြန်မာ သံဃာတော်များ ကသီးခြားသုမ်သင်ပြင်ဆင်လို့ရတဲ့ မူဖြစ်ပါတယ်။

(သီဟိုဠ်) ၃၇-ဖွဲ့

သီဟိုဠ်နိုင်ငံမှာလဲသံဃာတော် တွေနဲ့ အစိုးရတို့စုပေါင်းဖွဲ့စည်းပြီး ထားတဲ့ ရဟန်းတော် (၁၀၅)ပါး ပါဝင်တဲ့ ကာရကမဏ္ဍလခေါ်တဲ့



ဆဋ္ဌသံဂါယနာအတွက် ယိုးဒယား မစ်ရှင် ကြွလာရာ မင်္ဂလာဒုံဌိ နိုင်ငံတော်ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက မည်သည့်ဆရာတော်များ ဖြစ်ကြောင်း လျှောက်ထားပြီးနောက်- မိတ်ဆက်အဖွဲ့ ခေါင်းဆောင် ဆရာတော်က ပဋ္ဌာန သန္ဓာရုစကား လျှောက်ကြားနေပုံ



နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်များနှင့် ယိုးဒယား မိတ်ဆက် အဖွဲ့ဆွေးနွေးပွဲတွင် ဒုတိယဥက္ကဋ္ဌကြီး ဦးသိန်းဝေင် လျှောက်ကြားနေစဉ်

အဆင့်ဆင့် သုဓံသင် ပြင်ဆင် တည်းဖြတ်ပြီး မြန်မာနိုင်ငံသို့ ပေးပို့လိုက်တဲ့ မူများဟာ နိုင်ငံအလိုက် သီဟိုဠ် သံဃာတော်များကသီးခြားသုဓံသင်ပြင်ဆင် တည်းဖြတ်ရတဲ့ မူများဖြစ်ပါတယ်။


ယိုးဒယားမူ

ယိုးဒယားနိုင်ငံအတွက်မှာ လဲမကြာသေးခင်က ယိုးဒယား ဘုရင် ချူလာလောင်ကောင် ခေါ် စူဠာလင်္ကာရ ဘုရင်မင်း မြတ်ပုံနှိပ်ထုတ်ဝေတော်မူခဲ့တဲ့ ချူလာလောင်ကောင် ပိဋကတော်မူကို နိုင်ငံအလိုက် ယိုးဒယား သံဃာတော်များကသီးခြားသုဓံသင်ပြင်ဆင်တည်းဖြတ်လို့ရတဲ့ မူအဖြစ်နဲ့ ယိုးဒယားနိုင်ငံသံဃရာဇာသာသနာပိုင်ဆရာတော်ဘုရားက မြန်မာနိုင်ငံတော် သြဝါဒါစရိယသံဃနာယကအဖွဲ့သို့ ပေးအပ်ခဲ့ပါတယ်။

အဲဒီ ချူလာလောင်ကောင် မူလို့ခေါ်တဲ့ ပိဋကတော်မူဟာ ယိုးဒယား တနိုင်ငံလုံးမှာရှိတဲ့ ပိဋကတ္တယဆေက ပိဋကတ္တယကောဒိဒ ဖြစ်တော်မူကြသော ယိုးဒယား ဆရာတော် အရှင်သုမြတ်များ စုပေါင်း သုဓံသင်ပြင်ဆင် တည်းဖြတ်ပြီး ယိုးဒယား ဘုရင်မင်းမြတ်က ရိုက်နှိပ်ထုတ်ဝေခဲ့တဲ့ ပိဋကတော်မူ ဖြစ်ပါတယ်။

ကမ္ဘောဒီးယားမူ

ကမ္ဘောဒီးယားနိုင်ငံအ ဘွက်မှာလဲ မြန်မာနိုင်ငံကို



ကမ္ဘာဒီးယား သာသနာပိုင်အား မင်းခမ်း မင်းနား ဖြင့် ကြိုဆိုပင့် ဆောင်ရာတွင်ငွေရောင်တကဲကြီးနှင့်ထိုးဖြူတော်နှစ်လက်မိုးထားသည့် ကားပေါ်တွင်တင်၍ မင်္ဂလာဒုံလေဆိပ်မှ ထွက်မည့်ဆဲဆဲတွင် တွေ့ရပုံ

မကြာသေးမီက ကြွလာဘူးခဲ့တဲ့ ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော် ဘုရားကြီး ကိုယ်တော်တုံင်ကြီးကြွသမ်သင်ပြင်ဆင်တည်းဖြတ်ပြီး ထုတ်ဝေဆဲဖြစ်တဲ့ ပါဠိတော်မူကို နိုင်ငံအလိုက် ကမ္ဘောဒီးယားသံဃာတော်များကသီးခြားသမ်သင်ပြင်ဆင်တည်းဖြတ်လို့ရတဲ့ မူဒရင်ခွင်ပိုလိုက်ပါတယ်။

လန်ဒန်မူ

ထိုမျှသာမကသေး၊ နှစ်ပေါင်းရှစ်ဆယ်လောက်ကစပြီးတည်ထောင်ဆောင်ရွက်လာတဲ့ လန်ဒန် ပါဠိစာမူအသင်းကြီးကလဲ၊ ကမ္ဘာပေါ်ရှိထင်ရှားကျော်ကြားသောပါဠိပညာရှိကြီးများကိုသမ်သင်ပြင်ဆင်တည်းဖြတ်စေလျက်၊ ရောမအက္ခရာဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့တဲ့၊ မူတမူ ရှိပါသေးတယ်၊ ဒီမူကိုလန်ဒန်မူလို့ ခေါ်ပါတယ်၊ အဲဒီမူကိုလဲ၊ ဆင်္ခသံဂါယနာ ပါဠိတော်စာမူ သုမ်သင်ရေး အတွက်၊ ညြှဝါဒါစရိယသံဃနာယကအဖွဲ့က ရရှိထားပါတယ်။

ပဋိဝေသဓကအဖွဲ့များ

အဲဒီလိုနိုင်ငံအသီးသီးမှ နိုင်ငံအလိုက်ဖွဲ့စည်းထားတဲ့ ပဋိဂကဘွယဆေက၊ ပဋိဂကဘွယကောဝိဒ ဖြစ်ကြသော ပညာရှိကြီးများ သုမ်သင် ပြင်ဆင်ပြီး ပေးပို့ လိုက်တဲ့ မူများကိုစုပေါင်းညှိနှိုင်း၍သုမ်သင်ပြင်ဆင်တည်းဖြတ်ရန် အတွက်၊ ပဋိဝိသောဓကခေါ်တဲ့ ထပ်မံ သုမ်သင်ရေး အဖွဲ့များကိုလဲ နိုင်ငံပေါင်းစုံမှကိုယ်စားလှယ်ဆရာတော်ကြီးများကို ထည့်သွင်းပြီး ဖွဲ့စည်း ထားပါသေးတယ်။ အဲဒီ ပါဠိပဋိဝိသောဓက အဖွဲ့တိုင်းမှာ၊ ဝန်ဆောင်သံဃအဖွဲ့မှ ရွေးချယ်တင်မြှောက်လိုက်တဲ့ မြန်မာသံဃကိုယ်စားလှယ် ဆရာတော်ကြီးများ သီဟိုဠ်ကျွန်း သံဃအဖွဲ့ချုပ်မှ ရွေးကောက်တင်မြှောက် စေလွှတ်လိုက်တဲ့ သံဃကိုယ်စားလှယ် ဆရာတော်ကြီးများ၊ ယိုးဒယား သံဃရာဇာက ရွေးချယ် စေလွှတ်လိုက်တဲ့ ယိုးဒယား သံဃကိုယ်စားလှယ် ဆရာဘော်ကြီးများ ပါဝင်ကြပါတယ်။

ဥပဇ္ဈာကအဖွဲ့

အဲဒီ ပဋိဝိသောဓကအဖွဲ့များကို ကူညီရန် အတွက်၊ ဥပဇ္ဈာမှာက အဖြစ်ဖြင့် ဓမ္မာစရိယ ဘွဲ့ရ ဘာသန္တရကောဝိဒဖြစ်တဲ့ ရဟန်းပညာရှိ၊ လူပညာရှိများလဲ ပါဝင်ပါသေးတယ်။

အဲဒီ အဖွဲ့များကတဖွဲ့လျှင်၊ ပါဠိပဋိဂကတော် တအုပ်စီကို တာဝန်ယူ၍ ထပ်မံညှိနှိုင်း သုမ်သင်ပြင်ဆင်တည်းဖြတ်ပါတယ်။ အဲဒီလို ညှိနှိုင်း သုမ်သင်ပြင်ဆင် တည်းဖြတ်ကြတဲ့ အခါမှာ၊ နိုင်ငံအလိုက် သံဃာတော်များက သုမ်သင် ပြင်ဆင်ပေးလိုက်တဲ့ မူများကို အခြေခံထားပြီး အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာဂဏ္ဌိများအပြင်၊ ပါဠိသဒ္ဒါကျမ်း၊ သဿ်ကရိုက်သဒ္ဒါကျမ်း၊ ပါဠိ အဘိဓါန်ကျမ်း၊ သဿ်ကရိုက်အဘိဓါန်ကျမ်းဒဇမျိုးမျိုးတို့နဲ့ ညှိနှိုင်းဝေဘန် သုံးသပ်ကာ သုမ်သင်ပြင်ဆင် တည်းဖြတ်တော်မူကြရပါတယ်။

ထပ်မံညှိနှိုင်းရေးအဖွဲ့

အဲဒီလို နည်းအဆင့်ဆင့်တို့နဲ့ ပဋိဝိသောဓက အဖွဲ့

များကဝိနည်း ၅–ကျမ်း၊ ဒီဃနိကာယ် ၃-ကျမ်း၊မဇ္ဈိမနိကာယ်သုံးကျမ်း၊ သံယုတ် ၅–ကျမ်းကို ယခုအခါ သုခ်သင်ပြင်ဆင်တည်းဖြတ်ပြီး သွားကြပါပြီ။ ဒီလို ပဋိဝိသောဓက အဖွဲ့ အသီးသီးက တည်းဖြတ်ရတဲ့ ပါဠိတော်စာမူများမှာ ကွဲလွဲချက်ရှိနေဟာကိုဖြစ်စေ၊ ကျင်းကျန်နေတာကိုဖြစ်စေ၊ ညှိနှိုင်းပေးရန် နိုင်ငံအသီးသီးမှ ဆရာတော်ကြီးများ ပါဝင်တဲ့ အဖွဲ့တဖွဲ့လဲ ရှိပါသေးတယ်။

ပုံနှိပ်ရေးစနစ်

အဲဒီလို ယခုခေတ်ဗုဒ္ဓဘာသာလောကမှာ၊ ပိဋကအရာတွင်ပါရဂူရောက် တတ်မြောက်တဲ့ဆရာတော်ကြီးများက အဆင့်ဆင့် သုခ်သင်လိုက်တဲ့ပိဋကမူကိုစက်တင်ပုံနှိပ်ရာမှာ၊ကြီးမှူးကြပ်မရေးအတွက်၊ဘယ်လို ဖွဲ့စည်းထားတယ် ဆိုတာကိုလဲ၊ အကျဉ်း ချုပ် ဖေါ် ပြ လိုပါသေးတယ်။

ကြီးမှူးကြပ်မရေးမှာ လူပုဂ္ဂိုလ်များဘက်မှ မြန်မာနိုင်ငံတွင်၊ ပိဋကတ်စာပြင်လုပ်ငန်း၌ ဝါအရင့်ဆုံးနဲ့ ဗဟုသုတ အများဆုံး ပါဠိပညာရှိကြီးတဦးကို စာပြင်မှူးချုပ် အဖြစ်ခန့်ထားပါတယ်၊ဒါအပြင်လဲ လက်ထောက်စာပြင်မှူးချုပ်၊ စာပြင်ဆရာများနဲ့ လက်ထောက် စာပြင်ဆရာများ ဆိုပြီး ပါဠိပညာရှင်မြောက်များစွာကိုလည်းဖွဲ့စည်းခန့်ထားပါတယ်။

စာစီဌာနကရိုက်နှိပ်ပေးတဲ့ စာမူ(ပရ)အကြမ်းများကို လက်ထောက်စာပြင်ဆရာ၊ စာပြင်ဆရာ၊ ဒုတိယစာပြင်မှူးချုပ်ဘို့က မူရင်းနှင့် အကြိမ်ကြိမ် အထပ်ထပ် တိုက်ဆိုင်ပြင်ဆင်ကြပါတယ်၊ ဒီလိုပြင်ဆင်ပြီးသည့် ပုံနှိပ်စာကြမ်း(ပရ)ကို စာပြင်မှူးချုပ်က ''သောဓေယျပတ္တာပါဠိက'' အဖွဲ့နဲ့တွဲဖက်ပြီးထပ်မံစစ်ဆေးတည်းဖြတ်ကြရပါတယ်၊ ဒီ ''သောဓေယျပတ္တာပါဠိက'' အဖွဲ့မှာ၊ ဓမ္မာစရိယဘွဲ့ရတဲ့ ဆရာတော်များအနည်းဆုံး ၄–ပါး အလှည့်ကျပါဝင်ကြတယ်၊

အဲဒီလိုစာပြင်မှူးချုပ်နဲ့ ''သောဓေယျပတ္တာပါဠိက'' အဖွဲ့တို့က၊ တွဲဘက် တည်းဖြတ်ပြီးသည့်နောက်၊ ဒီစာမူကြမ်းကို ''သြသာနသောဓေယျပတ္တာပါဠိက'' အဖွဲ့ကိုတင်ပြရပြန်ပါတယ်၊ ဒီ ''သြသာနသောဓေယျပတ္တာပါဠိက'' အဖွဲ့ဝင်ဆရာတော် ၂ကြိမ်းများမှာ၊ ပိဋကအရာတွင်၊ ထူးကဲစွာ ကျမ်းကျင်ရုံမျှမက၊ အကျွမ်းပုဒ်၊ ပါဠိ၊ ဝါကျ၊အပိုဒ်၊ကဏ္ဍ၊ အားဖြင့်ဌင်း။ အဖြတ် အတောက် အနေအထား အားဖြင့်ဌင်း။ တိမ်းပါးချွတ်ယွင်းမှု လုံးဝမရှိစေရန် နေ့စဉ်နေ့တိုင်း တနေကုန် တနေခမ်းမျှစုပေါင်း ဆွေးနွေးလုပ်ကိုင်၊ အပတ်တကုတ် အားထုတ်တော် မူနိုင်ကြတဲ့၊ကြီးစွာသော လုလွ သတိတို့နဲ့ အထူးပင် ပြည့်စုံ လုံလောက်တဲ့ ဆရာတော်ကြီးများ ဖြစ်ကြပါတယ်။




ဆဋ္ဌသံဂါယနာအတွက် ကြွလာသည့် လာဝိုစ်မစ်ရှင်အဖွဲ့မှ ခေါင်းဆောင် အာရှင် ကေဝက်ကဆီဆု မစ္စတာလေးလူထု ပူဇော်ပွဲတွင် မိန့်ခွန်းမြွက်ကြားနေပုံ

အခုပြောခဲ့တဲ့ အစီအစဉ်များအပြင်၊ အရေးကြီးတဲ့ အစီအစဉ်တခုလဲရှိပါသေးတယ်၊ ဒီအစီအစဉ်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

နောက်ဆုံးညှိနှိုင်းမှု

ပဌမသန်ဖိုပါတွင် သံဂါယနာတင်မဲ့ ဝိနည်းပိဋကပါဠိတော်များကို အချောရိုက်နှိပ်ပြီးတာနဲ့ တပြိုင်နက်၊ ဩဝါဒစရိယသံဃနာယကအဖွဲ့ဝင် ဆရာတော်၊ ၁၂၅–ပါး၊ ဝန်ဆောင် သံဃအဖွဲ့ဝင်ဆရာတော်များနှင့်နိုင်ငံတိုင်းရှိတဲ့ပါဠိဝိသောဓကအဖွဲ့များသို့ ထပ်မံကြည့်ရှုသုံးသပ်ဝေဘန်နိုင်ရန် အစဉ်အတိုင်း ပေးပို့လျက်ရှိပါတယ်၊ အဲဒီ ဆရာတော်များကကြည့်ရှု သုံးသပ် ဝေဘန်ပြီး လာမည့် ကဆုန်လပြည့်နေ့တွင်ဆဋ္ဌသံဂါယနာတင်ပွဲတော်ကြီးစတင်မကျင်းပမီ ၃-ရက်ကကြိုတင်ပြီး ဆဋ္ဌသံဂါယနာတင်ရာသီရိမဂ်လာ



သုတ်ပါထေယျ ပါဠိပဋိဝေသဓကအဖွဲ့ ဆရာတော်များ
ထင်မံသုခ်သင်တော်မူနေကြပုံ

(၂) ဆဋ္ဌသံဂါယနာတင်ရန်အတွက် ယခု ကျွန်တော်ဖော်ပြခဲ့တဲ့ နည်းစံနစ်ထက် ပိုပြီး သင့်တော်မဲ့နည်းစံနစ်များရှိပါသေးသလားလို့ ကျွန်တော် မေးချင်ပါတယ်။

ခပ်ရှင်းရှင်းပြောပါရစေ၊ယခုလိုမေးရတာက ယခု သံဃာတော် ဆရာတော်များထက်ပိုပြီး သင့်တော်တဲ့ ဆရာတော် သံဃာတော်များ မရှိတော့ဘူး ဒီနည်းစံနစ်ထက်ပိုပြီး သင့်တော်တဲ့နည်း စံနစ်မရှိတော့ဘူးလို့ ကျွန်တော် ယူဆတဲ့အတွက် မေးရခြင်းမဟုတ်ပါ။ ယခု ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးအတွက် ပါဝင်ဆောင်ရွက်တော်မူနေကြတဲ့ ဆရာတော် သံဃာတော်ကြီးများထက်ပိုပြီးသင့်တော်မဲ့ ဆရာတော် သံဃာတော်များလဲ ရှိကောင်းရှိပါလိမ့်မယ်။ အခုပြောခဲ့တဲ့ သုဓိသင်ပြင်ဆင်တည်းဖြတ်တဲ့ နည်း စံ နစ် ထက် ပို ပြီး သင့် တော်တဲ့ နည်းစံနစ်လဲ ရှိကောင်း ရှိပါလိမ့်မယ်။ အဲဒီလို ပိုပြီး သင့်တော်မဲ့ဆရာတော်သံဃာတော်တွေ နည်းစံနစ်တွေ ရှိနေကြသေးရင်လဲ အတိအလင်း ဖော်ပြတော်မူကြပါ။ ယခုဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ဦးစီးဦးကိုင် ဆောင်ရွက်တော် မူနေကြတဲ့ ဆရာတော်သံဃာတော် များက ဝမ်းမြောက် ဝမ်းသာစွာနဲ့ လက်ခံ ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကုန်းမြေသို့ ကြွရောက်ကြပါလိမ့်မယ်။ ဤသို့ ကြွရောက်ပြီးသည့်နောက် မပြီးမပြေ ကျန်ရှိနေသည့် အချက်များ ရှိနေပါသေးလျှင် ထိုအချက်များကို အပြီးတိုင်ဆွေးနွေး ဆုံးဖြတ်နိုင်ကြစေရန်ကိုလည်းစီစဉ်ထားပြီးဖြစ်ပါတယ်။

ဖိနှိပ်ဆုံးဖြတ်မှုမရှိ

နောက်ပြီးတော့လဲ ဗုဒ္ဓဘာသာဝင်တို့ အထူးမှတ်သားဘို့ အချက်တချက်လဲ ရှိပါသေးတယ်။ ဆဋ္ဌသံဂါယနာတင်ရာမှာ ဘယ်မူသာလျှင် မှန်ရမည်, ဘယ်မူများ မမှန်စေရဟူ၍ တဘက်သတ်ဖိနှိပ်ဆုံးဖြတ်ခြင်းမျိုး မရှိပါဘူး၊ မူအမျိုးမျိုးကိုသုခ်သင်ပြင်ဆင် တည်းဖြတ်ရာတွင် ကမ္ဘာပေါ်ရှိအနှိုင်နှိုင်ငံမှ မူအမျိုးမျိုးနဲ့ ညှိနှိုင်းဝေဘန်ပြီး မူကွဲရှိသမျှတို့ကို အောက်ခြေတွင် အထင်အရှားဖော်ပြထားပါတယ်။ ဒါတင်မကသေး ထိုမူကွဲများကို အလွယ်တကူ ရှာဖွေ ကြည့်ရှုနိုင်စေရန် သက်ဆိုင်ရာပါဠိတော် အုပ်တိုင်းတွင် နောက်ဆက်တွဲ အဖြစ်ဖြင့် အကွဲရာစဉ်၍လည်းဖော်ပြထားပါသေးတယ်။

ဤပုဂ္ဂိုလ်များနှင့် ဤစံနစ်များ

အဲဒီလို ပိဋကတော်ကို သုခ်သင် ပြင်ဆင်တည်းဖြတ်ရခဲ့ဆရာတော် သံဃာတော်တွေဘက်မှာရော သုခ်သင်ပြင်ဆင် တည်းဖြတ်ရခဲ့ နည်းစံနစ်ဘက်မှာရော ဒီမျှလောက် သေသေချာချာ ဃဂဏန တိတိကျကျ စီစဉ်ထားတဲ့အဘွက်—


(၁) ဆဋ္ဌသံဂါယနာတင်ရန်အဘွက် ယခု ပါဝင်ဆောင်ရွက်နေကြတဲ့ ဆရာတော် သံဃာတော်များထက်ပိုပြီးသင့်တော်သောလူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်များ၊ ထေရဝါဒ ဗုဒ္ဓဘာသာလောကမှာရှိပါသေးသလား။

အာသင့်မြတ်ဆုံးဖြစ်တယ်

အဲဒီလို ဖေါ်ပြစရာမရှိရင်တော့၊ အမျိုးမျိုးကွဲလွဲ ချွတ်ယွင်း ပျက်စီးနေတဲ့ ပိဋကတော်ကြီးကို သုမိသင် ပြင်ဆင်တည်းဖြတ်ဘို့အတွက် အသင့်မြတ်ဆုံးဆရာတော် သံဃာတော်တွေဟာ၊ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ဦးစီးဦးကိုင် ဆောင်ရွက်တော်မူနေကြတဲ့ ဆရာတော် သံဃာတော်တွေဘဲ ဖြစ်တယ်လို့ ယူဆရလိမ့်မည်။ သုမိသင် ပြင်ဆင်တည်းဖြတ်တဲ့ နည်းစံနစ်တွေထဲမှာလဲ ယခုလက်ရှိနည်းစံနစ်ဟာ အသင့်မြတ်ဆုံးဖြစ်တယ်လို့ဘဲ ယူဆပေရလိမ့်မယ်။

စောင့်ရှောက်ရပါလိမ့်မယ်

အဲဒီလို အသင့်မြတ်ဆုံး ဆရာတော် သံဃာတော် တွေက အသင့်မြတ်ဆုံး နည်းစနစ်နဲ့ သုမိသင် ပြင်ဆင် တည်းဖြတ်ထားတဲ့ ပိဋကတော်ကြီးကိုတော့နိုင်ငံတော် အစိုးရတို့က ပျက်စီးချွတ်ချော်မှားယွင်းခြင်းမရှိရအောင် အာဏာစက်နဲ့ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရ လိမ့်မယ်၊တာဝန်မဲ့တဲ့ပိဋကတော် ပုံနှိပ်တိုက်ပိုင်ရှင်တို့က ယခုလက်ရှိစံနစ်အတိုင်းတာဝန်ကင်းကင်းမဲ့မဲ့၊ မှားမှား ယွင်းယွင်းချို့ချို့တဲ့တဲ့၊ ကွဲကွဲလွဲလွဲပုံနှိပ်မှာမျိုးကိုတော့ ကျွန်တော်တို့လက်ပိုက်ပြီးကြည့်မနေနိုင်ဘူး၊ တတ်နိုင်တဲ့ ဘက်ကနေပြီးတတ်နိုင်တဲ့ နည်းနဲ့ အစွမ်းကုန် အရေး ယူရပေလိမ့်မယ်။ ယခု ပါဠိပိဋကတော် ပုံနှိပ်ထုတ်ဝေ ရေးဆိုင်ရာဥပဒေကြမ်းဟာတခြားဟာအားလုံးက မဟုတ် ပါဘူး၊ ဟိုလူ ဒီလူတွေကို နှိပ်နှိပ်စက်စက် ထင်သလို လျောက်ပြီး အရေးယူဘို့ ပြုလုပ်ထားတဲ့ဥပဒေ မဟုတ် ပါဘူး၊ ဘာသာရေးမှာလွတ်လွတ်လပ်လပ် မကိုးကွယ် ရအောင် ဖိနှိပ်ချုပ်ချယ်ဘို့ အတွက်လဲ မဟုတ်ပါဘူး၊ နိုင်ငံတော်အစိုးရက ကိုယ်နှစ်သက်တဲ့ ပိဋကတော်မူကို ကာကွယ်ပြီးကျန်မူတွေကိုဖျက်ဆီးပစ်ဘို့လဲမဟုတ်ပါဘူး ယခုခေတ် ထေရဝါဒ ဗုဒ္ဓဘာသာလောက တခုလုံး မှာ အသင့်တော်ဆုံးဖြစ်တဲ့ ဆရာတော် သံဃာတော်




ဆဋ္ဌသံဂါယနာတင်ပိဋကတော်များကိုရိုက်နှိပ်သည့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ပုံနှိပ်တိုက်ကြီး

(ယမန်ကမ္ဘာလေးဖူးနှစ်ဆန်းပိုင်းတွင်)
ရှာဇိုးဇွဲ-ဂစ် ဒြပ်ပြင်အငြိ ဖိစီးနင်းလာသည်ဟုဆိုသော
လက်ခံ ၎၆-၎-၁၀ ။ ။ ၎၀၀၁ ဂုဏ်ပြုသတင်းစာ ၎၀၀၁ ခုနှစ်ဖြည့်
ဖြည့်၁၀၁၂၀၁ ၎၀၀၁ ခုနှစ်အတွင်း ကြွေးကြော်ဂုဏ်ပြု
ဖြူးလေးလေးတင် ပိုင်းပြည်ထိန်းသိမ်း ရှိပန်းလေး ဖန်တိုးရန်
လေးပဲသုံးလေး ဖြည့်ဆည်းပါ။ လူပြန်ပို့ခြင်းဆိုင်းဆဲခဲ့ဘဲလေးလည်ပြီ
ခုနှစ်အတွင်း ‘၎၈’ ။ ။ ၎၀၀၁ ပဉ္စမ ‘၂၄’ နှစ်ပြည့် ‘၁၆၀’ ။ ။ ခုနှစ်
ခုနှစ်ပြည်သူ့အထွေထွေ ဓာတ်အားပေးရုံလုပ်သားများ ဆန္ဒပြပွဲကြီး
ပန်းတိုင်သို့ ရောက်ရှိလာသောအခါ ကြိုဆိုခြင်းခံလိုက်ရသော
။ ။ ၎၀၀၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ‘ကမ္ဘာ့ပထမဆုံး ဓာတ်အားပေးရုံ
ဖြစ်ပွားခဲ့ရာ ‘ကမ္ဘာ့ပထမဆုံး ဓာတ်အားပေးရုံ ။ ။ ခုနှစ် ၁၀
ရှာလေးဇင်း၁ရေးရာဌာနမှ ရာထူးတိုးမြှင့်ခံရသော ‘ဒေါက်တာ
ဒေါ်ကြည်ကြည်ဦး ‘ဒေါက်တာ ဒေါ်ကြည်ကြည်ဦး ‘ဒေါက်တာ
ဒေါ်ကြည်ကြည်ဦး ‘ဒေါက်တာ ဒေါ်ကြည်ကြည်ဦး ‘ဒေါက်တာ
‘ကမ္ဘာ့၊ ၎၀၀၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သော

ပန်းတိုင်သို့ ရောက်ရှိလာသောအခါ ကြိုဆိုခြင်းခံလိုက်ရသော

☆

လယ်ကွင်းများ ကျယ်ပြန့်ပြီး ကောက်ပဲသီးနှံများ ပေါများသော
ဒေသတွင် ဓာတ်အားပေးရုံ တည်ဆောက်ခြင်းသည် ကောက်ပဲသီးနှံ
ထွက်ရှိမှုကို မြှင့်တင်ရန် အလွန်အရေးကြီးသော အခြေခံအဆောက်
အအုံတစ်ခု ဖြစ်ပေသည်။ ဓာတ်အားပေးရုံ တည်ဆောက်ခြင်းသည်
ကောက်ပဲသီးနှံ ထွက်ရှိမှုကို မြှင့်တင်ရန် အလွန်အရေးကြီးသော
အခြေခံအဆောက်အအုံတစ်ခု ဖြစ်ပေသည်။ ဓာတ်အားပေးရုံ
တည်ဆောက်ခြင်းသည် ကောက်ပဲသီးနှံ ထွက်ရှိမှုကို မြှင့်တင်ရန်
အလွန်အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခု ဖြစ်ပေသည်။



ဆဋ္ဌသံဂါယနာအတွက် ခု-ထပ်တိုက် အာဂန္တုကျောင်းဆောင်ကြီးများပုံ

ဆဋ္ဌသံဂါယနာ

ဩဝါဒါစရိယသံဃနာယကအဖွဲ့ကြီးနှင့် ဝန်ဆောင်သံဃအဖွဲ့

ဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ကျင်းပရေးအတွက် နိုင်ငံတော်တဝှမ်းလုံးရှိ (၁) နိုင်ငံတော် ဩဝါဒစရိယဆရာတော်ကြီးများ၊ (၂) နိုင်ငံတော် ဝိနည်ဓိုရ ဆရာတော်ကြီးများ၊ (၃) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ ဆရာတော်ကြီးများ စုံညီဆွေးနွေးညှိနှိုင်းကြစေရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးမှ တာဝန်ယူ၍ ပင့်ဆောင်ခဲ့ကြရာ ၅၃-ပါးမျှ ကြွရောက်တော်မူခဲ့ကြကုန်၏။ [ပုံတော်များကို ဤစာစောင် စာမျက်၁-တွင်ရှုပါ]

ပထမနေ့-နံနက်ပိုင်း

၁၃၁၃-ခု၊ တပို့တွဲလပြည့်နေ့၊ နံနက် ဂ-နာရီ ၂၅-မိနစ်အချိန်တွင် ရန်ကုန်မြို့ကုတ်ကိုင်းရပ်၊သာသနာ့ရိပ်သာမဂ်လာ မဏ္ဍပ်တော်ကြီး အတွင်း၌ ဆွေးနွေးပွဲကိုစတင်ကျင်းပခဲ့လေသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲဝင်များ, နိုင်ငံတော်အစိုးရအရာရှိများနှင့် အသင်းအသီးသီးမှကိုယ်စားလှယ်များက ငါးပါးသီလခံယူကြပြီးလျှင် ဆရာတော်ကြီးများက မေတ္တာသုတ်တော်ဖြင့်ရွတ်ဖတ်ပြီးချီးမြှင့်တော်မူကြကုန်၏။

ထို့နောက် ပြည်ထဲရေးနှင့် သာသနာရေးဌာနဝန်ကြီး ဦးဝင်းက နိုင်ငံတော်အစိုးရတို့၏ ကိုယ်စားလျှောက်ထားခြင်းပြုသည်ကို ကြားနာတော်မူကြပြီးလျှင် ဟသံဝတီမြို့ ဘုရားကြီးဆရာတော်အား ခေတ္တသဘာပတိအဖြစ်ငင်း, မန္တလေးမြို့ ညောင်ရမ်းဆရာတော်အား ခေတ္တအကျိုးဆောင်အဖြစ်ဖြင့်ငင်း တင်မြှောက်တော်မူကြကုန်၏။

ဌာနေ့ဆရာတော်ကြီးမှ ဆွေးနွေးပွဲအစီအစဉ်အား ရှင်းလင်းတင်ပြပြီးနောက် ဒုတိယဥက္ကဋ္ဌ တရားဝန်ကြီး ဦးသိန်းမောင်က ဆဋ္ဌသံဂါယနာတင်ကိစ္စအတွက် အကြံပေးချက်များကိုပြန်ကြားလျှောက်ထားလေသည်။

ဌာနေ့ဆရာတော်ကြီးမှ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းက ပိဋကတ်မြန်မာပြန်ဌာန အယ်ဒီတာချုပ်အဖွဲ့စည်းပုံကို အကျယ်တဝင့် လျှောက်ထားသည့်ပြင်၊ ပိဋကတ် မြန်မာပြန်အဖွဲ့ လက်ထောက် အယ်ဒီတာ ပဌမကျော် ဦးသန့်စင်က ပိဋကတ်မြန်မာပြန် အဖွဲ့တွင် ပါဝင်သောပုဂ္ဂိုလ်တို့၏အရည်အချင်းများကို ဘတ်ကြား လျှောက်ထားလေသည်။

သံဃဝိဓာယကအဖွဲ့

ထိုနေ့-နေ့လည်ပိုင်း၁-နာရီတိတိအချိန်တွင်အစည်းအဝေးကို ပြန်လည် ဖွင့်လှစ်တော်မူကြ၍ ဆဋ္ဌသံဂါယနာတင်ကိစ္စအတွက် နောက်တနေ့(ဒုတိယနေ့)တွင် သံဃာ့အစည်းအဝေးကြီးသို့တင်ပြရန် သံဃဝိဓာယကဆရာတော် ၁၉-ပါးတို့ကို ရွေးကောက် တင်မြှောက်တော်မူကြကုန်၏။

အဆိုပါသံဃဝိဓာယကဆရာတော်၁၉-ပါးတို့သည် နောက်တနေ့တွင်ကျင်းပ,မည့် ''ဩဝါဒါစရိယ သံဃနာယက''အစည်းအဝေးကြီးသို့ တင်ပြရန် အချက်ကြီး ၁၀-ချက်မျှဆွေးနွေးဆုံးဖြတ်တော်မူကြကုန်၏။

ဆုံးဖြတ်တော်မူချက်များ

၁၃၁၃-ခု၊ တပို့တွဲ လပြည့်ကျော် ၁-ရက် (၁၁-၂-၅၂) နေ့ မွန်းလွဲ အချိန်၌ ဩဝါဒါစရိယ သံဃနာယကဆရာတော်ကြီးများ၏ အစည်းအဝေးကို စတင်ကျင်းပတော်မူကြရာ၊ သံဃဝိဓာယက ဆရာတော်များအဖွဲ့မှ တင်ပြချက် ၁၀-ချက်တို့ကို ဆွေးနွေး ဆုံးဖြတ်တော်မူကြကုန်၏။ သံဃဝိဓာယက ဆရာတော် ၁၉-ပါးတို့၏တင်ပြချက်များနှင့်ဩဝါဒါစရိယသံဃနာယကဆရာတော်ကြီးတို့၏ လက္ခဏာတော်မူချက်များ ဖြည့်စွက်

တော်မူချက်များကားအချုပ်အားဖြင့်အောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ ကျင်းပမည့်သံဂါယနာ၏အမည်

ယခုကျင်းပမည့် သံဂါယနာကို ဆဋ္ဌသံဂါယနာဟု ခေါ်တွင်စေရန်သဘောတူညီကြသည်။


၂။ ဆဋ္ဌသံဂါယနာတင်ရခြင်း အကြောင်း

(၁) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်ကိုအထပ်ထပ်အဆင့်ဆင့်ရေးကူးကြရာ၌ သတိချွတ်ယွင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒလေခပါဠိပျက်များကို အထူးသန့်ရှင်း စင်ကျယ်စေလိုသောကြောင့်ဖြစ်၏။

(၂) ထိုစင်ကြယ်သော ဝိဋ္ဌကာတော်များကို စက်တင် ပုံနှိပ်ပြီးလျှင် ဆဋ္ဌသံဂါယနာတင်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေခြင်းအားဖြင့် အဓွန့်ရှည်စွာတည်စေလိုသောကြောင့်ဖြစ်၏။

(၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့် တကွ ဗုဒ္ဓဘာသာ နိုင်ငံအားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေးချီးမြှောက်လိုသောကြောင့်ဖြစ်၏၊ ဆဋ္ဌသံဂါယနာတင်ရန် သဘောတူညီကြသည်။

၃။ ။ဆဋ္ဌသံဂါယနာတင်ရန် သံဃာ့အဖွဲ့တွင်ပါဝင်သင့်သော ဆရာတော်တို့၏အရေအတွက်ကို ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် အောက်ပါအရည်အချင်းတို့နှင့် ပြည့်စုံသော ဆရာတော်တို့၏စာရင်းကို ကောက်ယူ၍ အစည်းအဝေးကြီးခေါ်ရန်။



ပထမအကြိမ် ဩဝါဒါစရိယ သံဃနာယကအစည်းအဝေးကြီးကျင်းပနေစဉ်

ဝိသောဓကအရည်အချင်း

(က) မူလစာချု ဓမ္မာစရိယ ဖြစ်ခြင်း (သို့မဟုတ်) အဗိုးရဓမ္မာစရိယ, စေတိယင်္ဂ ဓမ္မာစရိယ, ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ။

(ခ) သံဃာ့ အစည်း အဝေးကြီးမှ ပေးအပ်မည့် ပိဋကတ်တော် သုမ်သင်ရေး တာဝန်ကို ဆောင်ရွက်နိုင်ခြင်း။

(ဂ) ဝါတော် ၂၀-ထက်မငယ်ခြင်း၊ (သို့ရာတွင်) ဝါတော် ၂၀-မပြည့်သော်လည်း တာဝန်ကိုဆောင်ရွက်နိုင်မည့် သတ္တိ အရည် အချင်း နှင့် ပြည့်စုံသည်ဟု ဆရာတော်ကြီးများကခွေးချယ်ခြင်းခံရသောရဟန်းများလည်းပါဝင်နိုင်စေရမည်။

(ဃ) ဝိနည်းသိက္ခာနှင့်စပ်လျဉ်း၍ ရိုသေလေးစားလောက်သောပုဂ္ဂိုလ်ဖြစ်ခြင်း။

၄။ ။အဆိုပါ အရည်အချင်း နှင့် ပြည့်စုံသော ဆရာတော်များ၏ စာရင်းကို ကောက်ယူရေးအတွက် နိုင်ငံရာဒေသကိုယ်စားလှယ်နှင့် နယ်အရာရှိ များမှ တဆင့် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးက ဆောင်ရွက်ရန် သဘောတူညီကြသည်။

မှတ်ချက်။ ။သံဂါယနာတင်ပွဲတွင်ပြည်ထောင်စု အရပ်ရပ်မှ ထင်ပေါ်ကျော်စောသော ဆရာတော်ကြီးများ စုံလင်စွာ ပါရှိအောင် ရွေးကောက်ရန်။

၅။ ။အဆိုပါ စာရင်းကိုရရှိသောအခါ စာရင်းပါ ဆရာတော်များအထဲမှ လိုသလောက် ရွေးချယ်ရန် အလို့ငှါ ယခုပင့်ဖိတ်ရာတွင်ပါဝင်သည့် ဆရာတော်ကြီး အားလုံးထပ်မံစည်းဝေးရန်။

၆။ ။ဆဋ္ဌသံဂါယနာတင် သံဃအဖွဲ့ကြီးတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို ခွဲဝေ၍ဌင်း၊ ပိဋကတ် မြန်မာပြန်ကိုဌင်း သုမ်သင်စစ်ဆေးရန် အဖွဲ့ငယ်ဝင် ဆရာတော်များအပြင် ဥက္ကဋ္ဌ, ဒုဥက္ကဋ္ဌ, အတွင်းရေးမှူး, တွဲဘက်အတွင်းရေးမှူး ဆရာတော်များရှိသင့် မရှိသင့်ကိုဌင်း၊ အဖွဲ့ငယ်များ၌ အရံဆရာတော်မည်မျှ ရွေးချယ်သင့်ကြောင်းကိုဌင်း၊ အဆိုပါ အစည်းအဝေးကြီး၌ပင် ဆွေးနွေး ဆုံးဖြတ်ရန်။

၇။ ။ထိုသံဃအဖွဲ့၌ ယခုပင့်ဖိတ်ရာတွင်ပါဝင်သည့် ဆရာတော်ကြီး အားလုံးထပ်မံပါဝင်ရန်။

၈။ ။(က) ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်-အမ်ဘီ-အေ)အသင်းမှ လျှောက်ထားချက်အရ ဆရာတော်များ ကျောက်စာမူကို အရင်းခံထား၍ သုမ်သင်ထားသောသင်ရိုး ပိဋကတ်မှတပါး ကျန်ရှိနေသည့်နိကာယများကို ထိုနည်းအတိုင်းပင် ပြီးဆုံးအောင်သုမ်သင်ရေး အတွက် ယခင်က တိုက်ဆိုင်သုမ်သင်တော်မူခဲ့ကြသော မန္တလေးမှ ဆရာတော်များကိုပင် သံဃအစည်းအဝေးကြီးမှတိုက်တွန်း မေတ္တာရပ်ခံတော်မူကြသည်။

(ခ) ပိဋကတ် မြန်မာ ဘာသာ ပြန်ရာတွင် လိုက်နာရန် စည်းမျဉ်းများကို သတ်မှတ်ရေးအတွက် သံဃာငါးပါးထက်မများသော သံဃအဖွဲ့ငယ်တခု ဖွဲ့စည်းရန် ဟူသော သံဃ ဝိဓါယက ဆရာတော်တို့၏ တင်ပြချက်ကို လက်ခံတော်မူကြသည့်ပြင် ဩဝါဒစရိယ သံဃနာယက အဖွဲ့မှ "ပါဠိတော်တွင်ရှိသည့်အတိုင်း အတိအကျ အဓိပ္ပါယ်ရအောင်ပြန်ဆို,ရန်" ဟုပြဋ္ဌာန်းတော်မူကုန်၏။

ဝိဋကတ်မြန်မာပြန်စနစ် ရေးဆွဲရေးအဖွဲ့

(၁) ပခုက္ကူဆရာတော် ဦးနန္ဒဝံသ
(၂) ဟံသာဝတီ ဆရာတော်
(၃) ဗားကရာတောရ ဆရာတော်
(၄) မဟာစည် ဆရာတော်
(၅) ဟသ်ာတ သပြေပင် ဆရာတော်
(၆) ဆရာတော် ဦးဇနကာဘိဝံသ

ထိုအဖွဲ့၏ ဩဝါဒ ၉-ချက်

(၁) ပါဠိတော်တွင် ရှိသည့်အတိုင်း အတိအကျ အဓိပ္ပါယ်ရအောင်ပြန်ဆိုရမည်။

(၂) မြန်မာစာ ဖတ်တတ်သူအပ်ငး် သိရှိနားလည်နိုင်သော စကားဝါကျတို့ဖြင့် ပြေပြစ် ချောမောအောင် ပြန်ဆိုရမည်။

(၃) ပါဠိတော်စည်အတိုင်း စကား ချောမော ပြေပြစ်ခဲ့လျှင်၊ ၎င်းပါဠိတော်ဝါကျအတိုင်းပင် ပြန်ဆိုရမည်။

(၄) ရှေနောက် အဆက် အစပ်လိုသော အရာ၌ ဖြစ်စေ၊ မြန်မာစကား၌ မပေါ်လွင်သော အရာ၌ဖြစ်စေ လက်သည်းကွင်းပြ၍ မြုပ်နေသော အဓိပ္ပါယ်ကို ထည့်သွင်းပြီးပြန်ဆိုရမည်။

(၅) ပါဠိတော်အဘိုင်းမပေါ်လွင်မထင်ရှားသော အဓိပ္ပါယ်ကိုအောက်ခြေ၌ မှတ်ချက်ပြု၍ ပြန်ဆိုရမည်။

(၆) မြန်မာဝေါဟာရဖြစ်နေသော ပုဒ်များကိုငင်း၊ မြန်မာသက်သက် ပြန်ဆိုလျှင် နားမလည်နိုင်၊ အဓိပ္ပါယ် အတိအကျ မရနိုင်သော ပုဒ်များကိုငင်း၊ ပါဠိဝေါဟာရ အတိုင်းထားရမည်။

(၇) ထိုထိုကျမ်းတို့၌ ထပ်တူလာသော ပါဠိပဒ ဝါကျများကို မြန်မာပြန်ဆိုရာတွင် ထပ်တူထပ်မျှ တမျိုး ထည်းဖြစ်စေရမည်။

(၈) မြန်မာစကား အသုံး အနှုန်းများကို ခန့်ခန့် ငြားငြားဖြစ်စေရမည်။

(၉) အကြောင်းအား လျော်စွာ ကဏ္ဍအဝိုင်းတို့၌ စာအညွှန်းခေါင်းများထည့်သွင်းရမည်၊သို့သော် အလွန် မများစေရ။

၉။ ။အဂ္ဂမဟာပဏ္ဍိတဆရာတော်များ၊ နိုင်ငံတော် သြဝါဒစရိယ ဆရာတော်များ၊ နိုင်ငံတော် ဝိနည်းဓိုရ ဆရာတော်များ စုပေါင်း စည်းဝေးသည့် အဖွဲ့ကြီးကို ''သြဝါဒစရိယသံဃနာယက'' ဟု ခေါ်တွင်စေရန် ဆုံးဖြတ်တော်မူကြသည်။

၁၀။ ။၁၃၁၃-ခု၊တပို့တွဲလပြည့်နေ့တွင် သြဝါဒ စရိယ သံဃနာယကအဖွဲ့ အစည်းအဝေးက ခန့်ထား သည့် ဆရာတော် ၁၉-ပါး ပါဝင်သည့်အဖွဲ့ကို ''ကမ္မ ဝိဓာယက သံဃ''အဖွဲ့ဟုခေါ်တွင်စေရန်ဆုံးဖြတ်တော် မူကြသည်။

၁၁။ ။ဤသြဝါဒစရိယသံဃနာယက အဖွဲ့ကြီးက ဖွဲ့စည်းသည့် ကမ္မဝိဓာယက သံဃအဖွဲ့မှ တင်သွင်း၍ လက်ခံအတည်ပြုပြီးသော ကိစ္စများနှင့်တကွ၊ ဆင်ခြင်ဉာဏ် ယနာနှင့် စပ်လျဉ်းသမျှ ကိစ္စအားလုံးကို နောက်တကြိမ် ဤသံဃအစည်းအဝေးကြီး မကျင်းပမီ ကာလ အပိုင်း အခြားအတွင်း၌ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က အသေးစိပ်ဆောင်ရွက်ရာတွင် သြဝါဒ ပေးနိုင်စေရန် အလို ၄၂ ၇-ပါးထက်မများသော သြဝါဒါ နုသာသကသံဃ အဖွဲ့တခုကို ဖွဲ့စည်းရန်နှင့် ထိုသံဃအဖွဲ့၏ သြဝါဒကို ခံယူ၍ ဆောင်ရွက်သည့်လုပ်ငန်းများကို နောက်တကြိမ် ကျင်းပမည့် သြဝါဒါစရိယသံဃနာယကအစည်းအဝေး တွင် တင်ပြရန်ဆုံးဖြတ်တော် မူကြသည်။

သြဝါဒါ နုသာသကသံဃအဖွဲ့

(၁) ဗားကရာ တောရဆရာတော်။
(၂) ပခုက္ကူ။ ဆရာတော် ဦးနန္ဒဝံသ။
(၃) မစိုးရိမ် ဆရာတော်။
(၄) ဇေယျဝတီ ဆရာတော်။
(၅) လေသာ ဆရာတော်။
(၆) ဘုရားဖြူ ဆရာတော်။
(၇) ဦးဇာသရိယ ဆရာတော်။

သြဝါဒခံယူပွဲ

တပို့တွဲလပြည့်ကျော် ၁-ရက် (ဖေဖော်ဝါရီလ ၁၂ ရက်နေ့)တွင် ကြွရောက်တော် မူလာကြသော ဆရာ တော်ကြီးများထံမှ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ဝင် များ၏ သြဝါဒ ခံယူပွဲကို ကျင်းပကြလေသည်။

ပခုက္ကူ။မြို (အရှေ့) မဟာဝိဇယာ ရာမ ဆရာတော် ဘုရားကြီးက ဆင်ခြသံဂါယနာကိစ္စအတွက် ဆင်ခြ,ဆင်ခြမ ကွဲပြားပုံမှစ၍ သံဂါယနာတင် ရှေးဟောင်း ထုံးတမ်း များကို ပြန်လှန်မြွက်ကြားတော်မူလေသည်။

ပခုက္ကူ။ဆရာတော် ဦးနန္ဒဝံသ (ယခင်က ညောင်ဦး ဆရာတော်) ဘုရားကလည်း သံဂါယနာတင်ကိစ္စနှင့် ပတ်သက်၍ ပါဠိဝိသောခနီ ဂဏ္ဌိကျမ်းနိဒါန်းမှ သံဂီတိ စာတမ်းကို ရေနံချောင်း ဦးပညာဆရာတော်အား ဖတ် ကြားစေတော်မူလေသည်။


ညောင်ရမ်း ဆရာတော် ဘုရားကြီးကလည်း (၁) သံဃာ (၂) အစိုးရ (၃) ပြည်သူ ဤ ၃-ခု သမဂ္ဂ ဖြစ်မှသာလျှင် သာသနာတော်ထွန်းလင်းပြန့်ပွားနိုင်မည် ဖြစ်ကြောင်းကို အကျယ်တဝင့် မိန့်ကြားတော် မူပြီးလျှင် သြဝါဒ ခံယူပွဲကြီးကို ရက်သိမ်းလိုက်ကြလေသတည်း။



သံယုတ္တနိကာယ် ခန္ဓဝဂ်နှင့် နိဒါနဝဂ်ကို သုမင်္သင်တော်မူကြသော ပဋိဝိသောဓက ဆရာတော်များ,ဥပတ္ထာ့က ဆရာတော်များနှင့် ဥပတ္ထာ့က ဦးမောင်ကလေးပုံ




သံယုတ္တနိကာယ် မဟာဝဂ္ဂပါဠိတော်ကို သုမင်္သင်တော်မူသော ပဋိဝိသောဓက ဆရာတော်များ, ဥပတ္ထာ့က ဆရာတော်များနှင့် ဥပတ္ထာ့က ပထမကျော် ဓမ္မာစရိယ ဦးကံသာ



ဒုတိယသင်္ဂါယနာတော်ကြီးတွင် ယဉ်ကျေးမှုဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြသော ရဟန်းတော်များနှင့် ဒကာဒကာမများ (ဘယ်ဘက်မှ ညာဘက်သို့)



မြန်မာပြန် ဝိဋ္ဌကတော်များကို ထပ်မံသုံစွဲသင်သော ဝိဋ္ဌကမြန်မာပြန်ပဋ္ဌိဝိသောဓကအဖွဲဝင်
ဆရာတော်များနှင့် အတွင်းဝန်ဟောင်း ဦးဘိုးလတ်



လိုက်ဂူတော်ကြီးတွင် သံဃာစင်အတွက် အဂ္ဂရွေ ၁၂၅၀ဝ ကို မင်းကြီး ဦးထွန်းဆုံက
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယဥက္ကဋ္ဌကြီးထံသို့အပ်နှံနေစဉ်



ဆဋ္ဌသံဂါယနာမဟာသိမ်တော်ကြီးအတွက် သံဃာတော် ၁၀၀-ပါးတို့
သိမ်သမုတ်တော်မူနေကြပုံ



ဆဋ္ဌသံဂါယနာ ဝိဋ္ဌကတော်များကို သုံသင်ပြင်ဆင်ကြသော
ပါဠိဆရာကြီး ဆရာဥာဏ်ကြီးမှူးသည့် စာပြင်ဆရာများပုံ

သံဂါယနာစာစောင် ကဗျာပြုင်ပွဲ

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာစောင်ဌာနမှ သံဂါယနာ မြန်မာစာစောင်တွင် ကဗျာ ပြိုင်ပွဲများ ၂-လတကြိမ် ကျင်းပရန် စာတည်းအဖွဲ့မှ ဆုံးဖြတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက် အတိုင်း ဆဋ္ဌသံဂါယနာတွင်ပါဝင်သင့်ကြောင်း၊ ဂဝ-ပေါ်တေးတပ်များဖြင့် ပထမအကြိမ် ရေးသား ယှဉ်ပြိုင်ရန်ကျေညာခဲ့ရာ ယှဉ်ပြိုင်သူပေါင်း ၅၄-ဦးမျှရှိခဲ့လေသည်၊ ထိုကဗျာများကို (၁) ရန်ကုန်တက္ကသိုလ်- အဘိဓာန်ဌာန ဦးဝန် (မင်းသုဝဏ်)၊ (၂) အုပ်ချုပ်ရေးအရာရှိ မော်လမြိုင် ဦးဘသန်း၊ (၃) အယ်ဒီတာ ဦးသာတင် (မာဃ)တို့က ဦးစွာ ပ၊ ဒု၊ တ ရွေးချယ် ကြပြီးလျှင် အဂ္ဂမဟာပဏ္ဍိတ-ဆရာကြီး ဦးလင်းက အဆုံးသတ် ရွေးချယ်လိုက်သည့် ကဗျာ များမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း။

ဆဋ္ဌသံဂါယနာ-ဖွဲ့ချီးယင်မည့်ပွဲ

သီရိမင်္ဂလာနှုန်းသရေတင့်၊ကုန်းမြေအမြင့်ဗွေအချာ၊ ဘုန်းမဟေသခင့်ဒေသနာကို၊ သေချာဝေဖြာ ထွေရာခွဲ။ ။စာမူချင်းထပ်, ကြပ်မပြင်ကာ၊ ဆဋ္ဌသံဂါယနာဖွဲ့ချီးယင်မည့်ပွဲ။ ။တဆယ့်ခြောက်ခု ကဆုန်မည်တွင်၊ ပုဏ္ဏားမိခွင်ဝင်လျှင်ဘဲ။ ။အကုန်စီစဉ်ဆင်ယင်နဲ့ဘို့၊ ပြင်ဆင်နေဆဲဆောက်အအုံ။ ။ ဆယ့်ငါးသန်းတန်မူပြထားသဖြင့်၊ လူထုအများလှူဒါန်းခါခွင့်ဆို့။ ။တထောင်နှစ်မှ တဖြစ်ကြုံသည်၊ ကသစ်ဝုံတလီနွယ်နီပန်းသို့၊ နယ်ပြည်အဝှမ်းယူလှမ်းကိုင်၍မှီ၊ လှူဒါန်းနိုင်ပေ့ပြီ။ ။သဒ္ဓါကြွရုန်း ဂါရဝဆီကာ၊ ဒါနပါရမီဖြည့်ဆည်းပါစို့လေး။ ။

(ပဌမဆု-၁၀၀)

ကုန်ဘောဆွေ

အမှတ်စဉ် ....
ရက်စွဲ ....
သုခကာသနစာကြည့်တိုက်

ငါးထောင်နှစ်ပေါင်းတည်အောင်

ကျမ်းဂန်ပေါင်း။ ။ဇမ္မူရစ်- တူလစ်- မြို့ညစ်မခံအောင်၊ မူစစ်အမှန်သန့်ရှင်းစေဘို့ကြောင်း။ ။ မပျက် မကွက် အဆက်လာပြီ၊ တဝက်သာသနာ အခါကောင်း။ ။တရားရောင်ကြွားပြောင် များမြောင်ညောင်း၍၊ ငါးထောင်နှစ်ပေါင်း တည်အောင်သာ။ ။ပုဒ်စဉ် သုမိသင် ထုတ်ငင်မချွတ်၊ နှုတ်တွင်အလွတ် ပေါင်းစုရွတ်ဆိုကာ။ ။ကြို့ရ ဆုံရ ဘုံဘဝတာမှာ၊ ဒုလ္လဘရတနာအခါကောင်းမို့၊ သဒ္ဓါမစောင်း ဒါနပါဝင်စေ၊ စာဂဖြာရွှင်ဝေ။ ။ရာနှစ် ထောင်နှစ် ရှောင်လစ်သွေတောင်၊ နောင်ခေတ်အရှေကြို့ခဲမှာမို့လေး။ ညှိဆ သိကြ ပိဋကစာမှာ၊ ဇိနသာသနာအသက်ပေမို့လေး။ ။

(ဒုတိယဆု-၇၅)

ရွှေမန်း-နေဝင်း၊

မြရောင်လျှံဖိတ် ဂူရိပ်ပျံဝယ်


သီရိမင်္ဂလာ သမ္ဘာလှံ့လို့၊ ဘယာမကြို့ ဝေးစေပြီ၊ ကမ္ဘာအလုံ့အေးစေတိမှာ၊ ရွှေးပဝေဏီ စံပြုတောင်း၊ ပေါင်းစု သံဂါယနာတင်သည်၊ မဟာသဘင်ပွဲကြီး ခြိမ့်ခြိမ့်ညောင်း။ ။

(လူးတားညွှန့်) ဇိနသာသနံ၊ စက်ရိပ်သံကို၊ စိရံတိဋ္ဌတု၊ တည်စေဟုဖြင့်၊ ရတုကောဇာ၊ ထောင့်သုံးရာ နှင့်၊ စွန်းလာဆယ့်ခြောက်၊ ခါချိန်ရောက်သော်၊ ပွင့်ညောင့်ဝေဝေ၊ စကားရွှေနှင့်၊ နွေကဆုန်ဆီ၊ ပုဏ္ဏမီဠ်၊ သာကီထွတ်ဖူး၊ သုံးလူ့မှူး၏၊ ရင့်ကြူးရွှေဗျာ၊ ဒေသနာကို၊ ခရာပုဒ်ဗျည်း၊ မလိပ်လည်း အောင်၊ သိပ်သည်း သေခွေ၊ ဖြစ်ပစေဟု၊ သံခြေတွတ်ဘွာ၊ အာဂုံရွတ်၍၊ ဖြူဆွတ်ထွားထွား၊ ဘော်ငွေပြားဝယ်၊ ရေးသားအက္ခရာ၊ တင်ပြီးခါလျှင်၊ မဟာသေလ၊ လိုက်ဂူမြို့၊ ဆဋ္ဌသံဂါယနာ၊ တင်ပြန်လာသည်၊ မြန်မာနိုင်ငံတွင်တည့်လေး။ ။သာသနာတည့်နေဝန်း–ရှည်စေထွန်း။ ။

စွယ်စုံမုံသောက် တဝိဋကာ၊ မြေကြီးပမာ ပညာကောင်း၊ ထေရဘိဓာ ရံကာဆောင်းလို့၊ ဓမ္မကဒ္ဒနာပေါင်း သောင်းရှစ်တန်၊ လေးထောင်သန်းခြာ တင်စွာစွန်း၊ ညဉ်သာ နှုတ်ခွန်း ထုတ်မွန်းရွတ်လို့အံ၊ မြရောင်လျှံဖိတ် ဂူရိပ်ပျံဝယ်၊ ဇမ္မူဒိပ်ယံ ခေါင်နေကွန့်လို့၊ ဆောင်လေအညွှန့် မှတ်ကြမဟာဝင်၊ ဆဋ္ဌယနာတွင်။ ဘော်သားငွေရွက် အက္ခရာတင်သည်၊ စက္ကဝါလျှင် အဆုံးတည်စိမ့်လေး ကြို့တောင့်ကြို့ခဲ ပွဲမင့်နောင်ကို၊ ဇွဲနှင့်ပြောင်ပြောင် အားပေးရှာသင့်သလေး။ ။

(တတိယဆု–၅၀)

မောင်စံသူ



ဤစာစောင် အစ, မျက်နှာဖုံးပါ ''ဆဋ္ဌသံဂီတိမဟာပါသာဏဂုဟာ'' ခေါ် လိုဏ်ဂူတော်ကြီးကို အစုလိုက်, အစုလိုက် လုပ်အားများ ဝိုင်းခဲ့ကြလေရာ—ဤပုံမှာ ဖ-ဆ-ပ-လ အဖွဲ့ဝင်များ လုပ်အား ဝိုင်းနေပုံဖြစ်သည်

သံဂါယနာစာစောင် စာတည်းအဖွဲ့—

(၁) ပြန်ကြားရေးဌာနဝန်ကြီး ဦးထွန်းဝင်း။
(၂) နိုင်ငံတော်ရှေ့နေချုပ်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်း။
(၃) တရားဌာန အတွင်းဝန်ဟောင်း စည်သူ ဦးစံညွှန့်။
(၄) နိုင်ငံတော်ဝန်ကြီးချုပ်၏အတွင်းဝန် သီရိပျံချီ ဦးသန့်။
(၅) ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဝဏ္ဏကျော်ဆင် ဦးယော။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ထုတ်ဝေသည်၊ အယ်ဒီတာ—ဦးသာတင်။
တယ်လီဖုန်း—မြောက် ၅၁၇၊ သီရိမင်္ဂလာကုန်းမြေ ရေကူး၊ ရန်ကုန်မြို့။

ဤမျက်နှာဖုံးကို ကာလာမောင်ဝင်း ပုံနှိပ်တိုက်တွင် ရိုက်သည်။